# ကြေးမုံ

The Mirror

Established in 1957

၁၉၅၇ ဖေ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ သောကြာနေ့ (31-10-2014) (၀၁၀)


သူတော်ကောင်းတရားကို ကောင်းစွာကျင့်ရာ၏၊ မကောင်းသဖြင့် မကျင့်ရာ။ သူတော်ကောင်းတရားကို ကျင့်သော သူသည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ချမ်းသာစွာ နေရ၏။

(ဓမ္မပဒ)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ နယူးဇီလန်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ နယူးဇီလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဘရစ် ရာတာ ရှတ်ပတ်သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**(ယာပုံ)**

**တက်ရောက်**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



## မိုးရွာသွန်းမှု

၃၀-၁၀-၂၀၁၄

ဘားအံ(စိုက်ပျိုးရေး)

၂ ဒသမ ၃၆ လက်မ

ကျိုက်မရော

သုည ဒသမ ၅၉ လက်မ

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

သတင်းနှင့် ဓာတ်ပုံ

ခင်ဇာလီ(ကြေးမုံ)

# မြန်မာ့ရုပ်သေးပွဲ ကမ္ဘာ့အလယ်တွင် ပေါ်လွင်ထင်ရှားတင့်တယ်



ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပမည့် ကမ္ဘာ့ရုပ်သေးပွဲတော်တွင် ထိုင်းနိုင်ငံယဉ်ကျေးမှုဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး Sirinchaya Guntiya ၏ ဖိတ်ကြားမှုဖြင့် မြန်မာကိုယ်စားပြု ထွေးဦး(မြန်မာ) ရုပ်သေးအဖွဲ့ သွားရောက်ကပြမည်ဖြစ်သည်။ နိုင်ငံပေါင်း ၆၆ နိုင်ငံမှ ၁၁၄ အဖွဲ့ တက်ရောက်ကြမည်ဖြစ်ပြီး အာရှနိုင်ငံ ရှစ်နိုင်ငံမှ ၁၁ ဖွဲ့ပါဝင်မည်ဖြစ်သည်။ ပွဲတော်ကျင်းပရခြင်းမှာ နိုင်ငံအသီးသီးရှိ ရုပ်သေး အနုပညာရှင်တို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုများကို ထုတ်ဖော်ပြသဖလှယ်ခွင့် ရရှိစေရန်ဖြစ်သည်။

ထွေးဦး(မြန်မာ)တည်ထောင်သူ ဦးခင်မောင်ထွေးက "ဦးထွေးတို့ ဒီတစ်ခေါက် နိုဝင်ဘာ ၂ ရက် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှာရှိတဲ့ တော်ဝင်အမျိုးသားပြဇာတ်ရုံမှာ မြန်မာနိုင်ငံကိုယ်စားပြုကပြမှာပါ။ မနှစ်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့မှာ ပွဲပြုလုပ်တော့ သူတို့ကဆက်သွယ်တယ်။ ဖွင့်ပွဲမှာ အင်ဒိုနီးရှားသမ္မတ တက်ရောက်မယ်။ မိတ်ဆက်တဲ့အနေနဲ့ ဖျော်ဖြေရမယ်ဆိုတော့ အခွင့်ရတုန်း ကိုယ့်မြန်မာ့ယဉ်ကျေးမှုကို ပြရမယ်ဆိုပြီး ဝမ်းသာသွားတာပေါ့။ ဒါပေမယ့်လည်း တကယ်တမ်း လေယာဉ်လက်မှတ်ခက သိန်း ၃၀ လောက်ကုန်ကျမယ်ဆိုတော့ ဦးထွေးတို့ မတတ်နိုင်တော့ဘူး၊ သူတို့ဘက်ကလည်း လေယာဉ်လက်မှတ်ခပေးတဲ့ထုံးစံလည်းမရှိတော့ နောက်ဆုံးအချိန်ကျမှ မလာဖြစ်တော့ဘူးလို့ ပြောလိုက်ရတယ်။ "ဒီနှစ်ထိုင်းနိုင်ငံ ဗန်ကောက်မှာလုပ်တော့ သူတို့က ထပ်ဖိတ်တယ်၊ လာစေချင်တယ်။ ဦးထွေးတို့ ခြောက်ယောက်သွားမယ်။ ခါတိုင်း နိုင်ငံခြားပွဲတွေတုန်းက အချိန်ကနည်းနည်းပဲရတော့ ပဒေသာကကွက်လေးတွေပဲ ကပြဖြစ်တယ်။ ခေါင်းစဉ်တွေ ဘာတွေမရှိဘူး။ အခုကမ္ဘာ့ရုပ်သေးပွဲမှာတော့ မြန်မာ့ရုပ်သေးပွဲဆိုတဲ့ ခေါင်းစဉ်နဲ့ ကပြမယ်"။

"ဦးထွေးတို့ မြန်မာပြည်မှာက ဘုရားပွဲရက်တွေဆို ရုပ်သေးပွဲတွေကို တစ်ညလုံး ကပြဖျော်ဖြေကြတာလေ။ အဲလိုကပြတဲ့ ထုံးစံလေးတွေသိအောင် ပြချင်တယ်၊ အချိန်တစ်နာရီပဲရတော့ အချိန်တိုအတွင်းဝင်အောင် ပဒေသာကကွက်တွေအပြင် သောတ္ထိတေနသမ္ဘုလဇာတ်တော်ကြီးတွေကိုပါ ကမယ်။ အဆုံးသတ်ကိုတော့ ဦးရွှေရိုး ဒေါ်မိုးနဲ့ ပိတ်လိုက်မယ်။ ၂၀၁၂ စင်ကာပူမှာ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖




## မှန် ဒေါက်တာ

ကားမှန် (မှန်စပေါ့) နှင့် အက်ကြောင်းရှည် များကို U.S.A. ဆေး + စက် + နည်းပညာ ဖြင့် ပြုပြင်ပေးပါသည်။

အိမ်အရောက်ဝန်ဆောင်မှုပေးပါသည်။ (+ကား ၁၅၀၀၀ ကျပ်)

ကား မှန် မျိုးစုံ ရပြီ။

ရန်ကုန် (၁) - သံသုမာလမ်း၊ မြန်မာ့ဂုဏ်ရောင် အိမ်ယာ မျက်နှာချင်းဆိုင်၊ တာမွေ။

(၂) - သမာဓိ ဆိုင်၊ မြင်တော်သာလမ်း၊ မြရတနာ ရုပ်ရှင်ရုံရှေ့၊ သာကေတ။

✆: 09-4211 51119, 09-4500 54449

မန္တလေး - အဆောင် (ဃ)၊ အခန်း (၇)၊ ပြည်ကြီးမျက်ရှင်ကားဝင်း၊ (လမ်း၆၀၊ ၃၇-၃၈ကြား)။

✆: 09-7322 9563, 09-2506 38611

ခေတ်မီလှပသော ကြံ့တိုင်းအောင် မျက်နှာကျက် တပ်ဆင်ပါ

၁၀ ပေပတ်လည် (တစ်ကျင်း) ➡ အပြီးအစီး ၇၀၀၀၀ ကျပ်

(ပစ္စည်းဖိုး၊ တပ်ဆင်ခ၊ သယ်ယူစရိတ် အားလုံးပါဝင်ပြီး)

အရည်အသွေးကောင်း မျက်နှာကျက်ပြား (2′ x 2′)

T-Bar, L-Bar များကိုသာ သုံးစွဲတပ်ဆင်ပေးသည်။



❖ အပူဒဏ် နှင့် ဆူညံသံ လျော့ပါးစေသည်။ ❖ ဆေးသုတ်ရန်မလိုပါ။

ဆက်သွယ်ရန် - 01-541 018, 01-450 783, 09-730 20031

**ကြေးမုံ စာ တည်း ရှု ထောင့်** **၃၁-၁၀-၂၀၁၄၊ သောကြာနေ့**

# အကျိုးကြီးမားသောရေ

"ရေအသက်တစ်မနက်၊ ထမင်းအသက်ခုနစ်ရက်"ဟုဆိုကြသည်။ ရေ၏အကျိုးကြီးမားပုံကို တင်စားပြောဆိုကြခြင်းဖြစ်သည်။ ရေသည် လူသားများ အသက်ရှင်ရပ်တည်နိုင်ရေးအတွက် နိစ္စဓူဝမဖြစ်မနေအသုံးပြုနေရသော ပစ္စည်းဖြစ်သည်။ လူတို့သန့်ရှင်းစင်ကြယ်စေရန်အတွက် သုံးရေကို အသုံးပြုကြသလို လူတို့ကျန်းမာရေးအတွက် သန့်ရှင်းသောသောက်သုံးရေလည်း သုံးစွဲရပါသည်။

ထိုသို့ အကျိုးများသောရေသည် လူတို့အတွက် တန်ဖိုးကြီးမားသော်လည်း ထိုရေကို လူတို့အလေးဂရုမပြုမိချေ။ သင့်သလိုသုံးစွဲနေကြသည်က များသည်။ မကြာသေးမီက အညာဒေသ ကျေးလက်တစ်နေရာတွင် အာဆင်းနစ်ဓာတ်များသောရေကို သောက်သုံးမိ၍ ကျေးရွာနေပြည်သူများ ကျန်းမာရေးထိခိုက်ခဲ့ရကြောင်း ကြားသိလိုက်ရပေသည်။

မည်သည့်ရေမဆို ကျန်းမာရေးအတွက် သုံးရေထက် သောက်ရေက ပို၍အရေးကြီးသည်။ သန့်ရှင်းသော သောက်သုံးရေဖြစ်ကြောင်း သတိမူမိရန်လိုမည်။ ရေရှားပါးသော ရပ်ဝန်းများတွင် ရရာရေကို သုံးစွဲကြမည်မှာ ဓမ္မတာဖြစ်မည်။ ထိုအရပ်ရှိရေမှာ သန့်ရှင်းမှုမရှိပါက နားလည်တတ်ကျွမ်းသူတို့ကို အသိပေးရပေလိမ့်မည်။ ထိုနားလည်သိရှိသူတို့ကလည်း သက်ဆိုင်ရာသို့အသိပေး၍ ဝိုင်းဝန်းအဖြေရှာကြရပေလိမ့်မည်။

အချို့ရေပေါများသောနေရာအချို့၌မူ ရေကိုဖောဖောသီသီသုံးစွဲကြသဖြင့် တန်ဖိုးကြီးမားသောရေများ အဟောသိကံဖြစ်နေကြရသည်ကိုလည်း တွေ့မြင်နေရသည်။ ရေကိုထိရောက်စွာ အသုံးချနိုင်စေရန် နားမလည်၍သော်လည်းကောင်း၊ ငွေကြေးနှင့်နည်းပညာအင်အား မတတ်နိုင်သဖြင့် အသုံးမချနိုင်၍သော်လည်းကောင်း ရှိပေလိမ့်မည်။

မြန်မာနိုင်ငံအနေဖြင့် မိုးနည်းရေရှား ရပ်ဝန်းဒေသများမှလွဲ၍ ကျန်ဒေသများတွင် သောက်ရေသုံးရေ ပေါများလှသည်။ မိုးနည်းရေရှားဒေသများတွင်ပင် ယခုအခါ နိုင်ငံတော်၏ စေတနာရှေ့ထားဆောင်ရွက်ပေးမှုများကြောင့် မြေအောက်ရေများ ရရှိနေပြီဖြစ်သည်။ အကျိုးများသောရေကို တန်ဖိုးရှိရှိ အသုံးချတတ်ဖို့သာ လိုရင်းဖြစ်သည်။

မကြာသေးမီရက်ပိုင်းအတွင်းက နေပြည်တော်တွင် အမျိုးသားအဆင့် ရေညီလာခံကြီးကို ကျင်းပခဲ့သည်။ ထိုရေညီလာခံမှ ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ သက်ဆိုင်ရာဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ပေါင်းစပ်ညှိနှိုင်းအဖြေရှာနိုင်မှုကြောင့် ရေနှင့်ပတ်သက်သည့် တန်ဖိုးမဖြတ်နိုင်သော အကျိုးရလဒ်များ ဖော်ထုတ်နိုင်ခဲ့သည်။ ထိုရလဒ်များကို လိုနေသောနေရာများသို့ မျှဝေပေးနိုင်လိမ့်မည်။ သက်ဆိုင်သူများနှင့် စေတနာရှင်များက ဖြည့်ဆည်းပေးနိုင်လိမ့်မည်ဟု မျှော်လင့်မိသည်။

လက်ငင်းလိုအပ်ချက်မှာ ရေလိုသောနေရာများတွင် ရေဖြည့်ဆည်းပေးနိုင်ရေး၊ ရေပေါသောနေရာများတွင် ရေစွမ်းအင်ကို ထိထိရောက်ရောက် အသုံးချနိုင်ရေးနှင့် ကျေးလက်များတွင် သန့်ရှင်းသော သောက်သုံးရေကို အသုံးပြုနိုင်ရေးအတွက် ဝိုင်းဝန်းအဖြေရှာ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဆက်လက်ကြိုးပမ်း အားထုတ်ကြရပေလိမ့်မည်။

ရေညီလာခံတွင် မြန်မာနိုင်ငံ၌ သောက်သုံးရေ အရည်အသွေး သတ်မှတ်ချက်အား အမြန်ဆုံးထုတ်ပြန်နိုင်ရန်၊ ရေထုညစ်ညမ်းမှုနှင့် ပတ်သက်၍ သက်ဆိုင်ရာဌာနများနှင့် ကျွမ်းကျင်သူပညာရှင်အဖွဲ့ဝင်များပါ ပေါင်းစပ်စုစည်းပြီး အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းဆောင်ရွက်ပေးရန်နှင့် နိုင်ငံတကာအသိအမှတ်ပြု ဓာတ်ခွဲခန်းများပါဝင်သည့် ဘက်စုံအချက်အလက် စုဆောင်းထားရှိသော အခြေခံစနစ်တည်ထောင်ရန်မူတို့ကို ချမှတ်နိုင်ခဲ့သဖြင့် ရေနှင့်ပတ်သက်၍ အဖိုးတန်သော အကျိုးရလဒ်ကောင်းများ ရရှိလာသည်။

သို့ဖြစ်ရာ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ ရေကိုအဆင့်မြင့်မြင့် စစ်ဆေးနိုင်ရေးအတွက် ရရှိထားသော အခွင့်အလမ်းကောင်းများကို အသုံးချပြီး ကျေးလက်နေပြည်သူများ ကျန်းမာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းအား ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းအား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဌာနေကိုယ်စားလှယ် Mr. Giusppe DE VINCENTIIS နှင့် အရှေ့တောင်အာရှဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး Mr.James Lynch တို့သည် ယနေ့ညနေ ၃ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မွန်၊ ကရင်၊ ရခိုင်ပြည်နယ်တို့နှင့် တနင်္သာရီတိုင်းဒေသကြီးတို့၌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် UNHCR တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

အလားတူ ညနေ ၄ နာရီတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ အရှေ့တောင်အာရှဒေသဆိုင်ရာ ကိုယ်စားလှယ် Ms.Matilda Bogner နှင့်တွေ့ဆုံ၍ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဘက်စုံမဟာဗျူဟာ စီမံကိန်းလုပ်ငန်း စီမံချက်လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၃၀**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၅၂၇၀၀ | - | ၆၅၃၇၀၀ |
| မန္တလေး | ရွှေဈေး | ၆၅၂၇၀၀ | - | ၆၅၃၇၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၁၁၈၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၉၄၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၀၆.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၆၉.၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၆၄.၆၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၀.၈၈၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၅.၉၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆.၄၁၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၂၃.၀၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၅.၄၆၀ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၈၈၂.၇၃ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၈၆.၇၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း




## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်အကျဉ်း

**၃၁-၁၀-၂၀၁၄ (သောကြာနေ့)**

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၈း၃၀ "ကောင်းခြင်းအလှတို့ဝေဖြာ မြန်မာ့ရိုးရာခြင်းလုံးပညာ"
- ၁၁း၄၅ ပျော်ရွှင်စေသောနေ့ရက်များ "ရှုံးနိုင်တယ်" (အပိုင်း-၈)
- ၁၂း၂၅ ပြည်သူ့အတွက် ကြိုးပမ်းမှုပုံရိပ်များ
- ၁၂း၄၀ ဆေးရောင်စုံရုပ်ရှင် "ခပ်စိမ်းစိမ်းနေပေ့ါမယ်" (ရဲအောင်၊ ဇေယျ၊ မို့မို့မြင့်အောင်၊ သန်းသန်းစိုး၊ မေဆွိ) (ဒါရိုက်တာ-အောင်မြင့်မြတ်)
- ၄း၄၅ "ပအိုဝ်းဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆီသို့" (ပင်လောင်းမြို့နယ်)
- ၆း၃၅ "ရန်ကုန်ပြည်သူ့ဆေးရုံကြီးအဆင့်မြှင့်တင်မှု"
- ၇း၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီပန်းတစ်ပွင့်"(အပိုင်း-၇၃)

# မြန်မာ-ကုလသမဂ္ဂဆက်ဆံရေး တိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၀**

ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဆက်ဆံရေး ဆပ်ကော်မတီဥက္ကဋ္ဌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ အတွင်းရေးမှူးချုပ် မစ္စတာ မူခီဆာကီတူရီအား အောက်တိုဘာ ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံတို့ အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မစ္စတာ မူခီဆာကီတူရီ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် ရွှေနန်းတော်ဟိုတယ်၌ ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ အစ္စရေးနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



**နေပြည်တော်  အောက်တိုဘာ  ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီးမစ္စတာ ဒန်နီရဲ(လ်) ဇွန်ရှိုင်းသည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာပုံ)**

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ရွှေတိဂုံစေတီတော် မသိုးသင်္ကန်းပွဲတော်၌ ညအိပ်စာရင်း တိုင်ကြားရန်လို

**ရန်ကုန် အောက်တိုဘာ ၃၀**

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အကြိမ်(၃၀)မြောက် မသိုးသင်္ကန်းယှဉ်ပြိုင်ရက်လုပ်ပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက် အဖိတ်နေ့(နိုဝင်ဘာ ၅ ရက်) ညနေပိုင်းတွင် စေတီတော်ရင်ပြင် ရာဟုထောင့် အောင်မြေ၌ ကျင်းပမည်ဖြစ်သည်။

ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ပြီးစီးသည့် မသိုးရွှေကြာသင်္ကန်းတော်များကို တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၆ ရက်) နံနက်ပိုင်းတွင် စေတီတော်ဂေါပကအဖွဲ့က ဦးဆောင်ကာ ရွှေတိဂုံစေတီတော်နှင့်စေတီတော်ရင်ပြင်ရှိ အရံစေတီများ၌ ဆက်ကပ်လှူဒါန်းပူဇော်ကြမည်ဖြစ်သည်။

ဘုရားဖူးလာပြည်သူများ၏ လုံခြုံရေးအတွက် စိစစ်ဆောင်ရွက်နိုင်ရန် အဆိုပါရက်များအတွင်း ရွှေတိဂုံစေတီတော်၌ ညအိပ်ကုသိုလ်ပြုကြမည့် ဘုရားဖူးပြည်သူအားလုံး မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ယူဆောင်လာကြရန်နှင့် ညအိပ်စာရင်းကို တိုင်ကြားကြရန် စေတီတော်ဂေါပကအဖွဲ့က အသိပေးနှိုးဆော်ထားသည်။

**(ကိုချစ်)**

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီး မစ္စတာ ပီတာလီရှော့တ်ဟန်ဆန်အား လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ပီတာလီရှော့တ်ဟန်ဆန်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏သံအမတ်ခန့်အပ်လွှာကိုပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းညွန့်နှင့် သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## ဥတုရာသီ တောက်ပမှု၏

❖ **ရှေ့ဖုံးမှ**

အောင်မြင်ခဲ့တဲ့ပွဲလို ဆိုင်းအခွံကြီးတွေ၊ တကယ့်အဆိုတော်ကြီးတွေမပါပေမယ့် စနစ်တကျနဲ့ မြန်မာ့ရုပ်သေးဆိုတာ ဒီလိုပါလားဆိုတာ ကမ္ဘာကသိသည်ထက် ပိုသိအောင် မြန်မာ့ရုပ်သေး ကမ္ဘာ့အလယ်ဝင့်ထည်နေအောင် အကောင်းဆုံးကပြခဲ့မယ်”ဟု ပြောကြားခဲ့သည်။

ရုပ်သေးအနုပညာသည် လူကိုယ်တိုင်အစား အရုပ်ကလေးများကို လှုပ်ရှားကပြသရုပ်ဆောင်စေသည့် ပွဲသဘင်ဖြစ်သည်။ ရုပ်သေးသဘင် ပေါ်ပေါက်လာရခြင်း၏အကြောင်းရင်းမှာ သက်မဲ့အရုပ်ကလေးများကို နည်းအမျိုးမျိုးဖြင့် အသက်ဝင်လှုပ်ရှားအောင် ကြံစည်တီထွင်သည့် မြန်မာ့လက်မှုပညာ၏ ကြိုးပမ်းမှုပင်ဖြစ်သည်။ မြန်မာ့ရုပ်သေးသဘင်သည် ရှေးမြန်မာဘုရင်များလက်ထက်ကတည်းက အရေးပေး မြှောက်စားခြင်းခံခဲ့ရသည်။ မြန်မာ့ရုပ်သေးသည် သီချင်းသီဆိုမှုအလိုက် ကြိုးဆွဲသူ၊ သီဆိုသူ၊ တီးမှုတ်သူ သုံးဦးတစ်ပြိုင်နက် အကွက်ကျဆီလျော်အောင် ကပြလှုပ်ရှားရသည့်အတွက် နှစ်ကိုယ့်တစ်စိတ်၊ သုံးကိုယ့်တစ်စိတ်ပညာလို့ပင် ခေါ်ဆိုကြသည်။ လက်နှစ်ဖက်သာရှိသည့်လူသည် ဆယ့်ခြောက်ကြိုးမှ ကြိုးပေါင်းခြောက်ဆယ်ရှိသော ရုပ်သေးရုပ်ကို လိုသလို စည်းဝါးတကျ ခုန်ပျံလှုပ်ရှားစေပြီး သက်ရှိလူကဲ့သို့ ပွဲကြည့်ပရိသတ်ကို ငိုစေ၊ ရယ်စေ၊ မုန်းစေ၊ ချစ်စေအောင် စိတ်ကိုဆွဲဆောင်ခြယ်လှယ်နိုင်စွမ်းဖြင့် လှုပ်ရှားစေနိုင်ခြင်းမှာ ရုပ်သေးအနုပညာ၏ ခက်ခဲလေးနက်မှုများပင်ဖြစ်သည်။

ယနေ့ခေတ်တီထွင်ဆန်းသစ်လာသည့် ခေတ်သစ်ဖျော်ဖြေမှုများနှင့် အနောက်တိုင်းတေးဂီတယဉ်ကျေးမှုများ လွှမ်းမိုးလာမှုများကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာများ မတိမ်ကောမပျောက်ပျက်ရလေအောင်၊ တိုင်းတစ်ပါး ယဉ်ကျေးမှု၏ လွှမ်းမိုးခြင်းမခံရလေအောင် နိုင်ငံတော်မှ အမြော်အမြင်ကြီးစွာဖြင့် အဆင့်အတန်းမြင့်မားလှသည့် မြန်မာ့ရိုးရာယဉ်ကျေးမှုများကို ပိုမိုမြတ်နိုးထိန်းသိမ်းရေးအတွက် ၁၉၉၀ ပြည့်နှစ်မှစပြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို နှစ်စဉ်ကျင်းပပေးခဲ့သည်။

မြန်မာ့ယဉ်ကျေးမှုသည် မြန်မာပြည်သူတို့၏ နှလုံးသည်းပွတ်ဖြစ်ပြီး မြန်မာပြည်သူတို့ အလေးအမြတ်ထားအပ်သော ဘိုးဘွားပိုင် အဖိုးမဖြတ်နိုင်သည့် ရတနာအမွေအနှစ်များ ဖြစ်ပေသည်။ ခေတ်လူငယ်များအနေဖြင့်လည်း လက်ဆင့်ကမ်းထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြလျှင် မြန်မာ့ရုပ်သေးပွဲမှသည် မြန်မာ့ယဉ်ကျေးမှုများ ကမ္ဘာ့အလယ်ဝင့်ထည်လှပနေတော့မည်။

□□

AYA Bank
ရာဝတီဘဏ်
Your Trusted Partner

ASEAN
BUSINESS & INVESTMENT
SUMMIT 2014

ဧရာဝတီဘဏ်မှ
အာဆီယံ၏ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု
ထိပ်သီးအစည်းအဝေးအား ပံ့ပိုးကူညီ

၂၀၁၄ ခုနှစ် နိုဝင်ဘာလ (၁၁)ရက်နေ့မှ (၁၃)ရက်နေ့အထိ နေပြည်တော်ရှိ Myanmar International Convention Centre (II) တွင် **ASEAN Business & InvestmentSummit 2014** (အာဆီယံ၏ စီးပွားရေးနှင့် ရင်နှီးမြှုပ်နှံမှု ထိပ်သီးအစည်းအဝေး) ကို ကျင်းပပြုလုပ်မည်ဖြစ်ရာ ဒေသတွင်း ဦးဆောင်စီးပွားရေးလုပ်ငန်းများမှ အုပ်ချုပ်မှုအဖွဲ့ဝင်များ၏ ဆွေးနွေးပွဲများလည်း ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

၎င်းအခမ်းအနားကြီးအား ဧရာဝတီဘဏ်လီမိတက်မှ ဂုဏ်ယူစွာဖြင့် ပံ့ပိုးကူညီလျက်ရှိသည်။

**နိုင်ငံတကာ**

## နိုင်ငံခြားသား တိုက်ခိုက်ရေးသမားများဆိုင်ရာ ဥပဒေများ သြစတြေးလျ အတည်ပြု

**ဆစ်ဒနီ အောက်တိုဘာ ၃၀**

သြစတြေးလျနိုင်ငံတွင် လူငယ်များ အစွန်းရောက်ဝါဒီများဖြစ်လာပြီး အီရတ်နှင့် ဆီးရီးယားနိုင်ငံများ၌ ဖြစ်ပွားလျက်ရှိသည့် ပဋိပက္ခများနှင့်အလားတူ ပြည်ပ ပဋိပက္ခများအတွင်း ဝင်ရောက်တိုက်ခိုက်ခြင်းမှ ကာကွယ်ရန် ရည်ရွယ်သော ဥပဒေများကို ယနေ့အတည်ပြုလိုက်ပြီဖြစ်သည်။

အီရတ်နှင့် ဆီးရီးယားနိုင်ငံတို့၌ နိုင်ငံခြားသား တိုက်ခိုက်ရေးသမား အရေအတွက်သည် ထောင်နှင့် ချီ၍ရှိကြောင်း လုံခြုံရေး လေ့လာဆန်းစစ်သူများက ပြောသည်။

၎င်းနှစ်နိုင်ငံ၌ ပါဝင်တိုက်ခိုက်နေသည့် သြစတြေးလျနိုင်ငံသား အနည်းဆုံး ၇၀ ရှိကြောင်း၊ သြစတြေးလျအခြေစိုက် ထောက်ပံ့သူများ ၁၀၀ ခန့်ရှိကြောင်း သြစတြေးလျဝန်ကြီးချုပ် တိုနီအက်ဘော့က ပြောကြားသည်။

အစိုးရသည် လူ ၇၀ ၏ နိုင်ငံကူး လက်မှတ်များကို ဖျက်သိမ်းခဲ့ကြောင်း ဝန်ကြီးချုပ်က ပြောသည်။ **ရိုက်တာ။**

## ဂျေရုဆလင် လူနေအိမ်တည်ဆောက်မှု အစ္စရေးကို လုံခြုံရေးကောင်စီတွင် ပြင်းထန်စွာဝေဖန်

**နယူးယောက် အောက်တိုဘာ ၃၀**

သိမ်းပိုက်ထားသည့် အရှေ့ဂျေရုဆလင်၌ လူနေအိမ်များတည်ဆောက်ရန် အစီအစဉ်များနှင့် ပတ်သက်၍ အစ္စရေးနိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် ပြင်းထန်စွာဝေဖန်ခြင်းခံရကြောင်း ယနေ့ ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ယင်းသို့ အခြေချနေထိုင်ခြင်းများသည် ပါလက်စတိုင်းနှင့် ကာလရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် အစ္စရေးနိုင်ငံ၏ အစီအစဉ်များအပေါ် သံသယကြီးမားလာစေကြောင်းကုလသမဂ္ဂနိုင်ငံရေး



အစ္စရေးနိုင်ငံက သိမ်းပိုက်ခံ ဒေသများ၌ လူနေအိမ်များ တည်ဆောက်နေမှုမြင်ကွင်းကို တွေ့ရစဉ်။

အကြီးအကဲ ဂျက်ဖရေဖက်မန်းက ပြောကြားသည်။

အစ္စရေးဝန်ကြီးချုပ်က အဆောက်အအုံ ၁၀၀၀ ဆောက်လုပ်ရေး စီမံကိန်းကို ဆက်လက် အကောင်အထည်ဖော်ရန် အမိန့်ပေးပြီးနောက် အဆိုပါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးကို ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

ဂျူးအခြေချ နေထိုင်ခြင်းနှင့် ဂျေရုဆလင်သည် အစ္စရေးနှင့် ပါလက်စတိုင်းတို့အကြား ရန်မီးပွားဖွယ်ရာ အဖြစ်ဆုံး ပြဿနာတို့တွင် ပါဝင်သည်။

အစ္စရေးက ပါလက်စတိုင်းနယ်မြေအတွင်း၌ တိုး၍ အခြေချနေထိုင်ခြင်းသည် နိုင်ငံတကာဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်ဟု ဖက်မန်းက ပြောသည်။

အစ္စရေး၏ အရင်းနှီးဆုံးမိတ်ဆွေ အမေရိကန်ပြည်ထောင်စုက အစ္စရေး၏ အပြုအမူသည် ရန်စမှုဖြစ်သည်ဟု ခေါ်ဆိုလိုက်ပြီး အလွန်စိုးရိမ်ပူပန်ကြောင်း ပြောကြားခဲ့သည်။

**ဘီဘီစီ။**

## လာမည့်နှစ်တွင် ကျင်းပမည့် သမ္မတရွေးချယ်ပွဲ၌ နိုင်ဂျီးရီးယားသမ္မတ ဂျိုနာသန် ထပ်မံယှဉ်ပြိုင်မည်



**လေဂို့စ် အောက်တိုဘာ ၃၀**

လာမည့်နှစ်ဖေဖော်ဝါရီလတွင် ကျင်းပမည့် သမ္မတရွေးချယ်ပွဲ၌ ၎င်းထပ်မံယှဉ်ပြိုင်မည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားသမ္မတ ဂွတ်ဒ်လပ်ဒ်ဂျိုနာသန်က အတည်ပြုပြောကြားကြောင်း ၎င်း၏ ရုံးမှ ထုတ်ဖော်ပြောကြားသည်။

ယင်းထုတ်ဖော်ပြောကြားချက်မပြုမီအချိန်အထိ လာမည့်နှစ် သမ္မတရွေးကောက်ပွဲ၌ သမ္မတလောင်းအဖြစ် ဝင်ရောက်ရွေးချယ်ခံရရန် အတည်ပြုထားသည်ကိုမူ ၎င်းက ငြင်းဆိုထားသည်။

နိုင်ဂျီးရီးယားနိုင်ငံတွင်းမှ ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့နှင့် ၎င်းတို့ပြန်ပေးဆွဲထားသော ကျောင်းသူလေး ၂၀၀ ကျော်တို့၏ အရေးကိစ္စအပေါ် နိုင်ဂျီးရီးယားသမ္မတ၏ ကိုင်တွယ် ဆောင်ရွက်ပုံများအား ဝေဖန်ပြောကြားမှုများ မြင့်တက်လာနေစဉ်အတွင်း အထက်ပါ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့က နိုင်ဂျီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ မူဘီမြို့အား သိမ်းပိုက်ထိန်းချုပ်ထားကြောင်း သတင်းများ ထွက်ပေါ်နေသည်။

ပြန်ပေးဆွဲခံရသောကျောင်းသူများ ပြန်လည်လွတ်မြောက်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ယခုလအစောပိုင်းက နိုင်ဂျီးရီးယားအစိုးရက ဘိုကိုဟာရမ်စစ်သွေးကြွအဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတစ်ရပ် ရယူခဲ့သည်။

**ထွက်ပြေးတိမ်းရှောင်**

နိုင်ဂျီးရီးယားအစိုးရနှင့် ဘိုကိုဟာရမ်စစ်သွေးကြွများ၏ လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် ယင်းနိုင်ငံ အရှေ့မြောက်ပိုင်းဒေသရှိ ဘိုကိုဟာရမ်အဖွဲ့၏ အမာခံခြေကုပ်စခန်းဒေသမှ ပြည်သူထောင်ပေါင်းများစွာတို့မှာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ဘိုကိုဟာရမ်စစ်သွေးကြွများက မူဘီမြို့တွင် ၎င်းတို့၏ တိုက်ခိုက်မှုကို ပိုမိုတိုးမြှင့်လာပြီး ၎င်းမြို့တွင်းသို့ ဝင်ရောက်ရာလမ်းကြောင်းများကိုလည်း ပိတ်ဆို့ထားကြောင်း ဒေသခံများက ဘီဘီစီသို့ ပြောကြားသည်။ **ဘီဘီစီ။**

## ဆိုင်ကလုန်း နီလိုဖာအား ရင်ဆိုင်ရန် ဂူဂျာရတ်ပြည်နယ်တွင် ပြင်ဆင်

**နယူးဒေလီ အောက်တိုဘာ ၃၀**

အင်အားပြင်းထန်သောဆိုင်ကလုန်းမုန်တိုင်းတစ်ခု အိန္ဒိယနိုင်ငံ အနောက်ဘက်ကမ်းခြေဒေသသို့ ဦးတည်လာနေစဉ်တွင် အိန္ဒိယအာဏာပိုင်များက ယင်းဒေသမှ ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခြင်းကို အောက်တိုဘာ ၃၀ ရက်တွင် စတင်ပြုလုပ်ပေးနေပြီဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းများ၌ ဖော်ပြသည်။

ဆိုင်ကလုန်းမုန်တိုင်း နီလိုဖာသည် အဖျက်စွမ်းအားပြင်းထန်သော မုန်တိုင်းဖြစ်ကြောင်း ရာသီဥတုခန့်မှန်းသူများက ပြောကြားပြီး နိုဝင်ဘာ ၁ ရက် အစောပိုင်းတွင် ဂူဂျာရတ်ပြည်နယ်သို့ ဖြတ်သန်းတိုက်ခတ်မည်ဟု ခန့်မှန်းထားသည်။

မုန်တိုင်းတိုက်ခတ်စဉ် လေတိုက်နှုန်းမှာ တစ်နာရီလျှင် ကီလိုမီတာ၁၃၀(မိုင်၈၀)ခန့်ထိ ရှိနိုင်ကြောင်း အိန္ဒိယနိုင်ငံ မိုးလေဝသဌာနက ခန့်မှန်းဖော်ပြသည်။

ဆိုင်ကလုန်းမိုင်တိုင်း နီလိုဖာသည် ပါကစ္စတန်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် ကရာချိမြို့၏ ကီလိုမီတာ ၂၅၀(၁၅၅မိုင်) အကွာမှ ဖြတ်သန်းတိုက်ခတ်သွားမည်ဟု ခန့်မှန်းထားကြောင်း ဒေသဆိုင်ရာ မိုးလေဝသ တာဝန်ရှိသူများက ပြောကြားသည်။




မုန်တိုင်းဒဏ်ကြောင့် ဖြစ်ပွားလာမည့် ဘေးဒုက္ခများအတွက် ရှာဖွေကယ်ဆယ်ရေးနှင့် ကယ်တင်စောင့်ရှောက်ရေးလုပ်ငန်းများ ဂူဂျာရတ်ပြည်နယ်၌ စတင်ဆောင်ရွက်စဉ်။

ပါကစ္စတန်နိုင်ငံ ပင်လယ်ဆိပ်ကမ်းတစ်လျှောက်ရှိ ကျေးရွာများမှ ပြည်သူများအား ပြောင်းရွှေ့ပေးရန် ပြင်ဆင်ထားပြီး ပင်လယ်ကမ်းခြေရှိ စားသောက်ဆိုင်များအား ပိတ်ထားရန် ပါကစ္စတန်အမျိုးသား သဘာဝဘေး စီမံခန့်ခွဲမှု အာဏာပိုင်များက တရားဝင်ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ် အာဏာပိုင်များက ကမ်းခြေခရိုင်တစ်ခုဖြစ်သည့် ကုချ်ခရိုင်၌ မုန်တိုင်းကြောင့် မိုးသည်းထန်ကာ မြေပြိုမှုများ ဖြစ်ပွားနိုင်သဖြင့် ယင်းဒေသတွင်းမှ လူဦးရေ ၃၀၀၀၀ ကျော်ကို စတင်ပြောင်းရွှေ့ပေးနေပြီဖြစ်ကြောင်း ပြည်နယ်အထက်တန်းတာဝန်ရှိသူများက အေအက်ဖ်ပီသို့ ပြောကြားသည်။

မုန်တိုင်းဘေးကယ်ဆယ်ရေးစခန်း ၂၀၀ ခန့်ကို ဖွင့်လှစ်ထားပြီး ဂူဂျာရတ်ပြည်နယ် ကမ်းခြေဒေသခရိုင်များမှ စာသင်ကျောင်းများနှင့် ကောလိပ်ကျောင်းများကို နှစ်ရက်ကြာပိတ်ထားသည်ဟု သတင်းများ၌ ဖော်ပြသည်။

**ပီတီအိုင်။**

## ပါကစ္စတန်တွင် အမေရိကန်မောင်းသူမဲ့ လေယာဉ်တိုက်ခိုက် စစ်သွေးကြွငါးဦး သေဆုံး

**အစ္စလမ္မာဘတ် အောက်တိုဘာ ၃၀**

အာဖဂန်နိုင်ငံနှင့် နယ်စပ်ချင်းထိနေသော ပါကစ္စတန်နိုင်ငံ မျိုးနွယ်စုများဒေသ၌ ကြာသပတေးနေ့တွင် အမေရိကန်မောင်းသူမဲ့ လေယာဉ်ဟုယူဆရသော လေယာဉ်၏ တိုက်ခိုက်မှုကြောင့် အနည်းဆုံးစစ်သွေးကြွငါးဦး သေဆုံးကြောင်း၊ သေဆုံးသူများတွင် ထိပ်တန်းအာရပ်တပ်မှူးတစ်ဦး ပါဝင်သည်ဟု ဒေသခံရွာသားများက ပြောကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

ယခုလအတွင်း၌ အမေရိကန်မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုမှာ ပြန်လည်မြင့်တက်လာခဲ့ရာ ယခုရက်သတ္တတစ်ပတ်အတွင်း မျိုးနွယ်စု နယ်မြေရှိ ပစ်မှတ်များကို အကြိမ်ကြိမ် တိုက်ခိုက်ခဲ့သည်။

အမေရိကန်နှင့် ဗြိတိသျှ တိုက်ခိုက်ရေးတပ်ဖွဲ့များ အိမ်နီးချင်းအာဖဂန်နစ္စတန်နိုင်ငံမှ တရားဝင်ထွက်ခွာသွားကြပြီးနောက် ရက်ပိုင်းအတွင်း ဤတိုက်ခိုက်မှု ပေါ်ပေါက်လာခဲ့သည်။

သေဆုံးသူအလောင်းများကို မဖော်ပြနိုင်သော အရပ်ဆီသို့ သယ်ဆောင်သွားကြောင်း၊ အမည်မသိရသော အာရပ်တပ်မှူးတစ်ဦး ပါဝင်သည်ဟု ဒေသခံစစ်သွေးကြွများထံမှ သိရှိရကြောင်း တောင်ဝါဇီရစ္စတန်မှ ရွာသားတစ်ဦးက ပြောသည်။

**လာရောက်နေထိုင်**

မြောက်ဝါဇီရစ္စတန်ရှိ မျိုးနွယ်စုတို့ဒေသတွင် ပါကစ္စတန်တပ်မတော်က ကြီးမားသောထိုးစစ်ဆင်နွှဲသောအခါ ထွက်ပြေးလာကြသော နိုင်ငံခြားဧည့်သည်များသည် အဆိုပါပစ်မှတ်အိမ်ကြီးသို့ လာရောက်နေထိုင်ကြကြောင်း အမည်မဖော်လိုသူ အခြားရွာသားတစ်ဦးက ပြောသည်။

ပါကစ္စတန်အစိုးရနှင့် တာလီဘန်အဖွဲ့တို့ ငြိမ်းချမ်းရေးဆွေးနွေးစဉ် မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုရပ်နားထားခဲ့သော်လည်း မြောက်ဝါဇီရစ္စတန်၌ ဇွန်လတွင် တာလီဘန်တို့ကို ထိုးစစ်ဆင်နွှဲကြောင်း စစ်ဘက်ကမကြေညာမီ လေးရက်အလိုတွင် ပြန်လည်စတင်ခဲ့သည်။ **ရိုက်တာ။**

ပြည်တွင်းရေးရာ

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

## ဒိန်းမတ်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး H.E.Mr.Peter Lysholt Hansen အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**



# အသိပေးကြေညာချက်

**နေပြည်တော် အောက်တိုဘာ ၃၀**

နေပြည်တော်တွင် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများကျင်းပစဉ်အတွင်း လုံခြုံရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁ ရက်နေ့ နံနက် ၆ နာရီမှစတင်၍ နိုဝင်ဘာ ၁၄ ရက်နေ့ ညနေ ၆ နာရီအထိ အဝေးပြေးနှင့်မြို့တွင်း ခရီးသည်တင်ယာဉ်များ၊ လုပ်ငန်းသုံးယာဉ်များအား ရာဇသင်္ဂဟလမ်း တစ်လျှောက် သပြေကုန်းအဝိုင်းမှ ကံ့ကော်ပန်းအဝိုင်းအထိနှင့် တော်ဝင်ရတနာလမ်းအား ရွှေကြာပင်မီးပွိုင့်မှ တော်ဝင်ရတနာလမ်းဆုံမီးပွိုင့် (တံ့ဂပူရိမီးပွိုင့်)အထိ လမ်းပိတ်ထားမည်ဖြစ်ပါသည်။

အဆိုပါ လမ်းများအစား တော်ဝင်ရတနာလမ်းတွင် နေပြည်တော် စည်ပင်ဧည့်ရိပ်သာရှေ့ မီးပွိုင့်မှ ရွှေကြာပင်လမ်းနှင့် ရွှေပြည်တော်ဝင်လမ်းများသို့ ပြောင်းလဲမောင်းနှင်အသုံးပြုကြပါရန် အသိပေးကြေညာအပ်ပါသည်။

**(ယာဉ်ထိန်းရဲတပ်ဖွဲ့)**

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၀**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်(၁၁)ကြိမ်မြောက် အစည်းအဝေး(၂၁) ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ထပ်မံပေးပို့ထားသော ကိုရီးယားသမ္မတနိုင်ငံ Daedong Industrial Co.,Ltd. ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ တန်ဖိုးရှိ လယ်ယာသုံးစက်ကိရိယာများကို အရစ်ကျငွေချေစနစ်ဖြင့် ဝယ်ယူရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခဲ့ကြသည်။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး မိုးကျော်ဦးက တောင်သူလယ်သမားများ၏ဘဝ တိုးတက်မြင့်မားရေးအတွက် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ယင်းသို့စီမံဆောင်ရွက်ပေးရမည်ဖြစ်သည်နှင့်အညီ အဖြစ်နိုင်ဆုံးနည်းလမ်းမှာ ယခုချေးငွေသန်း ၁၀၀ တန်ဖိုးရှိလယ်ယာသုံးစက်ကိရိယာများ ဝယ်ယူဆောင်ရွက်ခြင်းမှာ သင့်တော်ပါကြောင်း၊ ယခုကဲ့သို့ စီမံဆောင်ရွက်ပေးမှုမှာ စက်ကိရိယာများ ဝယ်ယူသုံးစွဲနိုင်မှုမရှိ၍ အချိန်မီ စိုက်ပျိုးရိတ်သိမ်းနိုင်ခြင်း မရှိသည့်



မင်းကင်း မဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင်။

အတွက် ဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရသည့် တောင်သူလယ်သမားများအတွက် ဆောင်ရွက်ပေးသင့်သောကြောင့် ဝယ်ယူမည့်အစီအစဉ်အား ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေက ယခုကဲ့သို့ရာသီမမှန်သည့်ကာလတွင် တောင်သူလယ်သမားများအနေဖြင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရေးကို ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း လယ်သမားများအတွက် လိုအပ်သည့် စက်ပစ္စည်းများဝယ်ယူနိုင်ရန် အရင်းအနှီးမရှိပါကြောင်း၊ ပြည်ပကုမ္ပဏီများအနေဖြင့် အတိုးနှုန်းကြီးမြင့်နေခြင်း၊ ပြန်လည်ပေးဆပ်သည့်ကာလတိုတောင်းခြင်းစသည့် အခက်အခဲများကြောင့် ငွေရှိသူများသာ ဝယ်ယူနိုင်ပြီး ငွေမရှိသည့် တောင်သူများအနေဖြင့် များစွာခက်ခဲပါကြောင်း၊ သို့ဖြစ်၍ တောင်ကိုရီးယားနိုင်ငံ၏ ချေးငွေဖြင့် ဝယ်ယူမည့် စက်ကိရိယာများမှာ အရည်အသွေးကောင်းမွန်ခြင်း၊ အတိုးနှုန်းနည်းခြင်း၊ ပြန်လည်ပေးဆပ်ရသည့်ကာလ ဝန်ထုပ်ဝန်ပိုး မဖြစ်နိုင်ခြင်းတို့ကြောင့် ခွင့်ပြုသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

မအူပင်မဲဆန္ဒနယ်မှ ဦးစိန်ဝင်းက ကိုရီးယားနိုင်ငံမှ လယ်ယာသုံးစက်ပစ္စည်းဒေါ်လာသန်း ၁၀၀ ဖိုး အကြွေးရယူဆောင်ရွက်မည့် ကိစ္စမှာ ပြည်ထောင်စုလွှတ်တော်မှ သဘောတူပြီး ပြည်ထောင်စုအစိုးရမှ တာဝန်ခံရမည့်ကိစ္စ ဖြစ်ပါကြောင်း၊ အများအယွင်းမခံနိုင်သော နိုင်ငံစီးပွားရေး အခြေအနေတွင် သေချာစွာ အောင်မြင်အောင် ဆောင်ရွက်ပြီးစီးနိုင်ရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ လက်ရှိဆောင်ရွက်နေပြီး ကျေးလက်လူထုနှင့် လုပ်ငန်းသဘောအရ ဆက်စပ်နေသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအား တာဝန်ပေးခြင်းသည် ပိုမိုအောင်မြင်



ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း။

နိုင်မည်ဖြစ်သည့်အတွက် ယင်းလုပ်ငန်းအား လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာနအား လွှဲပြောင်းပေးသင့်ပါကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

မင်းကင်း မဲဆန္ဒနယ်မှ ဒေါ်ခင်မွှေးလွင်က ယခုချေးငွေသန်း ၁၀၀ ဖြင့် ဝယ်ယူမည့် လယ်ယာသုံးစက်ကိရိယာပစ္စည်းများသည် အရည်အသွေးမီပြီး အာမခံစနစ်၊ မျှဝေပေးနိုင်မည့် နည်းပညာများနှင့် ဝန်ဆောင်မှုများမှာလည်း ကောင်းမွန်ကြောင်းကို ကြားသိရပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံအစိုးရ၏ ကူညီဆောင်ရွက်ပေးမှုများကိုလည်း အလေးထားသင့်သည့်အတွက် ယခုလို ကုမ္ပဏီမျိုးကို မိမိတို့နိုင်ငံသို့ လွတ်လပ်စွာရောင်းချနိုင်ရန် ဖိတ်ခေါ်ပြီး တောင်သူလယ်သမားများအား ကြိုက်ရောင်းကြိုက်ဝယ်စနစ်ဖြင့်လည်းကောင်း၊ ကာလရှည်အရစ်ကျချေးငွေစနစ်ဖြင့် လည်းကောင်း ဝယ်ယူနိုင်ရန် သမဝါယမဝန်ကြီးဌာနအနေဖြင့် တာဝန်ယူ၍ စီမံခန့်ခွဲခြင်းကိုသာ ဆောင်ရွက်သင့်ပါကြောင်း၊ ယခုလို စက်ကိရိယာများ ဝယ်ယူရန် တင်ပြလာခြင်းကို တိုင်းပြည်အနာဂတ်ခရီးကို ရှုမျှော်၍ အပြုသဘောဖြင့် ကန့်ကွက်ပါကြောင်း ဆွေးနွေးခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးဦးကျော်ဆန်းက တောင်သူလယ်သမားများ လယ်ယာသုံးစက်ကိရိယာများကို သုံးစွဲတတ်စေရန်နှင့် ပြုပြင်ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း ကျေးရွာတိုင်းသို့သွားရောက်လုပ်ကိုင်နိုင်ခြင်း မရှိပါကြောင်း၊ လယ်သမားများအနေဖြင့် စက်ကိရိယာဝယ်ယူသည့်ချေးငွေ ပြန်ဆပ်နိုင်ရန် နည်းလမ်းများကိုလည်း အသေးစိတ်ဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**

# သံအမတ်ကြီး ဦးကျော်စွာမင်း ၎င်း၏သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၃၁**

နော်ဝေနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စွာမင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၃ ရက်နေ့တွင် အော်စလိုမြို့၌ နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်လ်ဘုရင်မင်းမြတ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

Modern Myanmar Travels ကားမျိုးစုံ ဝင်းလုံးငှား အထူးဆောင်ရွက်ပေးသည်။
+တောင်ကြီး မီးပုံးပျံပွဲတော် + ပြင်ဦးလွင် မီးပုံးပျံပွဲတော် Nov4
+ပုဂံ၊ ညောင်ဦး (ရွှေဇီးခုံ/သီလလေးဆူ)Oct 24,31 ကျိုက်ထီးရိုး(နေ့စဉ်)
+ငွေဆောင် (သောကြာ) (၂-ညအိပ်/၃-ရက်)ခရီး အဆင့်မြင့် Hotel - 68000
+ချောင်းသာ (နေ့စဉ်) အဆင့်မြင့် Guest House Package - 32000
၂၃၆၊ ၃၉လမ်း(အထက်)၊ ကျောက်တံတား 09-450047016,09-253540004

အောင်မြင်လိုသူများအတွက်
W7 ပညာရှာ အဆင့်မြင့်ဘော်ဒါ နှင့် ဘာသာစုံ စာသင်
၅တန်းမှ ၁၀တန်း စာကျက်ဝိုင်း
၂၀၁၅အတွက် ကျောင်းအပ်လက်ခံပြီ
၅ တန်းမှ ၈ တန်းထိတစ်တန်းလျှင် - ၁၀ ဦး
၉ တန်း တစ်တန်းလျှင် - ၁၅ ဦး
၁၀ တန်း တစ်တန်းလျှင် - ၃၀ ဦး
အမှတ် ၇၇၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉၅၀၅၅၄၁၂၊ ၀၉၇၃၀၄၁၆၂၅၊ ၀၉၇၃၁၂၆၄၆၆၊

တက္ကသိုလ်စာမေးပွဲဖြေဆိုပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်
ဆရာအာသာ SUCCESS Language Academy
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

BASIC ENGLISH SPEAKING
6 - 7:30 (Mon ~ Thurs) 29 Oct
9 - 12:00 (Sat + Sun) 9 Nov
1 - 2:30 (Mon ~ Thurs) 10 Nov
10 - 11:30 (Mon ~ Thurs) 24 Nov

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon ~ Thurs) 29 Oct
1 - 4:00 (Sat + Sun) 1,23 Nov
7:30-10:30 (Sat + Sun) 9 Nov
7:30 - 9 (Mon ~ Thurs) 10 Nov
10 - 11:30 (Mon ~ Thurs) 10 Nov
3:30 - 5 (Mon ~ Thurs) 17 Nov

BASIC GRAMMAR
7:30 - 9 (Mon ~ Thurs) 3 Nov
7:30-10:30 (Sat + Sun) 8 Nov

PRE-INTERMEDIATE (4-SKILL ENGLISH)
3:30 - 5 (Mon ~ Thurs) 3 Nov
10-11:30 (Mon ~ Thurs) 10 Nov
7:30 - 9 (Mon ~ Thurs) 17 Nov
1 - 4:00 (Sat + Sat) 23 Nov

INTERMEDIATE (ACADEMIC ENGLISH)
3:30 - 5 (Mon ~ Thurs) 10 Nov
7:30 - 9 (Mon ~ Thurs) 17 Nov

VOCAB ENRICHMENT
1 - 4:00 (Sat + Sun) 2 Nov
3:30 - 5 (Mon ~ Thurs) 10 Nov

BASIC WRITING
3:30 - 5:00 (Mon ~ Thurs) 17 Nov

INTEMEDIATE WRITING
12 - 3:00 (Sat + Sun) 6 Dec

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

BASIC ENGLISH SPEAKING
12 - 3:00 (Sat + Sun) 8 Nov
7:30-10:30 (Sat + Sun) 9 Nov
10 - 11:30 (Mon ~ Thurs) 17 Nov
1 - 2:30 (Mon ~ Thurs) 24 Nov

PRE-INTERMEDIATE (4-SKILL ENGLISH)
7:30 - 9 (Mon ~ Thurs) 3 Nov
12 - 3:00 (Sat + Sun) 8 Nov
7:30-10:30 (Sat + Sun) 15 Nov

BASIC FOUR SKILLS ENGLISH
10-11:30 (Mon ~ Thurs) 10 Nov
6 - 7:30 (Mon ~ Thurs) 10 Nov
1 - 2:30 (Mon ~ Thurs) 17 Nov
3:30 - 5 (Mon ~ Thurs) 17 Nov
6 - 7:30 (Mon ~ Thurs) 9 Dec
7:30 - 9 (Mon ~ Thurs) 29 Dec

IELTS (Preparation)
1 - 4:30 (Sat + Sun) 25 Oct
7:30-9:30 (Mon ~ Thurs) 3 Nov
1 - 3:30 (Mon ~ Thurs) 17 Nov

IELTS Exam Practice
3:30 - 5 (Mon ~ Thurs) 10 Nov

IELTS (Speaking)
1 - 2:30 (Mon ~ Thurs) 10 Nov

IELTS (Reading)
10 - 12:00 (Mon ~ Thurs) 18 Nov

IELTS (Writing)
7:30 - 9 (Mon ~ Thurs) 3 Nov

# သတင်းလွတ်လပ်ခွင့်နှင့် ဥပဒေ

ဦးဟန်ညွန့်(ဥပဒေ)

**သတင်းထောက်များလာကြသည်**

ကျွန်တော်၏ရှေ့နေရုံးခန်းသို့ နေပြည်တော် ပျဉ်းမနားမြို့မှ သတင်းထောက်များ မကြာခဏလာရောက်ကြသည်။ မြို့နယ်အသီးသီးမှ သတင်းထောက်များကလည်း လူကိုယ်တိုင်မလာနိုင်ကြ၍ တယ်လီဖုန်းဖြင့်မေးကြ၊ ဆွေးနွေးကြသည်။ သူတို့သိချင်တာတွေမေးကြသည်။ ဥပဒေနှင့်ဆက်နွှယ်သော သတင်းကိစ္စများဖြစ်၍ တတ်နိုင်သမျှလေ့လာ၊ ဉာဏ်မီသမျှဖြေရသည်။ အသေးစိတ်မဟုတ်သော်လည်း အမေး၊ အဖြေများကို လိုတိုရှင်းပြန်လည်တင်ပြပါရစေ။

**သတင်းထောက်**

**"သတင်းမီဒီယာဥပဒေ"နဲ့ "ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ" ပြဋ္ဌာန်းပြီး နည်းဥပဒေတွေမထွက်သေးဘူးနော်၊ အခြေအနေရှင်းပြပါဆရာ။**

စာရေးသူ

သတင်းမီဒီယာဥပဒေက နည်းဥပဒေရေးဆွဲဆဲပါ။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေက နည်းဥပဒေများထုတ်ပြန်ပြီးပါပြီ။ ၁၀-၁၀-၂၀၁၄ ရက်စွဲနဲ့ပါ။ "ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါ နည်းဥပဒေများကို ထုတ်ပြန်လိုက်သည်"လို့ အစချီပြီး ပြန်ကြားရေးဝန်ကြီးဌာန၏ ၁၀-၁၀-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၁-၂(၆)/၂၀၁၄နဲ့ ထုတ်ပြန်ပြီးဖြစ်ပါတယ်။ အခန်းပေါင်း (၄)ခန်းပါပါတယ်။

**သတင်းထောက်**

**နည်းဥပဒေများရဲ့ထူးခြားချက် နည်းနည်းရှင်းပြပါဆရာ။**

စာရေးသူ

၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်နည်းဥပဒေများကို ဤနည်းဥပဒေများဖြင့် ရုပ်သိမ်းလိုက်သည်လို့ ဖော်ပြထားပါတယ်။ အထွေထွေပိုင်းမှာလည်း ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနှင့် ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေအရ ထုတ်ပေးထားသည့် မှတ်ပုံတင်သက်သေခံလက်မှတ်ရရှိသူများသည် ဥပဒေပုဒ်မ ၂၄ အရ ယင်းလက်မှတ်သက်တမ်းကုန်ဆုံးသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ပုံစံ ၁၂ ဖြင့် ဝန်ကြီးဌာနသို့ လျှောက်ထား၍ အခကြေးငွေ ကျပ်ငါးသောင်းပေးသွင်းပြီး အသိအမှတ်ပြုလက်မှတ်အသစ် လဲလှယ်ရယူကြရမှာဖြစ်ပါတယ်။ ဝန်ကြီးဌာနသည် ငွေသွင်းချလန်ရရှိသည့် နေ့ရက်မှစ၍ ၁၄ ရက်အတွင်း အသိအမှတ်ပြုလက်မှတ်အသစ် ထုတ်ပေးရပါမယ်။

သတင်းစာထုတ်ဝေခြင်း၊ ဂျာနယ်ထုတ်ဝေခြင်း၊ မဂ္ဂဇင်းထုတ်ဝေခြင်း၊ အထွေထွေထုတ်ဝေစာထုတ်ဝေခြင်းဆိုပြီး လုပ်ငန်းအမျိုးအစားများ သတ်မှတ်ထားပါတယ်။ လုပ်ငန်းအမျိုးအစားအလိုက် အသိအမှတ်ပြုလက်မှတ် ပုံစံ(၇)နဲ့ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသိအမှတ်ပြုလက်မှတ်ပုံစံ(၈)၊ သတင်းအေဂျင်စီလုပ်ငန်းအတွက် အသိအမှတ်ပြုလက်မှတ်ပုံစံ(၉)ကို ထုတ်ပေးမှာဖြစ်ပါတယ်။ ထုတ်ပေးသည့်နေ့ရက်မှစ၍ ငါးနှစ်အထိ သက်တမ်းရှိပါတယ်။

**သတင်းထောက်**

**ဥပဒေတွေ၊ နည်းဥပဒေတွေ စုံစုံလင်လင်ထွက်ပြီးရင် သတင်းလွတ်လပ်ခွင့် ရှိပြီလားဆရာ။**

> "သတင်းစာလွတ်လပ်ခွင့်ဟာ ဒီမိုကရေစီကို ကျင့်သုံးတဲ့ နိုင်ငံများအတွက် လိုအပ်ချက်၊ သတင်းစာအနှစ်သာရ ဖြစ်သော်ငြားလည်း သတင်းစာလွတ်လပ်ခွင့်ကို ကိုင်တွယ်သုံးစွဲရာမှာ နိုင်ငံအလိုက်မတိမ်းမယိမ်း၊ မသိမသာကွဲပြားခြားနားမှုများလည်း ရှိတတ်ကြတယ်"

စာရေးသူ

သတင်းလွတ်လပ်ခွင့်က ရှိပြီးသားပါပဲ။ လွတ်လပ်ခွင့်အပေါ်မှာ အမြင်အမျိုးမျိုးကွဲပြားနေတာပါ။ ကျင့်ဝတ်နဲ့ဥပဒေအကြောင်းလည်း သတင်းထောက်တွေ သိပြီးသားပဲ။ ကျင့်ဝတ်နဲ့ပတ်သက်လို့ စာအုပ်တွေ၊ စာစောင်တွေ၊ ဟောပြောပွဲတွေ၊ ဆွေးနွေးပွဲတွေမှာ အထပ်ထပ်အခါခါ ပြောကြပြီးပြီ။ ဆွေးနွေးကြပြီးပြီ။ (က)စာနယ်ဇင်းကျင့်ဝတ်၊ (ခ) သတင်းမီဒီယာကျင့်ဝတ်တွေကို အခြေခံပြီး သတင်းမီဒီယာဥပဒေ၊ ပုံနှိပ်ထုတ်ဝေဥပဒေတွေလည်း ရေးဆွဲပြီးပြီ။ ဥပဒေနဲ့အညီ ဆက်ပြီးအလုပ်လုပ်ကြဖို့ပဲလိုတယ်။ ဥပဒေနဲ့ ညီညွတ်အောင် တာဝန်ရှိသူအားလုံးပူးပေါင်းလုပ်ကြရမယ်။ လွတ်လပ်ပွင့်လင်းမှုတွေအခြေခံပြီး တရားဥပဒေဘောင်အတွင်းက လိုက်နာဆောင်ရွက်သွားကြဖို့လိုမယ်။ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)၏ အခန်းကဏ္ဍဟာလွန်စွာအရေးပါတယ်။ နောင်သတင်းမီဒီယာကောင်စီ ဖြစ်လာတော့မယ်။ ဥပဒေနဲ့အညီ တိတိကျကျ ဆောင်ရွက်နိုင်လေလေ၊ သတင်းလွတ်လပ်ခွင့် ပို၍ပို၍ရှိလာလေလေဖြစ်ပါမယ်။ ဥပဒေပြဋ္ဌာန်းပြီးပါလျက် ဥပဒေကိုကျော်လွန်၍လုပ်ကိုင်ခြင်းမျိုးမရှိနိုင်ဘူး။ ဥပဒေကိုကျော်လွန်၍ ဆောင်ရွက်ခဲ့လျှင်လည်း ပြန်လည်တည့်မတ်၊ ညီညီညာညာဆောင်ရွက်ရပါမယ်။ ထိန်းကျောင်းပေးရပါမယ်။ စစ်ဆေးပေးရပါမယ်။

**သတင်းထောက်**

**သတင်းလွတ်လပ်ခွင့်အကြောင်း ဗဟုသုတရှင်းပြပါဆရာ။**

စာရေးသူ

သတင်းလွတ်လပ်ခွင့် (Freedom of Press)အကြောင်းရေးထားတဲ့ ပြည်တွင်းပြည်ပ စာစောင်၊ စာအုပ်တွေ အများကြီးပါပဲ။ ကိုယ့်တိုင်းပြည်နဲ့ သက်ဆိုင်တာ၊ လုပ်လို့ရတာ၊ နမူနာယူရမှာပဲ။ ကောင်းတာတွေရွေးထုတ်၊ ရှေ့အလားအလာတွေကြည့်၊ နိုင်ငံတကာရဲ့ကျင့်စဉ်တွေလေ့လာဖတ်ရှု၊ အဖွဲ့အစည်းအသီးသီးက ပို့ချတဲ့ဆွေးနွေးချက်၊ အလုပ်ရုံဆွေးနွေးပွဲတွေက တစ်ဆင့် မှတ်သားရမှာပါ။ နမူနာစာအုပ်တစ်အုပ်ညွှန်းပါရစေ။ စာပေဗိမာန်က ထုတ်ဝေတဲ့ ၂၀၁၄ ခုနှစ် ဇူလိုင်လအတွဲ (၄၁) အမှတ်(၇) သုတပဒေသာစာစောင်ကို ဖတ်ကြည့်နိုင်ပါတယ်။

သတင်းစာဆရာကြီးတွေဖြစ်တဲ့ ဖိုးသောကြာ (ခေတ်+မိုး)၊ ကိုကို (စက်မှုတက္ကသိုလ်)၊ တက္ကသိုလ်မြတ်သူနဲ့ KMA အစရှိတဲ့ပုဂ္ဂိုလ်များက သတင်းလွတ်လပ်ခွင့်အကြောင်းအဖြစ် အမျိုးမျိုးနဲ့ရေးထားကြပါတယ်။ သဘောတူသူလည်းရှိမယ်။ မတူသူလည်းရှိမယ်။

"သတင်းစာလွတ်လပ်ခွင့်ဟာ ဒီမိုကရေစီကို ကျင့်သုံးတဲ့နိုင်ငံများအတွက် လိုအပ်ချက်၊ သတင်းစာအနှစ်သာရဖြစ်သော်ငြားလည်း သတင်းစာလွတ်လပ်ခွင့်ကို ကိုင်တွယ်သုံးစွဲရာမှာ နိုင်ငံအလိုက်မတိမ်းမယိမ်း၊ မသိမသာကွဲပြားခြားနားမှုများလည်းရှိတတ်ကြတယ်။ ရှိလို့ဖြစ်တာ ဓမ္မတာပဲ"လို့ ဖိုးသောကြာ (ခေတ်+မိုး)က ဆိုပါတယ်။

ကိုကို(စက်မှုတက္ကသိုလ်)ကလည်း "သတင်းလွတ်လပ်ခွင့်ဆိုတာ ဘာလဲ" ဆိုပြီး ကမ္ဘာ့ပညာရှင်များနဲ့ အဘိဓာန်များဖွင့်ဆိုချက်ကို အသေးစိတ်ရှင်းပြထားပါတယ်။

လွတ်လပ်စွာရေးသားခွင့် (ဝါ) သတင်းစာလွတ်လပ်ခွင့်အကြောင်း တက္ကသိုလ်မြတ်သူကလည်း

- Right to Know
- Right to Publish
- Freedom of Press
- Free flow of News
- The Free Press is a Democratic Concept ဟူသော အသံများ

ကျယ်လောင်လာပုံများ ရှင်းလင်းဆွေးနွေးထားပါတယ်။

စာရေးဆရာ KMA ကလည်း၊ နိုင်ငံအားလုံးတွင် မီဒီယာ၏တာဝန်သိမှု၊ တာဝန်ယူမှုဟူသည် အရေးကြီးသောကိစ္စရပ်တစ်ခုဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စတုတ္ထမဏ္ဍိုင်ဟူ၍ ဂုဏ်ယူဝင့်ကြွားစွာ ကြွေးကြော်နေကြသော မီဒီယာများသည်လည်း မကြာခဏဆိုသလိုပင် သိသိသာသာဖောက်ပြန်ခြင်း၊ ကိုယ်ကစ၍ အဂတိလိုက်စားခြင်းနှင့်လာဘ်ကိုလက်ခံ၍ မသိမသာဘက်လိုက်ကြခြင်းများလည်း ရှိတတ်သောကြောင့် ဖြစ်သည်"လို့ သူ့ဆောင်းပါးမှာ ဖော်ပြထားတာဖတ်ရပါတယ်။

**သတင်းထောက်**

**သတင်းလွတ်လပ်ခွင့်ကို ချုပ်ချယ်လွန်းအားကြီးတယ်။ ဖိနှိပ်လွန်းတယ်ဆိုရင်၊ လူထုအတွက်အကျိုးရှိပ့ါမလားဆရာ။**

စာရေးသူ

ဒီမေးခွန်းက အတော်ကောင်းတဲ့မေးခွန်းပဲ။ ဆရာဖတ်ဖူးတဲ့ သတင်းစာဆရာကြီး လူထုစိန်ဝင်းရေးသားတဲ့ "စာနယ်ဇင်းကျင့်ဝတ်" စာအုပ်စာမျက်နှာ (၂)မှာ အောက်ပါအတိုင်း ရေးထားတာကိုဖတ်ရတယ်။

"ပုဂ္ဂလိကလွတ်လပ်ခွင့်ကို ရှေ့တန်းတင်လွန်းတဲ့လူ့အဖွဲ့အစည်းမှာ လူသားတို့ရဲ့ကျင့်ဝတ်သီလတွေ လျော့ပါးကျဆင်းလာရတာ ဓမ္မတာဖြစ်တယ်။ စာနယ်ဇင်းသမားတွေထဲမှာလည်း စာနယ်ဇင်းကျင့်ဝတ်ဖောက်ဖျက်သူတွေ များလာတာကြောင့် စာနယ်ဇင်းတွေအပေါ် ပြည်သူလူထုရဲ့ယုံကြည်ကိုးစားမှု တစ်နေ့တခြား ကျဆင်းသထက်ကျဆင်းလာရတယ်။ အမေရိကန်နိုင်ငံရှိ The National Opinion Research Center ဆိုတဲ့ သုတေသနအဖွဲ့ကြီးက ကောက်ယူခဲ့တဲ့ စစ်တမ်းတစ်ခုအရ အမေရိကန်ပြည်သူလူထုရဲ့ စာနယ်ဇင်းများအပေါ် ယုံကြည်ကိုးစားမှုနှုန်းဟာ ၁၉၇၆ ခုနှစ်မှာ ၂၈ ရာခိုင်နှုန်းရှိရာက ၁၉၈၃ ခုနှစ်မှာ ၁၃ ဒသမ ၄ ရာခိုင်နှုန်းသာရှိတော့ကြောင်း သိရတယ်။

လူထုရဲ့ယုံကြည်မှု လျော့ပါးကျဆင်းလာခဲ့ရတာဟာ စာနယ်ဇင်းသမားတို့ရဲ့ ကျင့်ဝတ်ဖောက်ဖျက်မှုကြောင့် ဖြစ်တယ်လို့သုံးသပ်တယ်။

၁၉၈၁ ခုနှစ်က အကောင်းဆုံးသတင်းအဖြစ် ပူလစ်ဇာဆုရရှိခဲ့တဲ့ ဝါရှင်တန်ပို့စ်က သတင်းထောက်အမျိုးသမီးတစ်ဦးဟာ ရှစ်နှစ်သားကလေးငယ်တစ်ဦး မူးယစ်ဆေးစွဲနေတဲ့သတင်းက အမှန်မဟုတ်ဘဲ လုပ်ကြံဖန်တီးပြီး ရေးခဲ့ကြောင်းပေါ်သွားတဲ့အတွက် အလုပ်ကထုတ်ပစ်ခံရတယ်။ ပူလစ်ဇာဆုလည်း ပြန်အပ်ရတယ်။

CBS က နာမည်ကြီးမီဒီယာသမား Walter Cronkite ဟာ CBS က အနားယူလိုက်တဲ့အခါ Pan American World Hirwa ရဲ့ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအဖြစ် ခန့်ထားခံခဲ့ရတယ်။ သူဟာ CBS က အနားယူလိုက်ပေမယ့် လေကြောင်းလုပ်ငန်းနဲ့ ပတ်သက်တဲ့ CBS ရဲ့ အထူးသတင်းထောက်အဖြစ် တာဝန်ယူခဲ့တယ်။ ဒီကိစ္စမှာ Conflict of Interest ဖြစ်စေတယ်လို့ ဝိုင်းပြီးဝေဖန်ကြတာကြောင့် Cronkite ဟာ ရာထူးလက်ခံပြီး ခြောက်လအကြာမှာ နုတ်ထွက်သွားခဲ့ရတယ်။ ဆရာကြီးလူထုစိန်ဝင်းရဲ့ ရေးသားချက်ဟာ ကျင့်ဝတ်၊ ဂုဏ်သိက္ခာနဲ့ သတင်းသမားတွေရဲ့လက်တွေ့ဘဝကို ထောက်ပြတာပါပဲ။

**သတင်းထောက်**

**သတင်းမီဒီယာသမားတွေအနေနဲ့ ဥပဒေပညာကို ဘယ်လိုလေ့လာသင့်ပါသလဲ ဆရာ။**

စာရေးသူ

ဥပဒေပညာတွေက ကျယ်ပြန့်ပါတယ်။ ဗဟုသုတသဘောနဲ့ ပြန်ကြားရေးကဏ္ဍအတွက် သီးသန့်ဖတ်ရှုလေ့လာရင် သင့်မြတ်ပါတယ်။ အနည်းဆုံး သတင်းမီဒီယာဥပဒေ၊ ပုံနှိပ်ထုတ်ဝေဥပဒေ၊ ပြစ်မှုဆိုင်ရာဥပဒေနဲ့ ဆက်စပ်ဥပဒေအချို့ကို လေ့လာသင့်ပါတယ်။ ပြန်ကြားရေးဝန်ကြီးဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ ဥပဒေဘွဲ့ရဝန်ထမ်းများကို "ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြန်ကြားရေးကဏ္ဍဆိုင်ရာဥပဒေသင်တန်း" ဖွင့်ပြီး ပို့ချဆွေးနွေးလျက်ရှိပါတယ်။ အလျဉ်းသင့်တဲ့အခါ တွေ့ကြသေးတာပေါ့။ ဆွေးနွေးကြရဦးမှာပါ။ သိစရာ၊ တတ်စရာ၊ လေ့လာစရာတွေက မကုန်ခန်းနိုင်ပါဘူး။ ။

ချစ်ပိုင်သစ္စာ 562829,09-73198239 569782,09-450006779
ကျိုက်ထီးရိုး(နေ့စဉ်)/ ချောင်းသာ(နေ့စဉ်)
ကျိုက်ထီးရိုး ဖဲလ် (သုံးဆို/၂ရက်) (သောကြာ) ကျိုက်ထီးရိုး (နေ့ချင်းပြန်-ဝရိတ်ပြင်း)(စနေ၊တနင်္ဂနွေ)
ပုဂံ(ရွှေစည်းခုံ)၊ ပုပ္ပါး၊ ပခုက္ကူ ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးပါသည်။
www.chitpaithitsar.blogspot.com

POST ရာထူးဝင်ခွင့်သင်တန်း Tel: 09420129333
နည်းပြ၊ သရုပ်ပြ နေ့စဉ်တက်ဖွင့်ပြီ။
တန်းခွဲ (က) 7:30-9:00 (ခ) 9:30-11:30
၁၆၅၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ပန်းဆိုးတန်းမှတ်တိုင်ဆင်းပါ။

Oct 17, 24, 31 Nov 4, 5
ကျိုက်ထီးရိုး (နေ့စဉ်) ၅-ဦးဝယ် ၁-ဦး Dis ၁-ဦးဝယ် 10% Dis
Fully Air-con Express
45000 35000
09-420051117.01-387973

အမည်ပြောင်း
ဦးစိန်မင်း၏ သမီးဖြစ်သူ အထက(၂) ဗဟန်း ပဥ္စမတန်း(D)တွင် ပညာသင်ကြားနေသော မချောချောကေအား မချောကေကေဟုသာ အမည်ပြောင်းလဲခေါ်ဆိုပါရန်။
မချောကေကေဟန်

ရွှေမြန်မာအပေါင်းသူတော်ကောင်းတို့
မင်္ဂလာဧည့်ခံပွဲ...လား.... စေ့စပ် မင်္ဂလာပွဲ...လား....
မွေးနေ့ မင်္ဂလာပွဲ...လား.... နာမည်ပေး မင်္ဂလာ ...လား....
အိမ်သစ်တက် မင်္ဂလာ ...လား.... ကုမ္ပဏီနှစ်ပတ်လည် မင်္ဂလာ ...လား....
ဘယ်လိုပွဲမျိုးမှာဧည့်ခံကြွေးချင်တာလဲ.... စိမ်း လန်း မြန် မာ ရှိတယ်
ရွှေဘိုပေါ်ဆန်းမွှေးကောင်းကောင်းဖြင့်ချက်ထားပြီး စားအုန်းဆီ၊အချိုမှုန့်၊ဓါတုဆိုးဆေး (လုံးဝ)လုံးဝ မပါဝင်သော စိမ်းလန်းမြန်မာဒံပေါက် မှာယူကျွေးမွေးခြင်းဖြင့်ဂုဏ်ယူပါ

ဗုဒ္ဓသာသန် စိရံတိဋ္ဌတု
စိမ်း လန်း မြန် မာ ®
ဒံပေါက် (ပုသိမ်ဆိုင်ခွဲ မကြာမီ လာမည်)
ထောပတ်ထမင်း ယိုးဒယားရေခဲမုန့်
၀၉ ၄၃၀၃၃၆၅၀၊ ၀၉ ၅၂၁၀၂၄၄၁၈၊ ၀၉ ၅၂၁၃၇၆၄၁၃၊ ၀၉ ၂၅၄၂၄၀၈၅၀
အမှတ်-၁၆၂၊လှိုင်မြစ်လမ်း၊အင်းစိန်ဈေးအနီး၊အင်းစိန်အကျဉ်းဦးစီးရှေ့၊အင်းစိန်။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# အခြေခံပညာပြီးဆုံးကြောင်း စစ်ဆေးမည့်စာမေးပွဲသည် ကျောင်းစစ်အဖြစ်သာ ရှိမည်ဆိုခြင်းမှာ မဟုတ်

**နေပြည်တော် အောက်တိုဘာ ၃၀**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်၏ **"၂၀၁၅ ခုနှစ် နောက်ပိုင်း တက္ကသိုလ်ဝင်ခွင့်စာမေးပွဲများကို တက္ကသိုလ်အလိုက် စစ်ဆေးခဲ့လျှင် ဒသမတန်းရမှတ်အား ထည့်သွင်းစဉ်းစားခြင်း ရှိ/ မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက ပညာရေးစနစ်ပြုပြင်ပြောင်းလဲမှုကို အမျိုးသားပညာရေးဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အခြေခံပညာရေး ဖွဲ့စည်းပုံတွင်(KG+12)စနစ်ဖြင့် သူငယ်တန်းအပါအဝင် ပထမတန်းမှ ဒွါဒသမတန်းအထိ သင်ကြားနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်သွားရန် ရှိပါကြောင်း၊ ထို့အတူ အခြေခံပညာပြီးဆုံးသည့် စာမေးပွဲနှင့် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲများကို သီးခြားစီကျင်းပရန် ဆွေးနွေးနေဆဲဖြစ်ပြီး အခြေခံပညာပြီးဆုံးကြောင်း စစ်ဆေးမည့်စာမေးပွဲသည် အစိုးရစစ်ပင်ဖြစ်ပြီး ကျောင်းစစ်အဖြစ်သာရှိမည်ဆိုခြင်းမှာ မဟုတ်ပါကြောင်း၊ အမျိုးသားပညာရေးဥပဒေအရ တက္ကသိုလ်များသည် သီးခြားလွတ်လပ်စွာရပ်တည်၍ တက္ကသိုလ်၏ ပညာရည်အဆင့်အတန်း မြင့်မားရေး၊ အရည်အသွေးအာမခံနိုင်မှုရှိရေးနှင့် ပညာရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများ၏ အသိအမှတ်ပြုမှုရရှိရေးကို တက္ကသိုလ်များက လွတ်လပ်စွာကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်များအနေဖြင့် တက္ကသိုလ်က လက်ခံသင်ကြားပေးလိုသည့် အရည်အချင်းရှိသော တက္ကသိုလ်ကျောင်းသားများကို ရွေးချယ်ခွင့်ရရှိကြမည်ဖြစ်၍ တက္ကသိုလ်အလိုက် အခြေအနေ အမျိုးမျိုးဖြစ်နိုင်ပါကြောင်းဖြင့် ဖြေကြားသည်။

ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း၏ **"ပညာရေးချို့တဲ့၍ အလုပ်အကိုင်မရရှိသော လူငယ်များအတွက် အထူးအစီအစဉ်ဖြင့် မည်သည့်စီမံကိန်းများ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်အောင်က မြန်မာနိုင်ငံရှိ အထူးစီးပွားရေးဇုန်စီမံကိန်းများ၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများနှင့်အတူ ဖြစ်ပေါ်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများပေါ် မူတည်၍ ဝန်ကြီးဌာနအနေဖြင့် အလုပ်လုပ်ကိုင်လိုသူ လူငယ်လူရွယ်များကို သင့်လျော်သော လုပ်ငန်းခွင်သို့ရောက်ရှိ လုပ်ကိုင်နိုင်ရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများမှတစ်ဆင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင်နှင့် သင့်တော်ကျွမ်းကျင်မှုရှိသော



ပညာရေးဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဦးသန့်ရှင်း။

အသက်မွေးဝမ်းကျောင်း အတတ်ပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးခြင်း၊ လုပ်ငန်းခွင်တည်မြဲစေရေးအတွက် အလုပ်သမားဥပဒေများနှင့် ပတ်သက်သည့် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် **"၂၀၁၃ ခုနှစ် အသက်ဘေးအန္တရာယ်စိုးရိမ်ရသော ထိခိုက်ဒဏ်ရာရရှိသူ လူနာအား အချိန်မီဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေးဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲချက်များကို ပြည်ထောင်စုလွှတ်တော်သို့ ဆက်လက်တင်ပြဆွေးနွေးရန် အတည်ပြုခဲ့ကြသည်။

ယင်းနောက် တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်း၏ **"နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေမည့် အနာဂတ်အစီအမံများ မည်သို့ချမှတ်ထားသည်နှင့် အစီအမံများကို အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများကြုံတွေ့လာပါက မည်သည့်နည်းလမ်းဖြင့် ဆောင်ရွက်မည်ကို သိလိုခြင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီနှင့် ဥပဒေကြမ်းကော်မတီတို့က ပြန်လည်ရှင်းလင်းဖြေကြားသည်။

**(ရှင်းလင်းဖြေကြားချက်ကို သီးခြားဖော်ပြထားပါသည်။)**

အစည်းအဝေးတွင် **ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် လိုက်လျောညီထွေမှုရှိမည့် ရွေးကောက်ပွဲစနစ်ပေါ်ပေါက်လာစေရန် လေ့လာသုံးသပ်ရေးကော်မရှင်၏ အစီရင်ခံစာ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးသည်။

မောက်မယ် မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်းက ကော်မရှင်မှတင်ပြသည့် နည်းလမ်း(၈)မျိုးအနက် နည်းလမ်းနံပါတ်(၄)သည် ပိုမိုအသေးစိတ်ကျပြီး မဲဆန္ဒရှင်ပြည်သူ



ချမ်းမြသာစည်မဲဆန္ဒနယ်မှ
ဦးတင်မောင်။

များကို ပိုမိုကိုယ်စားပြုပေးနိုင်ပါကြောင်းနှင့် လူထု၏ဆန္ဒမဲများကို အလဟဿလေလွင့်မှုမှ ကာကွယ်ပေးနိုင်သည်ကို လေ့လာတွေ့ရှိရပါကြောင်း၊ နိုင်ငံသမိုင်းမှတ်တိုင်တစ်ခုကို အောင်မြင်စွာစိုက်ထူနိုင်ရန်အတွက် ကောင်းမွန်သော ယုံကြည်ချက်၊ ရည်ရွယ်ချက်များဖြင့် နိုင်ငံ၏ ရွေးကောက်ပွဲစနစ်တစ်ခုဖြစ်ပေါ်လာရေးကို ကြိုဆိုပါကြောင်းဖြင့် ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး စိုးမြင့်အောင်က ပါတီစုံဒီမိုကရေစီစနစ် ဖြစ်သည့်အတွက် ပြည်သူများက ရွေးချယ်သော ကိုယ်စားလှယ်များသည် ပါတီကြီး၊ ပါတီငယ်မဟူ လွှတ်တော်တွင် ပါဝင်ခွင့်ရရှိပြီး ဒီမိုကရေစီလမ်းကြောင်းကို အတူတကွ ပူးပေါင်းလျှောက်လှမ်းခွင့်ရှိသည့် နည်းလမ်းတစ်ခုဖြစ်ပါကြောင်း၊ ယခုကော်မရှင်ကတင်ပြသည့် နည်းလမ်းများအနက် မဲအများဆုံးရသူ အနိုင်ယူစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်တို့ကို ပေါင်းစပ်ထားသည့် ရွေးကောက်ပွဲနည်းလမ်း(၄)သည် ကမ္ဘာတွင် ကျင့်သုံးနေသည့် ရောနှောထားသော ကိုယ်စားလှယ် အချိုးကျစနစ်နှင့် အလားသဏ္ဌာန်တူညီပြီး ရွေးကောက်ပွဲစနစ်တစ်မျိုးမျိုး၏ ဆန္ဒမဲရလဒ်များကြောင့် ဖြစ်ပေါ်လာနိုင်သည့် အချိုးမညီမှုမှန်သမျှကို ကိုယ်စားလှယ်အချိုးအဆဖြင့် အစားထိုးဖြည့်ဆည်းပေးသည့်ပုံစံဖြစ်၍ နိုင်ငံသားများ၏ ဆန္ဒနှင့် နိုင်ငံတော်၏ ပကတိအရှိတရားအပေါ် သေချာစွာလေ့လာသုံးသပ်ဆုံးဖြတ်ပြီးမှသာ ဆောင်ရွက်သင့်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# ကမ္ဘာ့အမွေအနှစ်စာရင်းသို့ တစ်နှစ်လျှင် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုနှင့် သဘာဝအမွေအနှစ်တစ်ခု တင်သွင်းခွင့်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၀**

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး(၂၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မေးခွန်း(၅)ခု မေးမြန်းဖြေကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခု ဆွေးနွေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမျိုးထွန်းအောင်၏ **"ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရန် စီမံဆောင်ရွက်ရသည့် လုပ်ထုံးလုပ်နည်းအဆင့်ဆင့်၊ အလားတူ ယဉ်ကျေးမှုရှေးဟောင်း အမွေအနှစ်များ တည်ရှိရာနေရာများစွာ ကျန်ရှိနေခြင်းအပေါ် ဆက်လက်ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်များအတွက် မည်ကဲ့သို့ ရည်မှန်းချက်ထား၍ စီမံဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က နိုင်ငံတစ်နိုင်ငံ၏ အမွေအနှစ်တစ်ခုကို ကမ္ဘာ့အမွေအနှစ်စာရင်း သတ်မှတ်နိုင်ရန်အတွက် ၁၉၇၂ ခုနှစ် ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်ရေးသဘောတူညီချက်တွင် လက်မှတ်ရေးထိုးပြီး အဖွဲ့ဝင်နိုင်ငံအဖြစ် ဆောင်ရွက်ရပါကြောင်း၊ ထို့နောက် မိမိတို့နိုင်ငံရှိ အမွေအနှစ်များကို ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ တင်သွင်းရပါကြောင်း၊ တစ်နှစ်လျှင် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုနှင့် သဘာဝအမွေအနှစ်တစ်ခု တင်သွင်းခွင့်ရှိပါကြောင်း။

တင်သွင်းမည့် အမွေအနှစ်နှင့်ပတ်သက်၍ ကာလအလိုက် အစီရင်



ယဉ်ကျေးမှုဝန်ကြီးဌာန
ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်။

ခံစာတင်သွင်းပြီး ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းရေး အထောက်အပံ့လျှောက်ထားရပါကြောင်း၊ သက်ဆိုင်ရာအမွေအနှစ်နှင့် ပတ်သက်၍ ပြုစုထားသော အမွေအနှစ်အမည်စာရင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ၏ဖော်ပြချက်၊ အမွေအနှစ်စာရင်းအတွက် အကြောင်းအကျိုးဖော်ပြချက်၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ပျက်စီးစေနိုင်သော အချက်များ၊ အဆိုပြုထားသည့် ယဉ်ကျေးမှု အမွေအနှစ်များကို ကာကွယ်ထိန်းသိမ်း စီမံခြင်း၊ စောင့်ကြည့်လေ့လာမှုများ၊ အထောက်အထားများ၊ ဆက်သွယ်ဆောင်ရွက်ရမည့်အဖွဲ့အစည်းနှင့် အတည်ပြုလက်မှတ်ရေးထိုးခြင်းတို့ပါဝင်သည့် စာတွဲမူကြမ်းကို ကမ္ဘာ့အမွေအနှစ်ဗဟိုသို့ တင်သွင်းရပါကြောင်း။

ယင်းမူကြမ်းစာတွဲကို ကမ္ဘာ့အမွေအနှစ်ဗဟိုက ပဏာမလေ့လာစိစစ်၍ ဝေဖန်၊ သုံးသပ်၊ အကြံပြုချက်တို့အား သက်ဆိုင်ရာနိုင်ငံသို့ အကြောင်းကြားလာသည့်အခါ သက်ဆိုင်ရာနိုင်ငံက ပြန်လည်ပြင်ဆင်တည်းဖြတ်၍ ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ ပြန်လည်တင်ပြရပါကြောင်း၊ ယင်းစာတွဲကို လက်ခံပါက လက်ခံကြောင်း အကြောင်းကြားစာနှင့်အတူ မြေပြင်ကွင်းဆင်း စုံစမ်းစစ်ဆေးမှုပြုလုပ်မည်ဖြစ်ကြောင်း အသိပေးပြီး ပညာရှင်တစ်ဦး(သို့မဟုတ်)နှစ်ဦးက လာရောက်စစ်ဆေးပါကြောင်း၊ ထို့နောက် ၎င်းတို့၏ စစ်ဆေး၊ သုံးသပ်ချက်ကို သက်ဆိုင်ရာနိုင်ငံသို့ ပြန်လည်အကြောင်းကြားပါကြောင်း။

သုံးသပ်၊ ဆုံးဖြတ်ချက်အပေါ်မူတည်၍ ဇွန်လ၌ နှစ်စဉ်ကျင်းပသော ကမ္ဘာ့အမွေအနှစ် ကော်မတီအစည်းအဝေးတွင် အဖွဲ့ဝင်(၂၁)နိုင်ငံမှ ဝေဖန်၊ သုံးသပ်၊ ဆွေးနွေးပြီး နောက်ဆုံးအတည်ပြုသတ်မှတ်ပါကြောင်း၊ ကမ္ဘာ့အမွေအနှစ်ကော်မတီအဖွဲ့ဝင် (၁၇) နိုင်ငံ၏ ထောက်ခံအတည်ပြုချက်ဖြင့် ပျူရှေးဟောင်းမြို့များအား ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်နိုင်ခဲ့ပါကြောင်း။

ထို့ပြင် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သတ်မှတ်ရရှိရေးအတွက် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ကမ္ဘာ့



တပ်မတော်သားကိုယ်စားလှယ်
ဗိုလ်မှူးမျိုးထွန်းအောင်။

အမွေအနှစ်စာရင်းဝင်မဖြစ်မီနှင့် ဖြစ်ပြီးနောက်တွင် စီမံခန့်ခွဲရေးဆိုင်ရာ အပိုင်းများစွာရှိပါကြောင်း၊ ထိန်းသိမ်းမှု၊ ကာကွယ်မှု၊ Disaster Management၊ Visitor Management စသည့် သတ်မှတ်စည်းကမ်းများနှင့်ကိုက်ညီမှုရှိရန်လိုအပ်ပြီး လိုက်နာရန် ကန့်သတ်ချက်များစွာရှိပါကြောင်း၊ လူနေထိုင်မှုနေရာများနှင့် ရောယှက်နေပါက ဆောင်ရွက်ရသည်မှာ ပိုမိုခက်ခဲပါကြောင်း။

ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ဖြစ်ရေး ဆောင်ရွက်ရာတွင် မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်တက်ရန်၊ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သည်နှင့်အညီ အမွေအနှစ်များ ရေရှည်ကြံ့ခိုင်စေရေးအတွက် ပိုမိုထိရောက်သည့် နည်းပညာအကူအညီ၊ ငွေကြေးအကူအညီများ ပိုမိုရရှိလာရန်၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာပြီး နိုင်ငံဝင်ငွေတိုးတက်လာရန်နှင့် ဒေသခံများ အလုပ်အကိုင်ပိုမိုရရှိရန် စသည့် ရည်မှန်းချက်များထားရှိ ဆောင်ရွက်ပါကြောင်းဖြင့် ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဖိုးဇော်၏ **"သမဝါယမဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တောင်သူများအား ဝိုင်းကြီးချုပ်စနစ်ဖြင့် ပုံစံ(၇)တင်ပြပြီး အတိုးနှုန်းသက်သာစွာ ချေးငွေထုတ်ပေးသကဲ့သို့ လက်လုပ်လက်စား အလုပ်သမားများကို ထုတ်ချေးပေးရန် အစီအစဉ်ရှိ/မရှိ"** မေးခွန်းနှင့် စပ်လျဉ်း၍ သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းက သမဝါယမအသေးစားအရင်းအနှီးငွေများကို ဌာနဆိုင်ရာ သမဝါယမအသင်း၊ ရပ်ကွက်၊ ကျေးရွာသမဝါယမအသင်း၊ ဈေးသမဝါယမအသင်း၊ အသေးစားချေးငွေ သမဝါယမအသင်း၊ စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၊ မွေးမြူရေးလုပ်ငန်း သမဝါယမအသင်းနှင့် စက်မှုလက်မှု သမဝါယမအသင်းများသို့ ထုတ်ချေးပေးလျက်ရှိပါကြောင်း။

လယ်ယာပိုင်ဆိုင်မှု မရှိသည့် လက်လုပ်လက်စားသမဝါယမအသင်းသားများ၊ ဆိုင်ခန်းပိုင်ဆိုင်မှု မရှိသည့် ခေါင်းရွက်ဗျပ်ထိုး ဈေးသည်များ၊ ရပ်ကွက်အတွင်းရှိ မိမိနေအိမ်တွင် တစ်ပိုင်တစ်နိုင် ဈေးရောင်းသူများ၊ ဆိုက်ကား၊ မြင်းလှည်းမောင်းသူတို့အား ဆန္ဒတူသူများဖြင့် ဝိုင်းကြီးချုပ်အဖွဲ့ငယ်များ ဖွဲ့စည်းစေပြီး သမဝါယမအသင်းများဖွဲ့စည်း၍ ငွေစုငွေချေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အသင်းသားတစ်ဦးချင်း ထုတ်ချေးပေးသည့် ပမာဏမှာ အသင်းသား၏ အစု၊ စုဆောင်းငွေ၏ သုံးဆထုတ်ချေးခြင်း၊ အသင်းသား၏ တစ်နေ့ဝင်ငွေပေါ် မူတည်ပြီး ငွေကျပ်သုံးသောင်း၊ ငါးသောင်းမှ တစ်သိန်းအထိ ထုတ်ချေးခြင်းတို့ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသေးစားအရင်းအနှီးချေးငွေကို အိမ်ထောင်စု (မိသားစု)တစ်စုလျှင် ကျပ်တစ်သိန်း၊ နှစ်သိန်း၊ သုံးသိန်း၊ လေးသိန်း၊ ငါးသိန်း စသည့် နှုန်းများအတိုင်း တိုးမြှင့်ထုတ်ချေးပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

အစည်းအဝေးတွင် **ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်းက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေတွင် ပါဝင်သည့် ဧည့်စာရင်းတိုင်သည့်ကိစ္စသည် **စာမျက်နှာ ၈ သို့** ○

○ စာမျက်နှာ ၇ မှ
ဒီမိုကရေစီစံချိန်စံညွှန်းနှင့် မကိုက်ညီပါကြောင်း၊ ယင်းဥပဒေအရ တစ်နေရာမှ တစ်နေရာသို့ရောက်တိုင်း ဧည့်စာရင်းတိုင်ရပါကြောင်း၊ မတိုင်ပါက ပြစ်မှုကျူးလွန်ရာ ရောက်ပါကြောင်း၊ ဧည့်စာရင်းမတိုင်မိ၍ ထောင်ကျခဲ့ရသူများရှိပါကြောင်း၊ အခြားနိုင်ငံများတွင် ဧည့်စာရင်းတိုင်သည့်စနစ် မရှိတော့သည်ကို သိရှိရပါကြောင်း၊ ပြည်သူများ နေရင်းထိုင်ရင်း ပြစ်မှုကျူးလွန်သူအဖြစ် ရောက်စေသည့် ပုဒ်မဖြစ်နေပါကြောင်း၊ ထို့ကြောင့် ယင်းပုဒ်မသည် မလိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းဆွေးနွေးချက်နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်မည်ဖြစ်သည်။

အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# လူ့အခွင့်အရေးဆိုင်ရာအထူးအစီရင်ခံစာ တင်ပြရန်ကိစ္စနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**သတင်းထုတ်ပြန်ချက် (၇/၂၀၁၄)**

၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်

၁၃၇၆ ခု၊ တန်ဆောင်မုန်းလဆန်း ၈ ရက်

**လူ့အခွင့်အရေးဆိုင်ရာအထူးအစီရင်ခံစာတင်ပြရန်ကိစ္စနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်**

၁။ ကေကေအို စောဆန်းအောင်အဖွဲ့မှ ပြန်ကြားရေးတာဝန်ခံ ဗိုလ်ကြီးအဆင့်ရှိ အောင်နိုင်သေဆုံးမှုနှင့်ပတ်သက်၍ ကာကွယ်ရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်ကို အောက်တိုဘာလ ၂၅ ရက်နေ့ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ကြောင်း တွေ့ရှိရပါသည်။

၂။ ယင်းပုဂ္ဂိုလ်သေဆုံးမှုဖြစ်စဉ်အပေါ် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းစစ်ဆေး၍ လူ့အခွင့်အရေးကိစ္စနှင့်စပ်လျဉ်းသည့် အထူးအစီရင်ခံစာကို နိုင်ငံတော်သမ္မတထံ ဆောလျင်စွာတင်ပြရန် နိုင်ငံတော်သမ္မတရုံးက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သို့ ညွှန်ကြားထားကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

# လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၀**

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ မြန်မာနိုင်ငံလုံးဆိုင်ရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့် မဟာဗျူဟာလုပ်ငန်းစီမံချက်များကို အတည်ပြုဆုံးဖြတ်ပေးခဲ့ကြောင်း သိရသည်။

လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၉ ရက်က နေပြည်တော် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပရာ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့် မဟာဗျူဟာလုပ်ငန်းစီမံချက်များပါ အကြောင်းအရာများအားလုံးသည် လာမည့်ဘဏ္ဍာရေးနှစ်တွင် ချက်ချင်းအကောင်အထည်ဖော်ရမည်ဟု ဆိုလိုခြင်းမဟုတ်ဘဲ တိုင်းပြည်အတွက်၊ ပြည်သူလူထုအတွက် ဤလုပ်ငန်းများသည် မဖြစ်မနေ လုပ်သင့်လုပ်ထိုက်၊ အကောင်အထည်ဖော်သင့်ဖော်ထိုက်သည့် အကြောင်းအရာများဖြစ်သည်ဟု ဆိုလိုခြင်းဖြစ်ကြောင်းပြောကြားသည်။

အဆိုပါ လူမှုကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၅၇/၂၀၁၄) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

# မဏ္ဍိုင်ကြီး(၃)ရပ် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းပြီး ညှိနှိုင်းဆောင်ရွက်မှုများ ထိရောက်စွာဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၀

**၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင် ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေး၌ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်တင့်ဆန်း၏ "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေမည့် အနာဂတ်အစီအမံများ မည်သို့ချမှတ်ထားသည်နှင့် အစီအမံများကို အကောင်အထည်ဖော်ရာတွင် စိန်ခေါ်မှုများကြုံတွေ့လာပါက မည်သည့်နည်းလမ်းဖြင့် ဆောက်ရွက်မည်ကိုသိလိုခြင်း" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင်၏ ပြန်လည်ရှင်းလင်းဖြေကြားချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်ရှိပါတယ်။ လွှတ်တော်နှစ်ရပ်ပေါင်း၍ ဆုံးဖြတ်ရမည့်ကိစ္စများကို ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ပါတယ်။ လွှတ်တော်များတွင် ကိုယ်စားလှယ်များသည် လူမျိုးစွဲ၊ ဝါဒစွဲ၊ ဘာသာစွဲ၊ ပါတီစွဲမထားဘဲ နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကို ဦးထိပ်ထား၍ လွှတ်တော်လုပ်ငန်းကော်မတီတာဝန်များကို ပူးပေါင်းဆောင်ရွက်လျက်ရှိကြပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်လုံးတွင် ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဟု ကော်မတီ(၄)ရပ်တို့ကို ဖွဲ့စည်းရပါတယ်။ ပြည်ထောင်စုလွှတ်တော်တွင် ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့ကို ဖွဲ့စည်းထားပါတယ်။

အခြားရေးရာကိစ္စများကို ဆောင်ရွက်နိုင်ရန်အတွက် တိုးချဲ့ကော်မတီ(၁၉)ခုကိုလည်း အချိန်ကာလသတ်မှတ်၍ ဖွဲ့စည်းထားရှိပါတယ်။ အဆိုပါကော်မတီများသည် သက်ဆိုင်ရာလုပ်ငန်းများကို လွှတ်တော်ကိုယ်စားဆောင်ရွက်လျက်ရှိရာ အချိန်တိုအတွင်း လွှတ်တော်လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လာနိုင်ပါတယ်။

ပြည်သူ့လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ကော်မတီစုစုပေါင်း(၂၃)ခုကို လုပ်ငန်းများဆောင်ရွက်ရာမှာ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူပြုနိုင်ရန် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ကို ၁၆-၁၀-၂၀၁၄ ရက်နေ့မှာ စတင်ဖွဲ့စည်းခဲ့ပါတယ်။ ယခုအခါမှာတော့ လွှတ်တော်ကိုယ်စားလှယ် (၂၁)ဦး၊ ပြင်ပပညာရှင် (၃၉)ဦး စုစုပေါင်း (၆၀)ဦးဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ရုံး ဖွဲ့စည်းပုံအပြည့်အင်အားမှာ (၁၅၄၂)ဦးရှိပြီး ယခုဖွဲ့စည်းအင်အား (၄၆၄) ဦးဖြင့် ဖွဲ့စည်းထားရှိပါတယ်။ လွှတ်တော်ရုံးများရှိ အကြီးတန်းအရာရှိအများစုမှာ အခြားသောဝန်ကြီးဌာနများမှ လုပ်ငန်းလိုအပ်ချက်အရ ပြောင်းရွှေ့လာကြသူများဖြစ်၍ ဌာနဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများတွင် ကျွမ်းကျင်ကြသော်လည်း လွှတ်တော်ဆိုင်ရာလုပ်ငန်းများတွင် အတွေ့အကြုံနည်းပါးသူများ ဖြစ်ကြပါတယ်။ သို့သော် လွှတ်တော်သက်တမ်း (၃)နှစ်ကျော်အတွင်း လွှတ်တော်ဆိုင်ရာလုပ်ငန်းတာဝန်များကို ပြေပြစ်ချောမွေ့အောင် အထူးအားထုတ်ဆောင်ရွက်လျက်ရှိပါတယ်။

အခြားနိုင်ငံ လွှတ်တော်ရုံးများနှင့် နှိုင်းယှဉ်လျှင် ဝန်ထမ်းအင်အား၊ ဝန်ထမ်းကျွမ်းကျင်မှု အားနည်းချက်များရှိတာ မှန်ပါတယ်။ အဲဒီစိန်ခေါ်မှုကို ကျော်လွှားနိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာပါလီမန်များနှင့် ပူးပေါင်းပြီး Capacity Building သင်တန်းများကို ဖွင့်လှစ်လေ့ကျင့်ပေးကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ လက်ရှိဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများမှာ NDI (National Democratic Institute), Open Society (English Classes), German Foundation (FES), Westminster Foundation, DFID, Hanna Siedel Foundation, GIZ နှင့် UNDP အဖွဲ့အစည်းတို့ ဖြစ်ပါတယ်။

လွှတ်တော်၏ အဓိကလုပ်ငန်းမှာ ဥပဒေပြုရေးဖြစ်သဖြင့် နိုင်ငံနှင့် နိုင်ငံသားများ အားလုံးအတွက် ဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ပြင်ဆင်ခြင်း၊ မလိုအပ်သဖြင့် ပယ်ဖျက်ခြင်းများ အောင်မြင်စွာ ဆောင်ရွက်မှသာ လွှတ်တော်၏လုပ်ငန်းများ အောင်မြင်သည်ဟု သုံးသပ်နိုင်မည်ဖြစ်ပါတယ်။ လွှတ်တော်များ ပေါ်ပေါက်လာသည့် ၂၀၁၁ ခုနှစ်မှ ယနေ့အထိ ပြည်ထောင်စုလွှတ်တော်က အတည်ပြု၍ ထုတ်ပြန်ပြဋ္ဌာန်းပြီးသော ဥပဒေပေါင်း(၁၂၀)ရှိပြီဖြစ်ပါတယ်။ ဒီ(၁၂၀)ခုထဲမှာ ပြင်ဆင်သည့်ဥပဒေပေါင်း(၄၇)ခု၊ ဥပဒေအသစ်(၂၅)ခု၊ လုံးဝရုပ်သိမ်းသော ဥပဒေ(၁၂)ခု၊ တည်ဆဲဥပဒေကို ရုပ်သိမ်း၍ အသစ်ရေးဆွဲသော ဥပဒေ (၂၆)ခုနှင့် စီမံကိန်း၊ ဘတ်ဂျက်၊ အခွန်နှင့်ဆိုင်သောဥပဒေ (၁၀)ခုဖြစ်ပါတယ်။ လွှတ်တော်နှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ၂၀၁၄ ခုနှစ် မေလက ညှိနှိုင်းဆွေးနွေးမှုအရ ရုပ်သိမ်းရန်(၉)ခု၊ ပြင်ဆင်ရန်(၆၇)ခု၊ လက်ရှိ ဥပဒေကိုရုပ်သိမ်း၍ အသစ်ရေးဆွဲရန် (၄၁)ခုနှင့် အသစ်ရေးဆွဲရန် (၁၉)ခု စုစုပေါင်းဥပဒေ(၁၃၆)ခု စာရင်းရရှိပြီး ဦးစားပေးအလိုက် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင်တို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ငန်းတာဝန်များကို တတ်နိုင်သမျှ သီးခြားစီပိုင်းခြားထားပြီး အချင်းချင်း အပြန်အလှန် ထိန်းညှိဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတွက်ကြောင့် အပြန်အလှန်ထိန်းညှိမှုကဏ္ဍသည် မဏ္ဍိုင်ကြီး (၃)ရပ်အတွက် အလွန်အရေးပါသောကဏ္ဍဖြစ်ပြီး ကြုံတွေ့နေရသော စိန်ခေါ်မှုများကတော့ မဏ္ဍိုင်အချင်းချင်း နားလည်မှုရှိစွာ အပြုသဘောဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ခြင်း ဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအကြား အပြန်အလှန်ဆက်သွယ်၍ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်တွင် **မြန်မာလွှတ်တော်များဆိုင်ရာအဖွဲ့ (Myanmar Parliamentary Union- MPU)**ကို ၂၂-၃-၂၀၁၄ ရက်နေ့က ဖွဲ့စည်းထားခဲ့ပြီး လွှတ်တော်ဆိုင်ရာကိစ္စများ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

**နိုင်ငံတကာလွှတ်တော်များနှင့် ဆက်သွယ်ဆောင်ရွက်မှု၊ သတင်းအချက်အလက်နှင့် အတွေ့အကြုံဖလှယ်မှု**နှင့်ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် လွှတ်တော်အစည်းအဝေးရပ်နားသည့် ကာလများတွင် နိုင်ငံတကာလွှတ်တော်များသို့ ယင်းတို့၏ ဖိတ်ကြားချက်များအရ အပြန်အလှန်ချစ်ကြည်ရေးနှင့် လေ့လာရေးခရီးများသွားရောက်ပြီး လွှတ်တော်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးဆောင်ရွက်ခဲ့ကြပါတယ်။

လွှတ်တော်သက်တမ်း (၃)နှစ်ကျော်ကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့် လည်းကောင်း ဦးဆောင်ပြီး လွှတ်တော်ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ချစ်ကြည်ရေးခရီးစဉ်နှင့် ညီလာခံတက်ရောက်မှု (၁၆)ကြိမ်သွားရောက်ခဲ့ရာ နိုင်ငံပေါင်း(၂၆)နိုင်ငံသို့ ရောက်ရှိလေ့လာနိုင်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၉၈)ဦးမှာ ပြည်ပလေ့လာရေး၊ သင်တန်း၊ ဆွေးနွေးပွဲများသို့ တက်ရောက်ပြီးဖြစ်ပါတယ်။

ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတကာပါလီမန်များသမဂ္ဂ (International Parliament Union - IPU)တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ အလားတူ အာဆီယံပါလီမန်များဆိုင်ရာ ညီလာခံ (ASEAN Inter Parliamentary Assembly - AIPA) အဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်လျက်ရှိရာ အတွေ့အကြုံမရှိသေးသဖြင့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများ ဆောင်ရွက်ရာတွင် အခက်အခဲများရှိခဲ့သော်လည်း အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏ ကူညီဆောင်ရွက်မှုဖြင့် မြို့နယ်တိုင်းတွင် အမှန်တကယ်ဆောင်ရွက်လိုသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

အနာဂတ်အစီအမံနှင့် နည်းလမ်းများမှာ လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်အတွင်း လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် ပါတီစုံဒီမိုကရေစီကျင့်စဉ်နှင့်လျော်ညီစွာ ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဒေသစွဲများ မထားရှိဘဲ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး ရှေးရှုပြီး တပ်မတော်သားကိုယ်စားလှယ်များနှင့်အတူ ပူးပေါင်း၍ ပွင့်လင်းမြင်သာစွာ ညှိနှိုင်းဆောင်ရွက်ရန်၊ မဏ္ဍိုင်ကြီး(၃)ရပ် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းပြီး ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုထိရောက်စွာတိုးမြှင့်ဆောင်ရွက်ရန်၊ လွှတ်တော်၊ လွှတ်တော်ကော်မတီများနှင့် အုပ်ချုပ်ရေးအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့အကြား ဆက်သွယ်ဆက်ဆံမှုကို ယခုထက်ပိုမိုချောမွေ့စွာ ဆောင်ရွက်နိုင်မည့် နည်းလမ်းများဖော်ဆောင်ပေးရန်။

လွှတ်တော်လုပ်ငန်းများနှင့် ကော်မတီလုပ်ငန်းများကို ထိရောက်စွာပံ့ပိုးပေးနိုင်မည့် အရည်အသွေးများ ရရှိစေရန်အတွက် လိုအပ်သောအရင်းအမြစ်များ စုဆောင်းဖြည့်ဆည်းကာ ဝန်ထမ်းများအား အလုပ်ခွင်သင်တန်းများ(on the job training)နှင့် အရည်အသွေးမြှင့်သင်တန်းများ(capacity building) တိုးချဲ့ဖွင့်လှစ်လေ့ကျင့်ပေးရန်၊ လွှတ်တော်၏ သတင်းဆောင်ရွက်ချက်များကို ပိုမိုပွင့်လင်းမြင်သာမှုရှိစေရန် ICT ကို အခြေခံသော လူထုနှင့် ထိတွေ့ဆက်ဆံနိုင်မည့် လွှတ်တော်စာမျက်နှာကို သီးသန့်ဖွင့်လှစ်ပြီး ပြည့်စုံစွာဖော်ပြပေးခြင်း၊ လွှတ်တော်နေ့စဉ်သတင်းလွှာများ ထုတ်ဝေပေးရန်၊ Website/e-newsletter များဖြင့် အချိန်နှင့်တစ်ပြေးညီဖော်ပြပေးရန်၊ သတင်းမီဒီယာအဖွဲ့များနှင့် တွေ့ဆုံ၍ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ပြီး သတင်းထုတ်ပြန်ပေးရန်။

ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်များအကြား အပြန်အလှန်ဆက်သွယ်မှု ပိုပြင်စွာတိုးမြှင့်ဆောင်ရွက်ပြီး မြန်မာနိုင်ငံလွှတ်တော်ဆိုင်ရာအဖွဲ့(MPU)၏ လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်၊ နိုင်ငံတကာလွှတ်တော်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို ယခုထက်ပိုမို၍ တိုးမြှင့်ဆောင်ရွက်ရန်၊ လွှတ်တော်ကိုယ်စားလှယ်များသည် ဖွံ့ဖြိုးရေး ရန်ပုံငွေတိုးတက်ရရှိအောင် ဆောင်ရွက်ပြီး ဒေသခံပြည်သူတို့၏ လိုအပ်ချက်နှင့်အညီ ဖွံ့ဖြိုးရေးလုပ်ငန်းများကို နှစ်စဉ်တိုးချဲ့ဆောင်ရွက်ရန်။

လွှတ်တော်၏ အဓိကတာဝန်မှာ ဥပဒေပြုရေးဖြစ်သဖြင့် အနာဂတ်တွင် ဥပဒေပြုရေးနှင့် စပ်လျဉ်း၍ စိန်ခေါ်မှုများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားကိုယ်စားလှယ်များအချင်းချင်း ညီညွတ်စွာ ညှိနှိုင်းဆောင်ရွက်ကြပြီး နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ဦးစားပေး ဆုံးဖြတ်ဆောင်ရွက်ကြရန်၊ ထို့အတူ အုပ်ချုပ်ရေးအဖွဲ့၊ တရားစီရင်ရေးအဖွဲ့တို့နှင့်လည်း အပြန်အလှန် ညှိနှိုင်း၍ နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးအတွက် ဦးစားပေးပြီး ဆုံးဖြတ်ဆောင်ရွက်ကြရန်တို့ဖြစ်ပါတယ်။

## ပြည်တွင်းရေးရာ

■**ထားဝယ်အထူးစီးပွားရေးဇုန်မှ**

ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဦးအေးမြင့်၊ ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ ဦးဟံစိန်၊ ဦးသိန်းအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် "အာဆီယံစီးပွားရေးအသိုက်အဝန်း အကျိုးစီးပွားမြှင့်တင်ခြင်းမှသည် ငြိမ်းချမ်းဝေစည်အသိုက်အဝန်းဆီ" ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သည့် မြန်မာ-အီးအာရ်အိုင်အေ-ဟားဗတ်ဆွေးနွေးပွဲရလဒ်များ၊ မူဝါဒရေးရာထောက်ခံတင်ပြချက်များ၊ ဒေသတွင်းနိုင်ငံများ၏ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် အာဆီယံစီးပွားရေးအသိုက်အဝန်း၏ အထောက်အကူပြုမှု အမြင့်မားဆုံးရရှိရေး လေ့လာသုံးသပ်ချက်များ၊ ထားဝယ်အထူးစီးပွားရေးဇုန် စီမံကိန်းတွင် အီးအာရ်အိုင်အေမှ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၃၀**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. WANG Yingfan အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. WANG Yingfan နှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးတို့အတွက် ဆောင်ရွက်လျက်ရှိနေသည့် လုပ်ငန်းစဉ်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးအကောင်အထည်ဖော်မှု အခြေအနေများအား အပြန်အလှန်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. WANG Yingfan တို့သည် အဖွဲ့ဝင်များနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။**(မြဝတီ)**

●**ကျောဖုံးမှ**

လူ့အခွင့်အရေးကောင်စီကိုလည်း ပံ့ပိုးဆောင်ရွက်ပါတယ်။ မိမိတို့မြန်မာနိုင်ငံဟာ လူ့အခွင့်အရေးအခြေအနေတွေ ပိုမိုတိုးမြင့်အောင် ဆောင်ရွက်နိုင်ဖို့အတွက် OHCHR ရုံးနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေရှိနေပါတယ်။

**မေး။ ။နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးဖို့ ဆောင်ရွက်နေတဲ့အခြေအနေကို သိလိုပါတယ်။**

ဖြေ။ ။၂၀၁၂ ခုနှစ် နိုဝင်ဘာလမှာ မြန်မာအစိုးရက ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးခွဲကို မြန်မာနိုင်ငံမှာ စတင်ဖွင့်လှစ်ဖို့လိုအပ်တဲ့ဆွေးနွေးညှိနှိုင်းမှုများကို ဆောင်ရွက်သွားမယ်လို့ မိမိတို့ဆန္ဒကိုထုတ်ဖော်ခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ လူ့အခွင့်အရေးမြှင့်တင်ရန် မိမိ၏ဆန္ဒအလျောက် (Voluntary)ထုတ်ဖော်ကြေညာခြင်းဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ OHCHR ရုံးခွဲဖွင့်ထားတဲ့နိုင်ငံ ၁၃ နိုင်ငံပဲရှိပါတယ်။ ဒါပေမယ့် အဲဒီနိုင်ငံတွေဟာ

> **"ရခိုင်ပြည်နယ်မှာ လူသားချင်းစာနာမှု အကူအညီပေးတဲ့ကိစ္စများကို နိုင်ငံတကာအဖွဲ့အစည်းအများစုက ဆောင်ရွက်ကြတာဖြစ်သော်လည်း OHCHR ကတော့ လူ့အခွင့်အရေးမြှင့်တင်ရေးဆောင်ရွက်နေတဲ့ တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ပါတယ်"**

မြန်မာနိုင်ငံလို မိမိဆန္ဒအလျောက်အဆိုပြုဖွင့်လှစ်ခဲ့တာမဟုတ်ပါဘူး။ ဒါဟာ ထူးခြားချက်ဖြစ်ပါတယ်။ ဒီလိုဆန္ဒအလျောက်အဆိုပြုတာကိုက မြန်မာနိုင်ငံအစိုးရရဲ့ လူ့အခွင့်အရေးမြှင့်တင်မှုအပေါ် အလေးအနက်ထားမှုကိုပြသလိုက်တာ ဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် နှစ်ဆန်းမှာ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး မဒမ်ပီလေးထံမှ နားလည်မှုစာချွန်လွှာ(MoU)မူကြမ်းကို ရရှိခဲ့ပါတယ်။ မူကြမ်းရပြီးနှစ်ဖက်အကြား မူကြမ်းအပေါ် အပြန်အလှန်ထိတွေ့ဆွေးနွေးခဲ့ကြပါတယ်။ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှာ နိုင်ငံခြားရေးဝန်ကြီးဌာနက မိမိတို့နိုင်ငံရဲ့ အခြေအနေနဲ့ကိုက်ညီမှုရှိတဲ့ နားလည်မှုစာချွန်လွှာမူကြမ်းကို ပြင်ဆင်ပြုစုပြီး OHCHR ဘက်သို့ တရားဝင် ပြန်ပေးခဲ့ပါတယ်။ လောလောဆယ်ဒီမူကြမ်း(၂)ခုအပေါ် ဗဟိုပြုပြီး နှစ်ဖက်အကြား ဆက်ပြီးညှိနှိုင်းနေပါတယ်။

**မေး။ ။မြန်မာဘက်က ပြန်ပြီးအဆိုပြုတဲ့ မူကြမ်းနဲ့ ပတ်သက်ပြီး ရှင်းပြပေးလို့ရမလား။**

ဖြေ။ ။နိုင်ငံအတွင်း လူ့အခွင့်အရေးအခြေအနေ ပိုမိုတိုးတက်အောင် မြန်မာအစိုးရက ဆောင်ရွက်နေချိန်ဖြစ်ပါတယ်။ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကိုလည်း ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းပေးပြီး ယင်းကော်မရှင်က လူ့အခွင့်အရေးမြှင့်တင်ရေးနဲ့ ကာကွယ်ရေးကို လွတ်လပ်မှုအခြေခံနဲ့ ဆောင်ရွက်နေပါတယ်။ ထို့အတူ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အစီရင်ခံစာ တင်သွင်းသူကိုလည်း နိုင်ငံအတွင်း လာရောက်ခွင့်ပြုပြီး ၎င်းသွားလိုတဲ့ နေရာများကို သွားခွင့်ပေးခြင်း၊ တွေ့လိုသူများကိုတွေ့ဆုံပေးခြင်းများဖြင့် ပူးပေါင်းဆောင်ရွက်နေပါတယ်။ ၎င်းရဲ့ အစီရင်ခံစာတွေကို ကုလသမဂ္ဂအထွေထွေညီလာခံနဲ့ လူ့အခွင့်အရေးကောင်စီမှာ OHCHR အကူအညီနဲ့ တင်သွင်းနေတယ်လို့ သိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ OHCHR နဲ့ ပူးပေါင်းဆောင်ရွက်ရာမှာ နည်းပညာပိုင်းပံ့ပိုးရေးအတွက် ပူးပေါင်းဆောင်ရွက်မှုကို အလေးပေးဆောင်ရွက်ဖို့ မြန်မာဘက်က မူကြမ်းမှာ ပြန်လည်အဆိုပြုထားခဲ့ပါတယ်။ ဆိုလိုတာကတော့ လူ့အခွင့်အရေး မြှင့်တင်ဖို့အတွက် နည်းပညာပူးပေါင်းဆောင်ရွက်ရေး(Technical Assistance)နဲ့ ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးဆိုင်ရာ အဓိကကွန်ဗင်းရှင်းတွေမှာ မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ဖို့ လိုအပ်နေတဲ့ စွမ်းဆောင်ရည်မြှင့်တင်ရေး(Capacity Building)မှာ OHCHR နဲ့ အနီးကပ် ပူးပေါင်းဆောင်ရွက်ပြီး ၎င်းတို့ထံမှ အကူအညီ ရရှိလိုခြင်းဖြစ်ပါတယ်။

**မေး။ ။မြန်မာဘက်က အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်တွေမှာ လက်မှတ်ရေးထိုးဖို့ ပြင်နေတယ်လို့ ဒုတိယဝန်ကြီးပြောပါတယ်။ ဘယ်လိုစာချုပ်တွေကို လက်မှတ်ရေးထိုးဖို့ ပြင်နေတယ်ဆိုတာကို ပြောပြပေးပါ။**

ဖြေ။ ။မြန်မာနိုင်ငံက လူ့အခွင့်အရေးနဲ့ ပတ်သက်တဲ့ အဓိက နိုင်ငံတကာ



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်။

စာချုပ်သုံးခုနဲ့ နောက်ဆက်တွဲအခြေပြစာချုပ်တစ်ခုကို လောလောဆယ် ပါဝင်ချုပ်ဆိုပြီးဖြစ်ပါတယ်။ အခုအခါမှာ နောက်ထပ် အဓိက စာချုပ်နှစ်ခုနဲ့ နောက်ဆက်တွဲအခြေပြစာချုပ်တစ်ခုကို လက်မှတ်ရေးထိုးဖို့ ကြိုးစားနေပါတယ်။ အဲ့ဒီစာချုပ်တွေကတော့ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်(International Covenant on Economic Social and Cultural Rights)၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသောရက်စက်ကြမ်းကြုတ်လူမဆန်သည့် (သို့မဟုတ်) လူ့သိက္ခာညှိုးနွမ်းစေသည့် ပြုကျင့်မှု (သို့မဟုတ်) ပြစ်ဒဏ်ပေးမှုတို့အား ဆန့်ကျင်သည့် ကွန်ဗင်းရှင်း (Convention against Torture and Other Cruel Inhuman or Degrading Treatment or Punishment) နဲ့ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ နောက်ဆက်တွဲစာချုပ်ဖြစ်တဲ့ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကလေးသူငယ်များ ပါဝင်မှုဆိုင်ရာ သဘောတူစာချုပ် (Optional Protocol to the Convention on the Rights of the Child on the involvement of Children in armed Conflict) တို့ဖြစ်ပါတယ်။ ဒီသဘောတူစာချုပ်တွေကို ချုပ်ဆိုဖို့အတွက် အစိုးရဌာနအသီးသီးမှာရှိတဲ့ ဝန်ထမ်းများကို အသိပညာတိုးမြှင့်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို OHCHR က လိုအပ်တဲ့နည်းပညာပိုင်းဆိုင်ရာအကူအညီများ ပါဝင်ပေးအပ်မှုရှိပါတယ်။ အလားတူ အခြားအဖွဲ့အစည်းများနဲ့ နိုင်ငံများကလည်း လူ့အခွင့်အရေးကိစ္စနဲ့ ပတ်သက်ပြီး အလုပ်ရုံဆွေးနွေးပွဲများ လာရောက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ လိုရင်းပြောရရင် လူ့အခွင့်အရေးဆိုင်ရာ အဓိက နိုင်ငံတကာစာချုပ်များမှာ မြန်မာနိုင်ငံပါဝင်ချုပ်ဆိုရေးအတွက် မြန်မာနိုင်ငံဟာ OHCHRနဲ့ လည်းကောင်း၊ အခြားအဖွဲ့အစည်းများနဲ့လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ဒီကိစ္စအပြင် မြန်မာနဲ့ OHCHR တို့ အခြားဘယ်လိုပူးပေါင်းဆောင်ရွက်မှုများ ရှိပါသလဲ။ ပူးပေါင်းဆောင်ရွက်ရေး ရှေ့လုပ်ငန်းစဉ်များ ဘယ်လိုရှိပါသလဲ။**

ဖြေ။ ။ရန်ကုန်မှာ OHCHR ဌာနေကိုယ်စားလှယ်ရုံးခွဲဖွင့်ဖို့ ညှိနှိုင်းဆဲဖြစ်သော်လည်း OHCHR အဖွဲ့အစည်းက ကိုယ်စားလှယ်စုစုပေါင်း ငါးဦးဟာ ရန်ကုန်နဲ့ ရခိုင်ပြည်နယ်တို့မှာ ပုံမှန်သွားရောက်ပြီး လူ့အခွင့်အရေးကိစ္စများအပေါ် အချက်အလက်ကောက်ယူရန် လုပ်ငန်းတွေကို လုပ်နေဖို့ မြန်မာအစိုးရက ခွင့်ပြုထားပြီးဖြစ်ပါတယ်။

ရခိုင်ပြည်နယ်မှာ လူသားချင်းစာနာမှု အကူအညီပေးတဲ့ကိစ္စများကို နိုင်ငံတကာအဖွဲ့အစည်းအများစုက ဆောင်ရွက်ကြတာဖြစ်သော်လည်း OHCHR ကတော့ လူ့အခွင့်အရေးမြှင့်တင်ရေးဆောင်ရွက်နေတဲ့ တစ်ခုတည်းသော အဖွဲ့အစည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံ ပြည်ဝင်ဗီဇာရယူပြီး ပုံမှန်လာရောက်နေထိုင်လုပ်ကိုင်နေတဲ့ ဗန်ကောက်မြို့အခြေစိုက် OHCHR အဖွဲ့ရုံးက ကိုယ်စားလှယ်များကတော့ Mr. Daniel Collinge၊ Ms.Sarah Toner၊ Ms.Elaine Chan၊ Ms.Raja Nor Azwa Petra နဲ့ Ms. Maltida Bogner တို့ဖြစ်ပါတယ်။

OHCHR နဲ့ ပူးပေါင်းဆောင်ရွက်ရာမှာ မြန်မာနိုင်ငံမှာ နိုင်ငံရေးဆန္ဒရှိပြီး လက်တွေ့ဆောင်ရွက်မှုလည်းများစွာရှိပါတယ်။ ရုံးခွဲဖွင့်ဖို့ကိုလည်း နှစ်ဖက်အကြားဆွေးနွေးမှုများ ဆက်လက်ရှိနေပြီး ရပ်စဲမှုလုံးဝမရှိပါဘူး။ နှစ်ဖက်အကြားမှာရှိတဲ့ နားလည်မှုစာချွန်လွှာမူကြမ်းတွေကို အပြန်အလှန်ကျေကျေလည်လည်ဆွေးနွေးပြီး နှစ်ဖက်စလုံးက လက်ခံနိုင်တဲ့ မူကြမ်းဖြစ်လာဖို့ ကြိုးစားနေချိန်ဖြစ်ပါတယ်။

**မေး။ ။ဒါဆိုရင် ရန်ကုန်မှာ OHCHR non-Resident Office အနေအထားမျိုးနဲ့ ပူးပေါင်းဆောင်ရွက်မှုရှိတယ်လို့ ဆိုနိုင်ပါသလား။**

ဖြေ။ ။အဲဒီလိုလည်း ယူဆလို့ရပါတယ်။

○**ကျောဖုံးမှ**

အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ ဒါတိုအဗ္ဗဒူဟာလင်မ် ဘင်ကာဒရ် တို့က အမှာစကားပြောကြားကြပြီး ပြိုင်ပွဲဝင်အသင်းများကို ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်တို့က လိုက်လံနှုတ်ဆက်ကာ အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြသည်။ ပြိုင်ပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီမှ စတင်၍ ဆက်လက်ကျင်းပမည်ဖြစ်သည်။

### သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့တော်အတွင်း သွားလာလျက်ရှိသည့် ကိုယ်ပိုင်ယာဉ်များနှင့် အငှားယာဉ်များသည် ယာဉ်ကြောပိတ်ဆို့မှုနှင့် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လမ်း၏ယာဘက်အစွန်ယာဉ်ကြော (ဘတ်စ်ကားယာဉ်ကြော)မှ မောင်းနှင်သွားလာခြင်းမပြုရန်နှင့် လက်ယာဘက်သို့ကွေ့လိုမှသာ ဝင်ရောက်မောင်းနှင်ကြရန် သတိပေးနှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# ရန်ကုန်သူနာပြုသင်တန်းကျောင်း၌ သူနာပြု/သားဖွားဒီပလိုမာပေးအပ်



**ရန်ကုန် အောက်တိုဘာ ၃၀**

ပထမအကြိမ် သူနာပြု / သားဖွား ဒီပလိုမာအပ်နှင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာန ရန်ကုန် သူနာပြုသင်တန်းကျောင်း၌ ကျင်းပရာ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် သူနာပြု / သားဖွားဒီပလိုမာ လက်မှတ်ရစာမေးပွဲကို ပေါက်မြောက်အောင်မြင်ခဲ့သော အပတ်စဉ် (၃၇)မှ သူနာပြု / သားဖွားဒီပလိုမာ မောင်/မယ် ၉၆ ဦးအား ဒီပလိုမာလက်မှတ်ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

"ရန်ကုန် သူနာပြုသင်တန်းကျောင်းဟာ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ၁၈၇၃ ခုနှစ်ကတည်းက စတင်ဖွင့်လှစ်ခဲ့တာ ဖြစ်ပြီး အမိနိုင်ငံရဲ့ ပထမဆုံးသောသူနာပြုသင်တန်းကျောင်းပဲဖြစ်ပါတယ်။ သင်တန်းကာလအနေနဲ့ သုံးနှစ် ဒီပလိုမာသင်တန်းများကိုစတင်ဖွင့် လှစ်နိုင်ခဲ့တာက ၁၉၂၂ ခုနှစ်မှာပဲဖြစ်ပါတယ်။ ယခု ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အထိ လေ့ကျင့် သင်ကြားပေးပြီးသူ စုစုပေါင်း ၆၁၉၁ ဦးရှိပြီးဖြစ်ပါတယ်"ဟု ရန်ကုန် သူနာပြု သင်တန်းကျောင်း၏ ကျောင်းအုပ်ဒေါ်မိုးသီတာက ပြောကြားသည်။

ယခုအခါ သူနာပြုပညာရေးအနေဖြင့် ဒီပလိုမာမှသည် သူနာပြုသိပ္ပံဘွဲ့၊ သူနာပြုဘွဲ့လွန်သင်တန်းများကို သူနာပြုတက္ကသိုလ်တွင် ဆက်လက်ဆည်းပူးနိုင်သည့် အပြင် သူနာပြုပါရဂူဘွဲ့သင်တန်းများကိုပါ နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ပြီး ပညာသင်ကြားနိုင်သည့် အခွင့်အလမ်းများ ရရှိနေပြီဖြစ်ကြောင်း သိရသည်။

ရန်ကုန်သူနာပြုသင်တန်းကျောင်းတွင် ဖွင့်လှစ်လျက်ရှိသော သင်တန်းမှာ သူနာပြု /သားဖွားဒီပလိုမာ သုံးနှစ်သင်တန်းဖြစ်ပြီး ဝင်ခွင့်အတွက် တက္ကသိုလ်ဝင်တန်းအောင်အမှတ် (မြန်မာ၊ အင်္ဂလိပ်၊သင်္ချာ) သုံးဘာသာပေါင်းအမှတ်စာရင်းဖြင့် ရွေးချယ်ခေါ်ယူ၍ ပညာသင်ထောက်ပံ့ကြေး တစ်ဦးလျှင် တစ်လကျပ်တစ်သောင်းခွဲထောက်ပံ့ပေးသည့်အပြင် သင်တန်းဆင်းလျှင် သူနာပြုများအဖြစ်တာဝန်ထမ်းဆောင်နိုင်ပြီး သတ်မှတ်စာမေးပွဲများ ဖြေဆိုအောင်မြင်ပါကလည်း သူနာပြုသိပ္ပံဘွဲ့(ပေါင်းကူး) သင်တန်းကို သူနာပြုတက္ကသိုလ်တွင် တက်ရောက်နိုင်ကြောင်း ကျောင်းအုပ်ဒေါ်မိုးသီတာက ပြောပြခဲ့သည်။

**သတင်း-မင်းခန့်စိုး(ကြေးမုံ)**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်**

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

## ဘဝနေညိုချိန်

❖ "သင်လည်းတစ်နေ့ ဤသို့အိုရဦးအံ့"
ဆိုဖူးစကား၊ မြဲမှတ်သား၍
တရားသတိ၊ အစဉ်ရှိလော့။
❖ မိဘဘိုးဘွား၊ စဉ်လာအားဖြင့်
သားလှရွှေသွေး၊ အ-ကလေးတို့
လူရေးလူတာ၊ အဖြာဖြာ၌
ပညာအမွေ
ဥစ္စာအမွေ
လူမှုအမွေ
အမွေများစွာပေးခဲ့ပါသည်
ကာလရွေ့လျား၊ ဇရာဝါး၍
ခွန်အားယုတ်ယို၊ ဘိုးဘွားအိုတို့
နေညိုချိန်မှာ၊ ကြွေးများစွာကို
ပြန်ကာတောင်းရန်၊ အချိန်တန်၏။
❖ "တစ်လုတ်စားဖူး၊ သူ့ကျေးဇူးကို
ထိန်းမြူသောသူ၊ မီးလိုပူ၏"
ရှေးမူဖော်ထုတ်၊ ရှေးဆောင်ပုဒ်သို့
တစ်လုတ်မက၊ ရာထောင်မျှပင်
ရှေးကပြုထား၊ ကျေးဇူးများကြောင့်
ဘိုးဘွားနေလ၊ မကွယ်ပမီ
ဘဝနေညို၊ ဘိုးဘွားအိုတို့
ထိုထိုကျေးဇူး၊ ဂုဏ်အထူးကို
ညွတ်နူးသဒ္ဒါ၊ ရိုသေစွာဖြင့်
ပြန်ကာပေးဆပ်ကြပါစို့။ ။
(၁-၁၀-၂၀၁၄ ဘိုးဘွားများနေ့သို့)

လွင်ဦး(ကွမ်းခြံကုန်း)




လစဉ် သိန်း ၆၀ မှ သိန်း ၁၀၀ အထိအမြတ်အစွန်းရရှိနိုင်ခြင်း
New Franchise Partner Invitation
(အကျိုးတူပူးပေါင်းလုပ်ကိုင်နိုင်ရန်ဖိတ်ခေါ်ခြင်း)




မျက်နှာ၊ကြွက်နို့၊အရေးအကြောင်း၊တင်းတိပ်၊အမဲစက်ဖယ်ရှားပေးခြင်း၊အမာရွတ်၊တက်တူးဖယ်ရှားပေးခြင်း၊ဝက်ခြံပျောက်ကင်းစေခြင်း၊အသားအရေတင်းရင်းစေခြင်း
Laser Toning & Whitening Peeling, Skin Scrubbing, Vitamin နှင့် Proteinဓာတ်ဖြည့်ပေးခြင်း၊ Keratin ဖယ်ရှားပေးခြင်း၊
Collagen ထည့်ပေးခြင်း၊အဆီချပေးခြင်း၊ချွေးပေါက်ကျဉ်းစေခြင်း၊မွေးရာပါအမှတ်အမျိုးမျိုးဖယ်ရှားပေးခြင်း (All Korea Machines & Solutions)

- အချက်အချာကျ၍ အနည်းဆုံး ပေ ၂၀ × ပေ ၆၀ အရွယ်အစားရှိသည့်နေရာကို ကိုယ်ပိုင်(သို့)ငှားရမ်း၍ လုပ်ငန်းလုပ်ကိုင်နိုင်ပြီး သိန်း ၅၀၀ ခန့်စတင်ရင်းနှီးနိုင်သောပုဂ္ဂိုလ်
- ရုံးချုပ်မှ လုပ်ငန်းဖွင့်လှစ်ခြင်း၊ Marketing ၊ ကြော်ငြာ၊ Staff Training ကူညီပံ့ပိုးပေးခြင်း စက်ပစ္စည်းတန်ဖိုး၏ ၅၀% နှုန်းကို အရစ်ကျစနစ်ဖြင့်စီစဉ်ပေးခြင်း
- ရုံးချုပ်သို့ကိုယ်တိုင်လာရောက်စမ်းသပ်၍ ဆွေးနွေးတိုင်ပင်နိုင်ပါရန် ဖိတ်ခေါ်ပါသည်

cosmo Skin Care Center
No.103, (2)Ward, Khawel Chan, Mayangone Tsp; Yangon-Insein Rd
Ph: 01 651 956, 650 141, 09 421 044 902

ပြည်တွင်းရေးရာ

# တိုးကြောင်ကလေး - သန်လျင် ၈ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဓာတ်ငွေ့ယိုစိမ့်မှုပြုပြင်ပြီးစီး

**နေပြည်တော် အောက်တိုဘာ ၃၀**

တိုးကြောင်ကလေး - သန်လျင် ၈ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် အောက်တိုဘာ ၂ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် သန်လျင်ထိန်းဖြန့်စခန်း၌ ဖိအား o psi အထိ ကျဆင်းသွားသဖြင့် ရွှေပြည်သာ ပိုက်လိုင်းစခန်း ကြီးကြပ်ရေးအင်ဂျင်နီယာနှင့်အဖွဲ့သည် တောင်ဒဂုံဘားဆုံမှ သန်လျင်ဒေသသို့ ဓာတ်ငွေ့ဖြန့်ဖြူးနေသော ၈ လက်မ ဘောဘားကိုပိတ်၍ ပိုက်လိုင်းအား စစ်ဆေးခဲ့ရာ သန်လျင်ဘက်ခြမ်း ကုလားဝဲရွာအနီးကမ်းစပ်မှ ပေ ၂၀၀ ခန့် အကွာ ပဲခူးမြစ်ဖြတ်နေရာ၌ ပိုက်လိုင်းကွဲထွက်၍ ဓာတ်ငွေ့များ ယိုစိမ့်ထွက်ရှိနေကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ထို့ကြောင့် သန်လျင်ရေနံချက်စက်ရုံ၊ သန်လျင်ဖန်ချက်စက်ရုံ၊ သတ္တုသန့်စင်စက်ရုံနှင့် သန်လျင်ထုပ်ပိုး စက်ရုံများသို့ ဓာတ်ငွေ့ပို့လွှတ်ဖြန့်ဖြူးခြင်းကို ခေတ္တရပ်ထားခဲ့ရသည်။

တိုးကြောင်ကလေး- သန်လျင် ၈ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ၁၉၈၇ ခုနှစ်မှ ဆက်သွယ်အသုံးပြုသော ပိုက်လိုင်းဖြစ်ပြီး အသုံးပြုခဲ့သော သက်တမ်း ၂၇ နှစ်ကျော်လာပြီဖြစ်သဖြင့် ပိုက်လိုင်းမှာ ခံနိုင်ရည် အားနည်းချက်များရှိလာကြောင်း၊ ပဲခူးမြစ်ဖြတ်အကျယ်မှာ ပေ ၃၅၀၀ ခန့်ရှိပြီး ယခု ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားသည့်နေရာမှာ သန်လျင်ဘက်ခြမ်း ကုလားဝဲရွာအနီးကမ်းစပ်မှ ပေ ၂၀၀ ခန့်အကွာ မြစ်အတွင်း၌ဖြစ်သဖြင့် ပိုက်လိုင်းတည်ရှိနေမှု အနေအထားအား သေချာစွာသိရှိနိုင်ရန် ရေငုပ်ကျွမ်းကျင်သမားများနှင့် စစ်ဆေးစေခဲ့ရာ ပိုက်လိုင်းမှာမြစ်အောက်ကြမ်းပြင်တွင် ကျိုးပြတ်နေသည်ကို တွေ့ရှိရသည်။

ယခုအခါ ကြီးကြပ်ရေးအင်ဂျင်နီယာအဖွဲ့၏ စစ်ဆေးတွေ့ရှိသည့်အပေါ် မူတည်၍ မြစ်ဖြတ်ပိုက်လိုင်း အသစ်သွယ်တန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၃ ရက်တွင် ပြီးစီးခဲ့ပြီး ဓာတ်ငွေ့ပို့လွှတ်မှု ခေတ္တရပ်ဆိုင်းထားခဲ့ရသော စက်ရုံများသို့ မူလအတိုင်း ပြန်လည်ပို့လွှတ်ဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။

(သိန်းသန်းတု)

# တောင်သူပညာပေးဆွေးနွေးပွဲနှင့်အစေ့ထုတ်ပြောင်း စံကွက်ရိတ်သိမ်းပြိုင်ပွဲကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ် ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ် ဝမ်ခုတ်အုပ်စု ကျိုင်းပင်းကျေးရွာ တောင်သူဦးလုံးသန်း၏ အစေ့ထုတ်ပြောင်းစိုက်ခင်း ၅ ဧက၌ အစေ့ထုတ်ပြောင်းမျိုးသစ်မိတ်ဆက်ပွဲ၊ တောင်သူပညာပေးဆွေးနွေးပွဲနှင့် စံကွက်ရိတ်သိမ်းပြိုင်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းဟန်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးစိုင်းမုန့်နှင့်ဦးယာကုပ်၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံတောင်သူများစုစုပေါင်း ၁၈၇ ဦး တက်ရောက်လေ့လာကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူးက ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့်အစေ့ထုတ်ပြောင်း အောင်မြင်ဖြစ်ထွန်းမှုအခြေအနေများကို ဆွေးနွေးပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးနိုင်က အစေ့ထုတ်ပြောင်းသိပွံနည်းကျစိုက်ပျိုးနည်းစနစ်ကို ပညာပေးဆွေးနွေးကာ စီပီရန်ကုန်ကုမ္ပဏီလီမိတက် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာဝန်ခံက စီပီစပ်မျိုးပြောင်း မျိုးသစ်များ၏ အရည်အသွေးများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာ တောင်သူများက သိရှိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်းနှင့် မိုင်းခတ်မြို့နယ်အတွင်း အစေ့ထုတ်ပြောင်း ၂၅၄၃ ဧက စိုက်ပျိုးခဲ့ရာ အထွက်နှုန်းကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ကပ(ကျိုင်းတုံ)

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ ရပ်ကွက်(၁)၊ နယ်မြေ (၂)၊ ဗျူဟာလမ်း၊ အမှတ် (၃၆)တွင် ပါတီရုံးချုပ်တည်ရှိသော **“ဝ” အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ**သည် ယင်းပါတီ၏ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါ သည်။

**“ဝ”အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၏ အလံပုံစံ**



**“ဝ”အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်





Asia Top 0943164118,09421099574,0933377844
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ ထမ်မ်စ်: 70000
ပုဂံ (ရွှေယံတော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ မဒုက္ကူ 60000
မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ(လယ်တီဘုရားစုံ) 65000
မဲလဲဆဲတော်ရှင်ဘုရားဖူးခရီးစဉ် ပြည်ဘုရားစုံနှင့် ထုံးဘိုအကောက်တောင် ဇလွန်(နေ့ချင်းပြန်)
ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်) ကားစီးလုံးငှားစီစဉ်ပေးသည် (အပတ်စဉ်သောကြာ)
တောင်ကြီး မီးပုံးပျံပွဲ

ASIA KING 09-43114301,09-420221257
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်မ်စ်: Guest 65000, Hotel 100000
မန္တလေး၊ ပြင်ဦးလွင်၊ လားရှိုး၊ မူဆယ်၊ ရွှေလီ Nov 4
ပုဂံ(ရွှေယံတော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ မဒုက္ကူ Hotel 55000
ပြည်၊ ထုံးဘို(အကောက်တောင်) ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်)
တောင်ကြီး မီးပုံးပျံပွဲ
Oct 24, 31 / Nov 4, 5 (အပတ်စဉ်-သောကြာ)

MORES MYANMAR Travels & Tours "Nov,Dec ခရီးစဉ်များ" Ph : 01-376955, 09-5074744
ပြည်-အကောက်တောင် နေ့ချင်းပြန် | ဗန်ကောက်-ပတ္တရား Nov 14, Dec 26
မော်လမြိုင်-စက်စဲကမ်းခြေ နေ့ချင်းပြန် | စင်ကာပူသီးသန့် Nov 21, Dec 26
ကျိုက်ထီးရိုး(ဆံတော်ရှင်) နေ့ချင်းပြန် | ဖူးခက်ကမ်းခြေ Nov 21, Dec 26
သထုံ-ဘီလင်း-ဘုရင့်ညီဂူ(ရေပူစမ်း) နေ့ချင်းပြန် | အင်ဒိုနီးရှား-ဘာလီကျွန်း Dec 26
ချောင်းသာကမ်းခြေ (၃)ရက် | ငွေဆောင်ကမ်းခြေ(၂)ရက် Nov 14, Dec 12
Nov : 1,5,15,22 Dec: 6,13,20,27
X' Mas ခရီးစဉ်များအတွက် Nov 25 ရက်နေ့မတိုင်မီ စာရင်းပေးသွင်းလျှင် တစ်ဦးလျှင် 20$ Discount.
(၁၃၂)၊ ၁၆လမ်း၊ လမ်းမတော်၊ ရန်ကုန်။ Ph: 09-30246259, 09-30045776, 09-49254346


**စာအုပ်စာပေလူ့မိတ်ဆွေ**





အယ်ဒီတာ အဖွဲ့
၁၉၁ (မြေညီထပ်)၊
၃၇ လမ်း (အလယ်)၊
ကျောက်တံတား မြို့နယ်၊
ရန်ကုန်။
ဖုန်း ၀၁ ၃၉၁၁၉၆

ဖြန့်ချိရေး
စိုးမိုး စာပေ
၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာ တောင်ညွန့်၊
ရန်ကုန်။
ဖုန်း ၂၉၀၉၉၅


## အောင်ရတနာကျောင်းတော်ကြီး ဆောက်လုပ်ရန် ကျပ်သိန်း(၅၀) မတည်လှူဒါန်းခြင်း



တောင်ဥက္ကလာပမြို့နယ်၊ ၂၆-လမ်း၊ No.813,(10) ရပ်ကွက်၊ ဦးကာစိုးမောင်အား ရည်စူး၍ ဇနီး ဒေါ်ခင်သန်းလှိုင်၊ သမီး ဒေါ်ဥမ္မာစိုး မိသားစုတို့မှ နိဗ္ဗာန်ရည်မှန်း လှူဒါန်းပါသည်။

လှူဒါန်းလိုသော အလှူရှင်အပေါင်းတို့သည် အောက်ဖော်ပြပါ ၁၄၊ ၂-ရပ်ကွက်၊ ဟင်္သာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ Ph:09-49578601, 01-563114 သို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။


ရတနာမိုး ဗုဒ္ဓဂယာနှင့် သီရိလင်္ကာဘုရားဖူးပို့ဆောင်ရေး
EASY GO TRAVEL & TOURS CO.,LTD
ဗုဒ္ဓဂယာမြေမြတ်မဟာသို့ ဘုရားဖူးမွေမိတ်ဆွေ မိတ်ပေါင်း/သင်္ဂျများအတွက်အထူးအစီအစဉ်
အနေဖြင့် (၇)ည(၈)ရက် ခရီးစဉ် (၈.၉)သိန်းကျပ် ဟိုတယ်စားရိတ်ငြိမ်း
ကုသိုလ်ယူပို့ဆောင်ပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
ဘုရားဖူးနှင့် အလည်အပတ်နေရာစုံ (၁၄)ည (၁၅)ရက်ခရီးစဉ်
အေးအေးဆေးဆေးနားနားနေနေဘုရားဖူးသီးသန့် (၁၁)ည (၁၂)ရက်ခရီးစဉ်
(ဂယာ၊ နယူးဒေလီ၊ အိန္ဒိယရေခဲတောင်) (၁၇)ည (၁၈)ရက်ခရီးစဉ်
အထက်ပါခရီးစဉ်များကို လစဉ်တိုင်းထွက်ရှိပေးပါမည်။ အကောင်းဆုံးဝန်ဆောင်မှုများကိုရရှိပြီးစိတ်ချမ်းသာစွာဘုရားဖူးနိုင်ရန် မိတ်ပေါင်း/သင်္ဂျများကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။
ရန်ကုန်ရုံးချုပ် ☎ 01 - 377351-2, 246239, 09 - 73029315, 73198845, 30330800
မန္တလေးရုံးခွဲ 09-444026228, 09-444027228 ပြင်ဦးလွင်ရုံးခွဲ ☎ 085-29769, 09-33317787

ပရီမီယာလိဂ်ပွဲစဉ်-၁၀ ကိုလာမယ့် နိုဝင်ဘာ ၁၊ ၂၊ ၄ ရက်တွေမှာ ကျင်းပသွားဖို့ရှိတယ်။ အဆိုပါ ပွဲစဉ်တွေထဲမှာ မန်စီးတီးနဲ့မန်ယူဆုံတွေ့တဲ့ပွဲပါနေသလို အဲဒီပွဲမတိုင်ခင်မှာ ကက်ပီတယ်ဝမ်းဖလားနဲ့ အဲဒီပွဲအပြီးမှာ ချန်ပီယံလိဂ်၊ ယူရိုပါလိဂ်ပွဲတွေရှိနေတာနဲ့ သတိပြုအားပေးရဖို့ ရှိတယ်။

# ပရီမီယာလိဂ် ရင်ခုန်သံ-၁၀

ရှိုင်း မင်း မင်း

## နယူးကာဆယ် VS လီဗာပူး — ည ၇း၁၅ (၁-၁၁-၁၄)

လီဗာပူးခြေက အားနည်းမှုတွေအတော်များတယ်။ အထူးသဖြင့် စတားရစ်ဒဏ်ရာရနေချိန်မှာ ဘလော့တယ်လီက ပုံမှန်ခြေမရသေးတဲ့အတွက် လီဗာပူးတိုက်စစ်က ဂိုးတစ်ဂိုးရဖို့အတော်လေးရုန်းကန်နေရတယ်။ သတိပြုရမှာက ကာဆယ်ဟာ အမှတ်လိုနေတယ်။ အိမ်ကွင်းဖြစ်တယ်။ လီဗာပူးက ဒီပွဲအပြီးချန်ပီယံလိဂ်ရှိတယ်။ အဲဒါနဲ့ချင့်ချိန်ရမယ်။

## အာဆင်နယ် VS ဘန်လေ — ည ၉း၃၀ (၁-၁၁-၁၄)

အာဆင်နယ်ရဲ့ လက်ရှိခြေစွမ်းကကောင်းတယ်လို့မဆိုနိုင်ဘူး။ အထူးသဖြင့် အသင်းလိုက်ဟန်ချက်မှာ လိုအပ်ချက်တွေရှိနေသလို ဒဏ်ရာပြဿနာတွေရှိတယ်။ ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ကစားရဖို့ရှိသေးတယ်။ ဒါပေမယ့် သတိပြုရမှာက ဒီပွဲဟာ အာဆင်နယ်ရဲ့ အိမ်ကွင်းဖြစ်နေသလို ဘန်လေက အဝေးကွင်းအားနည်းတယ်။ အဲဒါနဲ့တွက်ဆရမယ်။

## ချယ်လ်ဆီး VS ကျူပီအာ — ည ၉း၃၀ (၁-၁၁-၁၄)

ကျူပီအာမှာ ချယ်လ်ဆီးကိုတုံ့ပြန်နိုင်လောက်တဲ့ အားမရှိဘူး။ အထူးသဖြင့် ကျူပီအာဟာ အသင်းလိုက် ကစားပုံမဆိုးဘူးဆိုပေမယ့် ခံစစ်ပိုင်းက သိပ်ကိုအားနည်းလွန်းတယ်။ အဲဒါဟာ ချယ်လ်ဆီးအတွက် အခွင့်အရေးပဲ။ ချယ်လ်ဆီးအနေနဲ့ ဒီပွဲအပြီးမှာ ချန်ပီယံလိဂ်ရှိပေမယ့် အိမ်ကွင်းဖြစ်နေသလို အမှားခံမှာလည်းမဟုတ်ဘူး။ အဲဒါကို သတိပြုရမယ်။

## မန်စီးတီး VS မန်ယူ — ည ၇း၀၀ (၂-၁၁-၁၄)

ပွဲကောင်းတစ်ပွဲပါ။ မန်စီးတီးဟာ ဝက်စ်ဟမ်းကို ရှုံးခဲ့တဲ့အတွက် အိမ်ကွင်းမှာ ထပ်အမှားခံမှာမဟုတ်သလို မန်ယူအနေနဲ့လည်း အမှတ်လိုနေတာကြောင့် တင်းခံကစားမှာသေချာတယ်။ ဒီပွဲမှာသတိပြုရမှာက မန်စီးတီးဟာ ဒီပွဲမတိုင်ခင် ကက်ပီတယ်ဝမ်းပွဲရှိသလို ဒီပွဲအပြီးမှာလည်း ချန်ပီယံလိဂ်ရှိပေမယ့် မန်ယူကပွဲပန်းမှုမရှိတာနဲ့ချင့်ချိန်ရမယ်။

## ဗီလာ VS စပါး — ည ၁၀း၀၀ (၂-၁၁-၁၄)

စပါးကလက်ရှိခြေမတည်ငြိမ်ဘူး။ အထူးသဖြင့် ခံစစ်ပိုင်းမှာလိုအပ်ချက်အချို့ရှိနေတယ်။ ဒါ့အပြင် ဒီပွဲမတိုင်ခင်မှာလည်း ကက်ပီတယ်ဝမ်းဖလားကစားခဲ့ရလို့ ပွဲပန်းမှုတွေရှိလာနိုင်တယ်။ ဗီလာကလက်ရှိအားနည်းမှုတွေများတယ်ဆိုပေမယ့် အိမ်ကွင်းဖြစ်တယ်။ ပွဲပန်းမှုနဲ့ခြေချိန်ကစားရမှုတွေလည်းမရှိဘူး။ အဲဒါနဲ့ချင့်ချိန်ရမယ်။

# အိုဇေးလ်အားခေါ်ယူရန် ဘိုင်ယန်မြူးနစ်နှင့် မန်စီးတီးစောင့်ကြည့်နေ



ဥရောပထိပ်သီးကလပ်အသင်းကြီးများဖြစ်သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် မန်စီးတီးအသင်းတို့သည် လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလအတွင်း အာဆင်နယ်အသင်း၏ ဂျာမနီကွင်းလယ်လူ အိုဇေးလ်အားခေါ်ယူရန် အပြိုင်စောင့်ကြည့်နေကြောင်း သိရသည်။ လက်ရှိအချိန်တွင် အိုဇေးလ်မှာ ဒဏ်ရာပြဿနာကြောင့် ကာလရှည်အနားယူနေရပြီး အာဆင်နယ်အသင်းတွင် မပျော်မရွှင်ဖြစ်နေသလို အသင်းပြောင်းရွှေ့ရန် စိတ်ဉာဏ်ကျက်ရှိကြောင်း သတင်းများထွက်ပေါ်နေခြင်းဖြစ်သည်။ ထို့ကြောင့် ဘိုင်ယန်မြူးနစ်အသင်းက အိုဇေးလ်အား လာမည့် ဇန်နဝါရီကာလတွင် ပေါင်သန်း ၃၀ ခန့်ဖြင့် ခေါ်ယူရန် ပြင်ဆင်နေခြင်းဖြစ်ပြီး ၎င်းအားခေါ်ယူလိုသည့် အသင်းများတွင် မန်စီးတီးအသင်းကပါ ပါဝင်လာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အိုဇေးလ်မှာ အာဆင်နယ်အသင်းနှင့်စာချုပ်သက်တမ်း သုံးနှစ်ခန့် ကျန်ရှိနေသေးသော်လည်း အသင်းတွင် ပုံမှန်ခြေစွမ်းပြသနိုင်ရန် ရုန်းကန်နေရခြင်းကြောင့် ဂျာမန်မြေသို့ပြန်လည်အခြေချရန် စိတ်ဉာဏ်နေကြောင်း ဗြိတိန်သတင်းစာ The Mirror ကဖော်ပြသည်။ သို့သော် အာဆင်နယ်အသင်းမှာ ၎င်းအားလက်လွှတ်ရန်ဆန္ဒမရှိဘဲ တစ်ပတ်လုပ်ခ ပေါင်တစ်သိန်းခွဲအထိ ပေးချေကာ စာချုပ်သက်တမ်းတိုးမြှင့်ချုပ်ဆိုရန် ကြိုးပမ်းသွားဖွယ်ရှိကြောင်း ဗြိတိန်မီဒီယာများက ဖော်ပြခဲ့ကြသည်။ အိုဇေးလ်မှာ ၂၀၁၃ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းမှ အာဆင်နယ်သို့ ပြောင်းရွှေ့ရောက်ရှိလာခဲ့သူဖြစ်ပြီး အသင်းအတွက် ၃၁ ပွဲပါဝင်ကစားကာ ၁၇ ဂိုးသွင်းယူပေးထားခဲ့သူဖြစ်ကြောင်း သိရသည်။ [ကိုရဲ]

# ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကျင်းပရေး စာနယ်ဇင်းရှင်းလင်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၀

**၂၀၁၄ ခုနှစ် အ၄မအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ စာနယ်ဇင်းရှင်းလင်းပွဲကို အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နှင့် စာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ဒုတိယဌာနမှူး ဦးမင်းအောင်က ၂၀၁၄ ခုနှစ် အ၄မအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ ပံ့ပိုးကူညီ ကျင်းပပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်နှင့် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အုပ်ချုပ်ရေးမှူး ၂၀၁၄ ခုနှစ် အ၄မအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲ Tournament Director ဒုတိယဗိုလ်မှူးကြီး တိုးမင်းကျော်(ငြိမ်း) တို့က ပြိုင်ပွဲကျင်းပရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် စာနယ်ဇင်းများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

အဆိုပါ တင်းနစ်ပြိုင်ပွဲတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များမှ ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစား မောင်၊ မယ်များအား နေထိုင်ရေးနှင့် စားသောက်ရေး အစီအစဉ်ကို မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်က ဆောင်ရွက်ပေးမည်ဖြစ်သည်။

ပြိုင်ပွဲအတွက် ပွဲစဉ်ဇယားကို နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် သိမ်ဖြူတင်းနစ်ကွင်းခန်းမဆောင်၌ ကပ်ထားပြီး ၎င်းကွင်းတွင် ပြိုင်ပွဲကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ကလပ်အသင်းများမှ အုပ်ချုပ်သူများ (ကလပ်အသင်းတစ်သင်းမှ အုပ်ချုပ်သူ သို့မဟုတ် နည်းပြတစ်ဦး) တက်ရောက်ကြရမည်ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

### မွေးသက္ကရာဇ်အမှန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ ခြံအမှတ်(၉၅)နေ ဦးမျိုးမိုးအောင် -ဒေါ်ပန်းအိဖြူသာတို့၏သား မောင်သာမျိုးလွင်၏ မွေးသက္ကရာဇ် အမှန်မှာ ၁-၈-၂၀၀၄ ဖြစ်ပါကြောင်း။

အာဝေရာ အမှတ်တံဆိပ်
ဟေ...ဟေလွန်းရှင် အာဝေရာ
အာမောလို့ နှလုံးအားတိုးဆေး
ကိုသုံးပါကွယ်...
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-000930 (1016)
ပင်ရင်း - အာဝေရာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ် (၁၀)၊ အောင်သုခလမ်း၊ ပုသိမ်မြို့၊ ဖုန်း ၀၄၂-၂၄၄၃၂

ရွှေနဂါး (ဝရိတ်ငြိမ်း)
ကျိုက်ထီးရိုး(နေ့စဉ်)-35000
ချောင်းသာ (နေ့စဉ်)-45000
ကားမျိုးစုံ စီးလုံးငှားသည်။
209077, 209388, 09-73167000

GOLDEN STAR
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
Ph:209200,430480,544383

ကျေးဇူးတင်ရှိခြင်း
ကျွန်တော်/ကျွန်မတို့၏ မင်္ဂလာပွဲအားလုံးတွင် မေတ္တာဖြင့် လက်ဝတ်ရတနာ ဆင်မြန်းပေးပါသော New Star (Gems & Jewellery) နှင့် Precious (Gems & Jewellery) ရတနာဆိုင်များအားလည်းကောင်း၊ သိန်းညိုလွန်းရာကျော် ပိုးထည်တိုက်(အမရပူရ)အားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။
မောင်ခွန်ရဲမင်းကိုကို-မအင်ကြင်းသူရ

ရွှေပင့်ကူ
09-73130346, 09-254049377, 09-423720047

ရွှေထိပ်တန်း
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (သောကြာ)
01-701015, 01-710436

ရွှေတိုးစည်
Nov 4
60000
Hotel Restaurant Oct31, Nov5,7
ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)
373275, 708342, 0949219404

TOP STAR
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး (သောကြာ)
ချောင်းသာ
ကျိုက်ထီးရိုး
448544658,09-43179331

ပျောက်ဆုံးခြင်း
SEA LORD PRODUCTION Co.,LTD. ၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်အမှတ်(ထသက-၂၆၁၇၅)ရက်စွဲ(၄-၈-၂၀၁၁) ကတ်ပြားမူရင်းမှာ ပျောက်ဆုံး၍ တွေ့ရှိကပေးပို့ပါရန်။ Ph:203023.

ဆရာ/မ B.Ed
SH မြင့်သူထက် YU
Aptis Test (ပညာသင်ဆု)
Grammar, Vocabulary, 4 Skills, စိတ်စွမ်းရည်၊ လူတွေ့ အထောက်အကူပြု သင်တန်းကြီး
ကွန်ပျူတာ အမြန်သင်တန်း
UCSB (PSC)

Golden Culture Travels & Tours
နှေးတွေးပျူငှာ Golden Culture
တောင်ကြီး၊ မီးပုံးပျံပွဲခရီးစဉ် (၄ည/၅ရက်) (Nov-4)
ထားဝယ်-ပုဒ္ဒူဇေနီယပွဲတော်-ကန်ချာနာပူရီ (၅ည/၆ရက်) (Nov-5)

ဆရာဌေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါ နှင့် အရေးအသားသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင် သင်ကြားသော အမှန်တကယ် တွေးတတ်၊ လက်တန်းရေးတတ်စေတဲ့ သုံးဆင့်သင်နည်းသစ် စာအုပ်သည် ဆရာများ ကိုယ်တိုင် လက်ကိုင်ထားသင်ပေးနေသည့် (ပ/ဒုတွဲ)စာအုပ်ဖြစ်၍ အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက်(၅)လ တက်ရုံနှင့် လုံးဝရေးတတ်မည်။
ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။
နိုဝင်ဘာ (၅/၆/၈)ရက်နေ့ (ပ/ဒု)တန်းခွဲသစ် ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
Speaking နှင့် ၅ တန်းမှ ၁၀တန်းထိ ဝိုင်း/Guide/အိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
01-375970, 0951 72096, 0925 4541441

# မြာကျေးရွာအုပ်စုတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းနိုင်ရေး ကျေးရွာမီးလင်းရေးကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိ

**မိတ္ထီလာ အောက်တိုဘာ ၃၀**

မိတ္ထီလာမြို့နယ် မြာကျေးရွာအုပ်စု၊ နတ်ကြီးကုန်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ကျေးရွာမီးလင်းရေးကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းနိုင်ရေးအတွက် အိမ်ခြေ ၁၁၅ အိမ် လူဦးရေ ၅၀၀ ကျော်ရှိသည့် နတ်ကြီးကုန်းကျေးရွာတွင် ဇူလိုင်လမှစတင်၍ ကျေးရွာမီးလင်းရေးကော်မတီများဖွဲ့စည်းပြီး လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ငွေများကောက်ခံခဲ့ကြောင်း သိရသည်။

"ကျေးရွာမှာဆိုရင် အိမ်ခြေက ၁၀၀ ကျော်ရှိပေမဲ့ အိမ်တိုင်းမီးမယူနိုင်တဲ့အတွက် တစ်အိမ်ကို ကျပ်ငါးသိန်းနှုန်းနဲ့ စုပေါင်းထည့်ဝင်ရတယ်။ အိမ်တိုင်းယူမယ်ဆိုရင်တော့ ဒီလောက်မကျဘူးပေါ့။ အခုဟာက အိမ်ခြေ ၈၀ လောက်ပဲ ယူနိုင်တယ်။ ဒီကျေးရွာမှာ အများစုက လယ်ယာလုပ်ငန်းသာ အဓိကလုပ်ကိုင်ပါတယ်။ ဒီနှစ်က ရာသီဥတုမကောင်းတဲ့အတွက် သီးနှံများမရကြလို့ လျှပ်စစ်မီးကို အိမ်တိုင်းမယူနိုင်ကြတာဖြစ်ပါတယ်။

"အခုဆိုရင် လျှပ်စစ်ဓာတ်တိုင်များ ကျေးရွာအတွင်း စိုက်ထူနိုင်ခဲ့ပါပြီ။ ဒီဇင်ဘာလကုန်မှာ ကျေးရွာတွင် လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ကျေးရွာမီးလင်းရေးကော်မတီနဲ့ ကျေးရွာသူကျေးရွာသားများက စုပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျေးရွာ၌ လျှပ်စစ်မီးရရှိလာရင် စီးပွားရေးလုပ်ငန်းတွေနဲ့ ပညာရေးတွေ၊ အသိပညာတွေလည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်"ဟုနတ်ကြီးကုန်းကျေးရွာမီးလင်းရေးကော်မတီဝင်တစ်ဦးက ပြောကြားခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



## မသက်ာသူများကိုစစ်ဆေးရာ ဆိုင်ကယ်ခိုးမှု ပေါ်ပေါက်

**နေပြည်တော်၊ အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်နယ်မြေရဲစခန်း (ပ) ၃၃၅/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၈၀ အမှုမှ မသင်္ကာတရားခံများဖြစ်သည့် အောင်ပင်လယ်ရပ်ကွက်နေ အောင်သန်းဦး ၂၃ နှစ်၊ လှမင်းဦး ၁၉ နှစ်၊ မန်းသူရဇော် ၁၈ နှစ်၊ စောရန်နိုင် ၁၈ နှစ်နှင့် မျိုးသန့် ၁၈ နှစ်တို့ ငါးဦးအား ယခင်က ပြစ်မှုကျူးလွန်ဖူးခြင်းရှိ-မရှိ အောင်ပင်လယ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ အောက်တိုဘာ ၂၆ ရက် ည ၈ နာရီ ၁၀ မိနစ်က စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ၎င်းတို့ငါးဦးသည် အောက်တိုဘာ ၅ ရက် ည၁၁နာရီခန့်ကချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ (၆၁×၆၂)လမ်းကြား၊ ဒေလီယာလမ်းရှိ အမျိုးသမီးဘော်ဒါဆောင်မှ Adixin Click ဆိုင်ကယ်အားခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့်၎င်းတို့ငါးဦးအား အမှတ်(၁၁) နယ်မြေရဲစခန်း (ပ)၆၂၆/၂၀၁၄၊ ပြစ်မှုပုဒ်မ ၃၇၉/ကျင့် ၅၄ ဖြင့် ထပ်မံအမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## အုတ်တွင်း၌ပထမဦးဆုံး (Mobile Banking) ဘဏ်ခွဲဖွင့်လှစ်

**ကျွဲပွဲ၊ အောက်တိုဘာ ၃၀**

စီးပွားရေးလုပ်ငန်းများတွင် ဘဏ်လုပ်ငန်းများ တွင်ကျယ်စွာအသုံးပြုနေပြီဖြစ်ရာ အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး၊ အုတ်တွင်းမြို့နယ်၌ ပထမဦးဆုံး သမဝါယမဘဏ်လီမိတက်မှ (Mobile Banking) ဘဏ်ခွဲအား ကျွဲပွဲမြို့ ဓမ္မာရုံရပ်ကွက်ရှိ ဦးသန်းအေး၏ နေအိမ်တွင် မိုဘိုင်းဘဏ်ကိစ္စများ စတင်ဆောင်ရွက်ခြင်းနှင့် ဆိုင်းဘုတ်ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားသို့ တောင်ငူမြို့ သမဝါယမဘဏ်ခွဲမှ ဒုတိယမန်နေဂျာ ဒေါ်သဲစုလှိုင်က မိုဘိုင်းဖုန်းစနစ်ဖြင့် ငွေလွှဲခြင်းအား လက်တွေ့ငွေလွှဲပုံကို သရုပ်ပြသပြီး ကျွဲပွဲဒေသရှိဆန်စက်အသင်း၊ ကုန်သည်အသင်းဥက္ကဋ္ဌ ဦးသိန်းဝင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ တတ်ရောက်ကြသည်။

**သိန်းဝင်း**

## မိုင်းဆတ်မြို့နယ်၌ ကျောင်းကြက်ခြေနီ အခြေခံရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲကျင်းပ

**မိုင်းဆတ်၊ အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်ကျောင်းကြက်ခြေနီအသင်း၏ ကြီးကြပ်မှုဖြင့်ဖွင့်လှစ်ခဲ့သည့် အခြေခံ ရှေးဦးပြုစုခြင်းသင်တန်းဆင်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီခွဲက အစိုးရအခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ ဒုတိယမြို့နယ်ပညာရေးမှူး ဦးခင်ဇော်ထွန်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းတွင် ပထမဆုရရှိသူ အ. ထ. က ကျောင်းမှ ဆရာမ ဒေါ်ခိုင်ဇာမြင့်ကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမန်းအောင်ကြည်ကလည်းကောင်း၊ ဒုတိယဆုရရှိသူ အ. ထ. ကကျောင်းမှ ဆရာမ ဒေါ်သိန်းသိန်းဝင်းကို မြို့နယ်ဆရာဝန်ကြီး ဦးအောင်ဇေယျကလည်းကောင်း၊ တတိယဆုရ အ. မ. က(ဝိန်းဝိုင်)ကျောင်းမှ ဆရာမဒေါ်စုစုထွေးကို မြို့နယ်ရဲစခန်းမှူး ဒုတိယရဲမှူး သန်းဇော်ဦးကလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး တာဝန်ရှိသူတို့က သင်တန်းဆင်းလက်မှတ်များနှင့် ဆေးအိတ်များ ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမ ၂၇ ဦးနှင့် ပြဟ္မာစိုရ်လူမှုကူညီရေးအသင်းမှ သုံးဦး စုစုပေါင်း ၃၀ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ လေးရက်ကြာမြင့်ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

## အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစု၏ စုပေါင်းမဟာဘုံကထိန် ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

**ရန်ကုန်၊ အောက်တိုဘာ ၃၀**

စုပေါင်းမဟာဘုံကထိန်လျာမြတ်ကထိန်ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ စုပေါင်းမဟာဘုံကထိန်ဆက်ကပ်လှူဒါန်းပွဲကို အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်တင့်၏ ဦးဆောင်မှုဖြင့် မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ၊ ၂၁ ရပ်ကွက်ရှိ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများ (မိသားစု) တို့မှ စုပေါင်းလှူဒါန်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားတွင် အင်းစိန်မြို့နယ် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဟေမာဂနိုင်ဆရာတော် ဘဒ္ဒန္တနန္ဒဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြပြီး ဆရာတော်၊ သံဃာတော်များထံသို့ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူအလှူရှင်များက ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ကြွရောက်လာကြသော ဆရာတော်၊ သံဃာတော် ကိုးပါးတို့အား ရပ်ကွက် ၂၁ ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကော်မတီလေးရပ် အလှူရှင်မိသားစုများနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုတို့ စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၁၆၄၆၅၅၀ နှင့် ပစ္စည်းတန်ဖိုးကျပ် ၂၉၀၀၀၀၀၊ စုစုပေါင်း ၄၅၄၆၅၅၀ ကျပ်တန်ဖိုးရှိ ပဒေသာပင် ၂၂ ပင်ကို မဲဖောက်လှူဒါန်းခဲ့ကာ မြို့နယ်သံဃမဟာနာယကဥက္ကဋ္ဌဆရာတော်ထံမှ ကထိနကံဆောင် မဟာဘုံကထိန်သင်္ကန်းလှူဒါန်းရခြင်းနှင့် ရေစက်ချတရားတော်ကို နာယူခဲ့ကြသည်။

**(၆၈၄)**

**အမည်ပြောင်း**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ၄၂-ရပ်ကွက်၊ ဇော်ဂျီ(၄)လမ်း၊ အမှတ်(၁၃၇၄)နေ ဦးခင်မောင်ဌေး[၁၂/ရကန(နိုင်)၀၂၁၆၈၄]၏သား မောင်ရဲမာန်အား မောင်မြင့်မြတ်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ မောင်မြင့်မြတ်

**မှဒီတာအိမ်ရာ(၂)၊ အင်းစိန်ပေါက်တောဝ၊ တိုက်(A)တွင် တိုက်ခန်း ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်။ ဆက်သွယ်ရန်ဖုန်း- ၀၉-၂၅၄၄၀၅၃၉၉**

**အမည်ဖြည့်စွက်ခေါ်ဆိုပါရန်**

အဖ ဦးဝင်းမြင့်၏သမီး မဆုထက်ရတနာ [၁၂/ကမရ(နိုင်)၀၅၇၃၇၁]အား မဆုထက်ရတနာ(ခ)မထက်ရတနာဟု အမည်ဖြည့်စွက် ခေါ်ဆိုပါရန်။

မဆုထက်ရတနာ(ခ)မထက်ရတနာ

**အဝေးရောက်ဓာတုဗေဒ ဆရာဖြစ်သင်တန်း(တတိယအသုတ်)**

မကြာမီကြုံတွေ့ရတော့မည့် နိုင်ငံတကာအဆင့်ရှိ မေးခွန်းများကို ရင်ဆိုင်နိုင်ရန် ဆရာ၊ ဆရာမများ ပိုမိုအရည်အချင်းပြည့်ဝနေဖို့ လိုအပ်လာပါပြီ။ (၉)တန်း၊ (၁၀)တန်း ဓာတုဗေဒပညာများကို Lecture Guide များ၊ Teaching methodများ ပေးပို့၍ သင်ကြားလျက်ရှိပါသည်။ ယခု Nov: မှစ၍ Jan အထိ (၃)လ သင်တန်းပို့ချပါမည်။

ဆက်သွယ်ရန်-ပါမောက္ခ ဦးတင်ရွှေ ဖုန်း-၀၉-၄၃၁၁၂၁၂၃

မန္တလေး

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/စီမံကိန်း-၂)၊ မြေကွက်အမှတ်(၁၄၉)၊ မြေကွက်တည်နေရာအမှတ်(၁၄၉)၊ ဗိုလ်တာယာ(၂)လမ်း၊ (၁၄/စီမံကိန်း-၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးခင်မောင် အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(ဦးခင်မောင်)နှင့်ဇနီး(ဒေါ်တင်ကြည်)တို့ ကွယ်လွန်သဖြင့် သမီးများဖြစ်သူ ဒေါ်ခင်မာလာ၊ ဒေါ်ခင်မာဝေနှင့် (သား)ဦးတင်မောင်စိုး(ကွယ်လွန်)တို့ အားတရားပြိုင်ထားကာ အမည်ပေါက်၏ ကျန်သားနှစ်ဦးဖြစ်သူ ဦးတင်ဦး၊ ဦးခင်မောင်စိုးတို့မှ တရားလိုပြုလုပ်၍ အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှုဖြင့် တောင်ဥက္ကလာပမြို့နယ် တရားရုံးတွင် တရားမကြီးမှုအမှတ်(၄၁/၂၀၀၇)ဖြင့် စွဲဆိုရာ မူလဧရိယာ၏ တစ်ဝက်တိတိကိုရရှိသူ ဒေါ်ခင်မာလာ[၁၂/ဥကတ(နိုင်)၁၀၆၁၈၁]နှင့် ဒေါ်ခင်မာဝေ[၁၂/ဥကတ(နိုင်)၁၀၀၄၉၆]တို့မှ ၎င်းတို့ ပိုင်ဆိုင်သည့် ထက်ဝက်အစုကို အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးစီမံကိန်းဌာနမှ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ယခု လက်ရှိနေထိုင်လျက်ရှိသော ဦးဝင်းတင်[W/RGN-၀၀၆၅၉၉]သို့ တရားဝင်ချထားပေးသော၊ မြေကွက်အမှတ်-ဒဂုံ(တောင်)၊ ၁၄၀/၂၀၉၅/က မြေကွက်နှင့်အဆိုပါမြေကွက်ပေါ်ရှိ အဆောက်အအုံကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းစုမွန်[၈/ခမန(နိုင်)၀၀၄၁၁၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အကယ်၍ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းဇော် **(B.A, H.G.P, R.L II)**
အထက်တန်းရှေ့နေ(စဉ်-၅၇၈၃)
တိုက်(၁၄)၊ အခန်း-၁၆၊ တော်ဝင်အိမ်ရာ၊ (ပ)ထပ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)
ဖုန်း-၀၉-၂၅၄၃၁၁၆၂၁

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၀ DY3 )၊ မြေကွက်အမှတ်(V ၅၃)၊ မြေကွက်တည်နေရာအမှတ်(၁၀၀)၊ (၁၂)လမ်း၊ လမ်းမတော်မြို့နယ်၊ K.C.H.K Society အမည်ပေါက် နှစ်(၉၀) ဂရန်သက်ကုန်မြေအား အမည်ပေါက် K.C.H.K Society ကိုယ်စား ယင်းအဖွဲ့၏ ဥက္ကဋ္ဌ ဦးဝင်းမောင်[၁၂/လမန(နိုင်)၀၆၁၉၇၁]နှင့် အတွင်းရေးမှူး ဦးအောင်လင်း[၁၂/ကတတ(ပြု)၀၀၀၀၂၅]တို့က KIUNG CHEW HWKEE KOON (K.C.H.K) ၏ ၂၂-၂-၂၀၀၈ ရက်နှင့် ၉-၆-၂၀၁၂ ရက်စွဲပါ အစည်းအဝေးဆွေးနွေးချက်နှင့် ဆုံးဖြတ်ချက်များ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၁-၁၁-၂၀၁၂ ရက်စွဲပါ စာအမှတ်၊ ၂/၃-၂(၂)/စီးပွားဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့K.C.H.Kဘုရားကျောင်း မြေဂရန်သက်တမ်းတိုး လျှောက်ထားလာခြင်းကိစ္စအား ကန့်ကွက်ရန်မရှိသဖြင့် စိစစ်ဆောင်ရွက်ပေးရန် အကြောင်းကြားစာ၊ K.C.H.K Society ဥက္ကဋ္ဌ ဦးဝင်းမောင်မှ ၈-၅-၂၀၁၄ ရက်စွဲပါစာဖြင့် K.C.H.K Society အဖွဲ့အစည်းသည် မျိုးနွယ်စု၏ သာသနာရေးကိစ္စရပ်များ ဆောင်ရွက်ရန် စုစည်းထားသည့်အစုအဖွဲ့သာဖြစ်သဖြင့် သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းများပြုစုထားခြင်း အတည်ပြုထားခြင်း မရှိကြောင်း တင်ပြစာ၊ ရန်ကုန်အနောက်ပိုင်းခရိုင် သာသနာရေးမှူးရုံး၏ ၂၀-၉-၂၀၁၂ရက်စွဲပါ စာအမှတ်၊ ၆၁၆/၂၄/ခသန(ခ-တ) (၁၈၅) ဖြင့် ကန့်ကွက်ရန်မရှိပါကြောင်းနှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ သက်တမ်းတိုးဆောင်ရွက်ခွင့်ပြုနိုင်ပါရန် ထောက်ခံချက်တို့နှင့်အတူ ဂရန်သက်တမ်းတိုး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လာခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ပါကြောင်းကြော်ငြာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အများသိစေရန်ကြေညာချက်**

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ခင်သန်းမေ[၁၂/ကမတ(နိုင်)၀၀၈၀၀၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၆စီ၁၊ မြေကွက်အမှတ် ၁၁၅၊ ဧရိယာ(၀. ၀၂၉)ဧကရှိ နှစ်(၆၀)ဂရန်မြေမှာ ဦးသောင်းရင်၊ ဦးအုံးမြင့်တို့ အမည်ပေါက်မြေကွက်ဖြစ်ပြီး၊ ဒေါ်ခင်သန်းမေမှာ ဦးသောင်းရင်၏ သမီးဖြစ်သောကြောင့် ယင်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ပိတောက်ပင်လမ်း၊ အမှတ်(၃၈)ဟုခေါ်တွင်သည့် အဆောက်အအုံအား ဒေါ်ခင်သန်းမေ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချ၊ ပေးကမ်း၊ လှူဒါန်းခြင်းအပါအဝင် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အဆောက်အအုံဆောက်လုပ်ခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်ခင်သူဇာထွေး **LL.B,D.B.L** ဦးသိဏ်းချမ်း **B.A,H.G.P,R.L**
အထက်တန်းရှေ့နေ(စဉ်-၃၀၈၆၂) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၃၀)
အမှတ်-၃၅(တ)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၉-၅၁၆၇၇၅၄

ကျန်းမာရေးဆောင်းပါး

# ကျောင်းများနို့တိုက်ကျွေးရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေး

à a'¡ufwmaZmfar;@^au;vuf)

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာက ပင် မိခင်နို့အပြင် ဖြည့်စွက်စွမ်းအားဖြည့် အာဟာရအဖြစ် နွားနို့၊ကျွဲနို့၊ ဆိတ်နို့ စသည် ဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ နို့တိုက် ကျွေးသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

နေရာအနှံ့အပြားတွင် နို့နှင့်နို့ထွက်ပစ္စည်း အား ပုံစံမျိုးစုံဖြင့် ထုတ်လုပ်စားသုံးခဲ့ကြပြီး နို့ မပါဝင်သည့် ပြည်တွင်းဖြစ် လက်လုပ်မုန့်မျိုး စုံ၊ အာဟာရပစ္စည်းများမှာ အလွန်မှရှားပါးလှ ပါသည်။

နို့သည် သဘာဝ၏ အပြည့်စုံဆုံးနီးပါးဟု ဆိုနိုင်သည့် အာဟာရဖြစ်သည် ဟု ဆေးပညာ ဖခင်ကြီးဟစ်ပိုကရေးတီးက မိန့်ဆိုခဲ့ပါသည်။

ကျွန်တော်သည် တိရစ္ဆာန်ဆေးကုဆရာဝန် တစ်ဦးဖြစ်သည်နှင့်အညီ လူတစ်ဦး၏ အသက် ရှင်နေထိုင်ရေးအတွက် ကံ၊ စိတ်၊ ဥတု၊ အာဟာ ရတွင် အရေးပါလှသောအာဟာရ၏ အခန်း ကဏ္ဍကို ဖြည့်ဆည်းပေးရသည့် နိုင်ငံ့ဝန်ထမ်း ပညာရှင်တစ်ဦးအဖြစ်ခံယူကာ လူတွင်သာ မက မွေးမြူထားရှိသော တိရစ္ဆာန်များ၏ အာဟာရနှင့် ပတ်သက်၍ လေ့လာဆည်းပူး ခြင်း၊ ဆွေးနွေးခြင်း၊ ပညာပေးခြင်း၊ ဟောပြော ပို့ချခြင်းများ အကြိမ်များစွာ ဆောင်ရွက်ခဲ့ပါ သည်။ ဤသို့ ဆောင်ရွက်ရခြင်းကိုလည်း ဂုဏ်ယူဝမ်းမြောက်မိပါသည်။

ဆင်များ နို့စို့သက်တမ်း ကွာခြားမှုနှင့် ပတ် သက်၍ အကျဉ်းတင်ပြလိုပါသည်။ ဆင်များ တွင်အစွယ်ရှိသောဆင်နှင့် အစွယ်မရှိသော ဆင်ဟူ၍ အဓိက နှစ်မျိုးရှိပါသည်။ အစွယ်ရှိ သောဆင်မျိုးတွင် အစွယ်နှစ်ချောင်းလုံးစုံက 'စွယ်စုံ'ဟုလည်းကောင်း၊ အစွယ်တစ်ချောင်း သာရှိပါက 'တယ်'ဟုလည်းကောင်း ခေါ်ကြ ပြီး အစွယ်မရှိသောဆင်ကို ဟိုင်းဆင်ဟု ခေါ် ကြပါသည်။ ဆင်ပေါက်လေးများသည် မွေးဖွား ပြီး မကြာမီ မိခင်၏ ရှေ့လက်နှစ်ဖက်ကြားရှိ နို့အုံတွင် နို့လာစို့ကြပါသည်။နို့စို့သက်တမ်း မှာ သုံးနှစ်မှ ခြောက်နှစ်ဖြစ်ပါသည်။

စွယ်စုံဆင်၊ အစွယ်ရှိသောဆင်များမှာ နှစ် နှစ်ခွဲ၊ သုံးနှစ်သားခန့်တွင် အစွယ်ထွက်လာ ပြီ ဖြစ်၍ နို့စို့တိုင်း မိခင်၏ နို့အုံအသားနုများ အစွယ်ထိုးခံရသဖြင့် မိခင်က နို့အုံကို ဝှက်ထား ခြင်း၊ နှာမောင်းဖြင့် ဆင်ကလေးကိုဖယ်ရှား ခြင်းဖြင့် အစွယ်ရှိဆင်များမှာ နှစ်နှစ်ခွဲသုံးနှစ် ဖြင့် စောစီးစွာ နို့ဖြတ်ခံကြရပါသည်။ အစွယ် မရှိသော ဟိုင်းဆင်ကလေးများမှာ မိခင်ဆင်မ ကြီးက ငါးနှစ်သား၊ ခြောက်နှစ်သားအထိ နို့ စို့ခွင့် ပြုထားကြပါသည်။

ဆင်ဝိုင်းတစ်ခုတွင် ပြိုင်တူကြီးပြင်းခဲ့ရသူ ဆင်ကလေးများတွင် ခုနစ်နှစ်၊ ရှစ်နှစ် အရွယ် ဆင်ကလေးချင်း ယှဉ်ကြည့်ပါက မိခင်နို့ ကြာ ရှည်စို့ခွင့်ရသော ဟိုင်းဆင်များမှာ အရပ် အမောင်းအလုံးအထည်အားဖြင့် အစွယ်ရှိ သောဆင်များထက် ပိုမိုထွားကျိုင်းကြံ့ခိုင်ကြ ပါသည်။

ဆင်သက်တမ်းမှာ လူ့သက်တမ်းနှင့် မကွာ ခြားလှဘဲ ၁၅ နှစ်၊ အနှစ် ၂၀ ခန့်တွင် အရွယ် ရောက်ကြကာအသက် ၆၀ နှစ်ခန့်တွင် သေ ဆုံးသက်တမ်းကုန်ကြပါသည်။ ခြောက်နှစ်၊ ခုနစ်နှစ်သား ဆင်ငယ်ချင်း တွန်းတိုက်ဆော့ ကစားကြရာတွင် အလုံးအထည်နှင့် အင်အား သာသော ဟိုင်းဆင်က အမြဲနိုင်သဖြင့် အရွယ် ကြီးပြင်းလာသည်အထိ ဟိုင်းဆင်က ငယ်နိုင် အဖြစ် ကြီးစိုးသွားပါသည်။

တောတွင်းတွင်ဆင်ကြီးများ အချင်းချင်း ယှဉ်ပြိုင်တိုက်ခိုက်ကြရာတွင် စွယ်စုံဆင်ကြီး များက အစွယ်အားကိုးဖြင့် အစွယ်ဖြင့် လိုက် လံထိုး၍ သတ်ပုတ်လေ့ရှိပြီး ဟိုင်းဆင်များမှာ သန်မာသောနှာမောင်းနှင့် ခွန်အားဗလကို အသုံးပြု တိုက်ခိုက်လေ့ရှိကာ စွယ်စုံဆင်များ ၏အစွယ်များအား ဖမ်းချုပ်ဆွဲလှဲပြီး နင်းချေ သတ်သည့် ဖြစ်စဉ်များ ရှိခဲ့ဖူးပါသည်။

သန္ဓေတည်သည်မှစ၍ ရက်ပေါင်း ၁၀၀၀ အတွင်း အာဟာရပြည့်ဝရန် အလွန်အရေးကြီး ပါသည်။ အထူးအားဖြင့် ဦးနှောက်ဖွံ့ဖြိုးမှု အကောင်းဆုံးကာလဖြစ်ပါသည်။ ကလေး အရွယ်တွင် မိခင်နို့ဖြတ်ပြီးသော်လည်း မူကြို အရွယ်မူလတန်းကလေး အရွယ်များတွင် နွား နို့ဆက်လက်သောက်သုံးခြင်းဖြင့် ဉာဏ်ရည် မြင့်မားလာကာ ကိုယ်ခန္ဓာပိုမိုဖွံ့ဖြိုးကြံ့ခိုင်ပြီး ခွန်အားဗလ ပိုမိုသန်စွမ်းကြမည်ဖြစ်ပေသည်။

သုတေသနစာတမ်းများအရ ကျောင်းများ နို့တိုက်ကျွေးရေးစတင် ကျင့်သုံးပြီးနောက် ပိုင်း နိုင်ငံတစ်ခုလုံးရှိ ကျောင်းသားလူငယ်များ ၏ ဉာဏ်ရည်အညွှန်းပြကိန်းများ မြင့်တက် လာခြင်း ကျောင်းသင်ခန်းစာရမှတ် မြင့်တက် လာခြင်းကို တွေ့ရှိရပါသည်။ ကမ္ဘာ့ဉာဏ်ရည် အမြင့်ဆုံးနိုင်ငံများ၊ နိုဘယ်ဆုရှင်အများဆုံး ထွက်သော နိုင်ငံများ၏ အာဟာရစားသုံးမှုကို လေ့လာသုံးသပ်ပါက အဆိုပါနိုင်ငံများသည် အခြားနိုင်ငံများထက် နွားနို့သောက်သုံးမှု ပိုမိုမြင့်မားကြောင်း တညီတညွတ်တည်း သုတေသနအဖွဲ့အသီးသီး၊ စာတမ်းအစောင် စောင်က တွေ့ရှိဖော်ထုတ်ထားကြပါသည်။

လူဦးရေ ရှစ်သန်းကျော်သာရှိသော ဆွစ် ဇာလန်နိုင်ငံသည် လူတစ်ဦး တစ်နှစ်နွားနို့



သောက်သုံးမှု ၃၁၅ ဒသမ ၇၈ ကီလိုဂရမ် ရှိပြီး နိုဘယ်ဆုရှင် ၃၂ ဦးမွေးထုတ်နိုင်ခဲ့ ပါသည်။ မြန်မာနိုင်ငံတွင် တစ်နှစ်လူတစ်ဦး နို့ သောက်သုံးမှုနှုန်းမှာ ၃၁ ဒသမ ၆၂ ကီလို ဂရမ်သာရှိရာ တစ်မျိုးသားလုံး နို့သောက် သုံးနှုန်းမြင့်မားရေး အင်တိုက်အားတိုက် အား ပေးရန် လိုအပ်ပါသည်။ အမျိုးသားရေး အသွင် လူတိုင်းပါဝင်ဖို့ (All Inclusive) တိုက်တွန်း နှိုးဆော်လိုပါသည်။

ကျွန်တော်တို့နိုင်ငံတွင် ကျောင်းများ နို့တိုက် ကျွေးရေး ရှေ့ပြေးစီမံကိန်းအား ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်တွင် စတင်ခဲ့ပြီး၊ ၂၀၁၃-၂၀၁၄ စာသင်နှစ်တွင် ကျောင်းသား ၄၇၀၀၀ ဦး၊ ၂၀၁၄-၂၀၁၅ စာသင်နှစ်တွင် ဇွန် ၁၈ ရက် မှစ၍ နေပြည်တော်ကောင်စီ နယ်မြေ၊ ရန်ကုန် တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့ရှိ မူလတန်းကျောင်းသူ၊ ကျောင်းသား ၄၈၉၁၂ ဦးအား UHT နို့များဖြင့် သုံးနှစ်ဆက်တိုက် ကျောင်းဖွင့်ရက်များတွင် နို့တိုက်ကျွေးလျက် ရှိပါသည်။

**ကျောင်းများ နို့တိုက်ကျွေးရခြင်း၏ ရည်ရွယ်ချက်မှာ–**

(၁) ကျောင်းသူ၊ ကျောင်းသား လူငယ်များ အာဟာရပြည့်ဝ၍ ကျန်းမာကြံ့ခိုင်စေရန်

(၂) အနာဂတ်လူငယ်များ ဉာဏ်ရည် (IQ) မြင့်မားတိုးတက်စေရန်

(၃) ကျောင်းနေသည့် ကလေးများနို့သောက်သုံးမှု အလေ့အထရရှိစေရန်

မြန်မာနိုင်ငံနှင့် ဆက်စပ်လျက်ရှိသည့် နိုင်ငံများတွင် ကျောင်းများ နို့တိုက်ကျွေးရေး စီမံကိန်း (School Milk Programme) ကို အိန္ဒိယနိုင်ငံ၌ ၁၉၄၂ ခုနှစ်၊ ဂျပန်နိုင်ငံ၌ ၁၉၆၄ ခုနှစ်၊ ထိုင်းနိုင်ငံ၌ ၁၉၇၇ ခုနှစ်တွင် စတင်ခဲ့ ပြီး၊ ဗီယက်နမ်နိုင်ငံ၌ ၂၀၀၆ ခုနှစ်၊ တရုတ် နိုင်ငံ၌ ၂၀၀၉ ခုနှစ်တို့တွင် အသီးသီးစတင် ခဲ့ကြပါသည်။

ကျောင်းများ နို့တိုက်ကျွေးရေး စီမံကိန်း လုပ်ငန်းများ လုပ်ဆောင်ခြင်းဖြင့် အနာဂတ် မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးလာ၍ တိုင်းပြည်အကျိုး ပိုမိုဆောင်ရွက်လာနိုင်စေ ရန်အတွက် ပြည်ထောင်စုအစိုးရမှ အားပေး ကူညီလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် အကြောင်းအမျိုးမျိုး ကြောင့် နို့သောက်သုံးမှုနည်းပါးပြီး အသင့် ဖျော်ကော်ဖီ၊ လက်ဖက်ရည် (Instant Coffee Mix, Tea Mix) များ သောက်သုံးခြင်းထက် သဘာဝနွားနို့ သောက်သုံးသင့်ပါသည်။ နွား နို့တွင် ကျန်းမာဖွံ့ဖြိုးစေရန် မရှိမဖြစ် လိုအပ် သော သကြားဓာတ်၊ အဆီဓာတ်၊ အသားဓာတ်၊ သတ္တုဓာတ်၊ ထုံးဓာတ်၊ ဗီတာမင်များနှင့် အင် ဇိုင်းဓာတ်များပါဝင်သကဲ့သို့ အမိုင်နိုအက် ဆစ် ၁၈ မျိုးလည်းပါဝင်သည့်အတွက် အပြည့် စုံဆုံးအာဟာရ တစ်ခုဖြစ်ပါသည်။

ယခုအခါ ကျောင်းများ နို့တိုက်ကျွေးရေး စီမံကိန်းကို အထောက်အကူပြုစေရန်၊ ကျေး လက်ဒေသများတွင်ပါ လွှမ်းခြုံနိုင်စေရန်နှင့် သန့်ရှင်းလတ်ဆတ်သော နွားနို့အား ကျေး လက်ဒေသရှိ မူလတန်း ကျောင်းသူ၊ ကျောင်း သားများ သောက်သုံးနိုင်ရန် တိုးချဲ့ တိုက်ကျွေး ရေးစီမံချက်များရေးဆွဲ၍ နို့တိုက်ကျွေးရေး ဆောင်ရွက်လျက်ရှိပါသည်။ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းတွင် စဉ်ဆက်မပြတ်ဆောင် ရွက်ရန်အတွက် ဝန်ကြီးဌာနမှ ကွင်းဆင်းအဖွဲ့ များကွင်းဆင်းဆောင်ရွက်စဉ်တွင် ကျောင်း များနို့တိုက်ကျွေးရေးလုပ်ငန်းအား စည်းရုံး ဟောပြော အကောင်အထည်ဖော်လျက်ရှိပါ သည်။

လူ့စွမ်းအားအရင်းအမြစ်များ အနာဂတ် မျိုးဆက်သစ်လူငယ်များ နို့သောက်သုံးသည့် အလေ့အထရရှိပြီး အာဟာရပြည့်ဝ၍ ကျန်းမာ ကြံ့ခိုင်ကာ ဉာဏ်ရည်မြင့်မားသော လူရည်ချွန် လူရည်မွန်များ ဖြစ်ပေါ်လာစေရန်အတွက် ကျောင်းများ နို့တိုက်ကျွေးရေးစီမံကိန်းအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ နှင့် စေတနာရှင်များ ပူးပေါင်းကာစီစဉ်ဆောင် ရွက်နေသကဲ့သို့ မြန်မာနိုင်ငံ မြို့နယ်အချို့ရှိ ကျောင်းများကလည်း တာဝန်ရှိသူများ၊ စေတ နာရှင်များမှ မိမိတို့အစီအစဉ်ဖြင့် စီစဉ်တိုက် ကျွေးလျက်ရှိကြပါသည်။ ကျောင်းနေအရွယ် ကလေးငယ်များ နို့တိုက်ကျွေးရေးစီမံကိန်း (School Milk Programme) သည် တစ်နေ့ တစ်ရက်တစ်နံနက်တည်း ဆောင်ရွက်ပေး ခြင်း မဟုတ်ဘဲ စဉ်ဆက်မပြတ်ဆောင်ရွက် ကြရန်လိုအပ်ပါသဖြင့် ပြည်သူတစ်ရပ်လုံးက အမျိုးသားရေးအသွင်ဖြင့် စုပေါင်းပါဝင် ဆောင်ရွက်ကြပါရန် နှိုးဆော်လိုက်ရပါသည်။

GO & GO Travels and Tours Co.,Ltd.
အထူးခရီးစဉ်များ
အမေရိကား (၁၅ ရက်) ၁၁-၁-၂၀၁၅
ဩစတြေးလျ (၁၀ ရက်) ၁၄-၁၂-၂၀၁၄
ကိုရီးယား-ဂျပန် (၁၀ ရက်) ၁၀-၁၁-၂၀၁၄
အင်္ဂလန် (၁၀ ရက်) ၁၆-၁၂-၂၀၁၄
ဥရောပ ၆ နိုင်ငံ (၁၅ ရက်) ၁၂-၁၂-၂၀၁၄
ဗုဒ္ဓဂါယာ (၈ ရက်) ၂၇-၁၂-၂၀၁၄ with 4*Hotel
6th Nov' - 31st Dec' ခရီးစဉ်များ
ဒူဘိုင်း (၈ ရက်)/ဘန်ကောက် (၅ ရက်)
ဗီယက်နမ် (၅ ရက်)/ကမ္ဘောဒီးယား (၅ ရက်)
စင်ကာပူ-အင်ဒိုနီးရှား-မလေးရှား (၇ ရက်)
ဘန်ကောက်-စင်ကာပူ-မလေးရှား (၁၀ ရက်)
သီရိလင်္ကာ-မော်ဒိုက် (၈ ရက်)
ဟောင်ကောင်-မကာအို (၆ ရက်)
Leisure Trip (4Ds - 3 Ns)
ဘာလီ ဖူးခက် မော်လ်ဒိုက်
ပြင်သစ်-စပိန်-ပေါ်တူဂီ (၁၃ ရက်) ၁၄-၁၂-၁၄
အင်္ဂလန်-ပြင်သစ်-စပိန်-ပေါ်တူဂီ (၁၆ ရက်) ၁၀-၁၂-၁၄
Contact : 09-402709876, 09-5154804, 09-43122659 (Mdy)

ရွှေပဒုမ္မာမြေ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
▲ ဗုဒ္ဓဂယာ၊ ရာဇဂြိုလ်၊ ဗာရာဏသီ ၄ ည ၅ ရက်
▲ သံဝေဇနီယလေးဌာန၊ ရာဇဂြိုလ်၊ နာလန္ဒာ ၇ ည ၈ ရက်
▲ (သံဝေဇနီယ၊အဝိဇဟိတ) လေးဌာန၊ နယူးဒေလီ ၁၄ ည ၁၅ ရက်
အပတ်စဉ်တိုင်းခရီးစဉ်များထွက်ရှိပြီးဦးဆောင်ဆရာတော်(၁)ပါးပါရှိပါသည်။
(၁၁)ဦးစုစည်းပြီးလိုက်ပါလျှင်(၁)ဦးအပိုလိုက်ပါနိုင်ပါသည်။စာရင်းပေးသွင်းနိုင်ပါသည်။
အမှတ် (၁၀၀)၊လမ်းသစ်လမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
09 73036666,09 73064666,09 5136466,09 8636466,0933337762

You say more than you think
by Janine Driver with Mariska Van Aalst
**ကိုယ်ဟန်အပြုအမူပြောင်းလဲခြင်းမှ အောင်မြင်ခြင်းဆီသို့**
**နိုင်းနိုင်းစနေ**
စာအုပ်ဆိုင်တိုင်းတွင်ရပြီ တန်ဖိုး ၂၅၀၀ ကျပ်
ဤစာအုပ်တွင် နမူနာပြဓာတ်ပုံများပါရှိပြီး အမေရိကန်နိုင်ငံ၏ FBI, CIA, DIA ဌာနများတွင် လေ့ကျင့်ပို့ချခဲ့သောသင်ခန်းစာများ ပါရှိပါသည်၊
လွယ်ကူပြည့်စုံသော Body Language လက်စွဲစာအုပ်ဖြစ်သည်၊
မိမိကိုယ်ကိုယ် ယုံကြည်မှုတိုးတက်စေရန်နှင့် သူတစ်ပါး၏လှုပ်ရှားမှုကို ဖတ်ရှုနားလည်တတ်စေရန် (၇)ရက်သင်ခန်းစာများနှင့်အတူ FBI တွင် မှုရင်းစာရေးသူတာဝန်ထမ်းဆောင်စဉ်အခါက အတွေ့အကြုံများဖြင့် ဝေဝေဆာဆာဖော်ပြထားပါသည်၊
Synergy Publications : 01 240151, 09 254006049, 09 50 33941



ကိုရီးယားအစားအစာ
**Training** သင်တန်းဖွင့်ပြီ
Korea နိုင်ငံမှ နှစ်(၃၀)ကျော် ဝါရင့် စားဖိုမှူးကိုယ်တိုင် လက်တွေ့ သင်ကြား ပြသပါမည်။ ဖုန်း-၀၁-၅၇၉၆၂၄၊ ၀၉-၃၂၂၅၉၆၇၃။ ၀၉-၄၉၂၈၄၈၈၈

ရောင်းမည်
၂၈၊ ဟိုင်းလက်(အပ်ကား) လိုင်စင် ဝင်ရန် အသင့်
ဖုန်း (၀၉-၂၅၀၂၈၈၀၄၇/ ၀၉-၇၃၂၁၃၅၉၅)

ရုံးပြောင်းရွှေ့ခြင်းကြေညာချက်
EMP Co.,Ltd. (အမှတ် ၂၂၂၊ ဗိုလ်မြတ်ထွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့) ရုံးအား အောက်ပါလိပ်စာအသစ်သို့ ၂၀၁၄ခုနှစ်၊ နိုဝင်ဘာလ(၃) ရက်မှစတင်၍ ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ပါကြောင်း ကိုယ်စားလှယ်ကြီးများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။
အမှတ်(၂၃)၊ ဇီဇဝါဥယျာဉ်၊
သံသုမာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။၁၁၀၉၁
ဖုန်း-၀၁-၅၇၀၁၉၇၊ ၀၉-၇၉၅၈၁၀၄၄၅၊ ၀၉-၇၉၅၈၁၀၄၄၆၊ ၀၉-၇၉၅၈၁၀၄၄၇
Customer Service Hotline;
09-795810442, 09-795810443

# ခရမ်းမြို့စက်သုံးဆီအရောင်းဆိုင်၌ မီးဘေးအန္တရာယ်ကာကွယ်ရေး အသိပညာပေးနှင့် လက်တွေ့သရုပ်ပြသ

**ခရမ်း၊ အောက်တိုဘာ ၃၀**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ပဲခူး-ရန်ကုန်ကားလမ်းမကြီးဘေးရှိ ရတနာစက်သုံးဆီအရောင်းဆိုင်တွင် အောက်တိုဘာ ၂၈ ရက် နံနက် ၁၁ နာရီက မီးဘေးအန္တရာယ်ကင်းဝေးစေရန် အသိပညာပေးဟောပြောပွဲနှင့်လက်တွေ့သရုပ်ပြသပွဲအား ပြုလုပ်ခဲ့သည်။



အဆိုပါ မီးဘေးကြိုတင်တင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် လက်တွေ့သရုပ်ပြပွဲသို့ ခရမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းအောင်နှင့် ဒုဦးစီးမှူးများ၊ ခရမ်းမြို့မရဲတပ်ဖွဲ့မှ ရဲမှူးကြီးလွင်နှင့် တပ်ဖွဲ့ဝင်များ၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနှင့် လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်နိုင်အုန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ အမှတ် (၃) ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ ရတနာစက်သုံးဆီဆိုင်မှ တာဝန်ခံ ဦးအောင်နိုင်ဦးနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

မြို့နယ်အဆင့်တာဝန်ရှိသူများကို ရတနာစက်သုံးဆီဆိုင်အတွင်း မီးငြိမ်းသတ်မှုဆိုင်ရာပစ္စည်းများ ထားရှိမှု၊ ဆီသိုလှောင်ကန်များ၏ လုံခြုံရေးအစီအမံများ၊ မီးငြိမ်းသတ်ရေးအထောက်အကူပြုပစ္စည်းများ ထားရှိမှုနှင့် လျှပ်စစ်ဓာတ်အားကြိုးများ တပ်ဆင်သုံးစွဲမှုများနှင့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရတနာစက်သုံးဆီဆိုင်တာဝန်ခံ ဦးအောင်နိုင်ဦးကပြောပြခဲ့သည်။

ယင်းနောက် ခရမ်းမြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်ဦးက မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခဲ့ပြီး မီးသတ်တပ်ဖွဲ့ဝင်များမှ မီးငြိမ်းသတ်ခြင်းအား လက်တွေ့သရုပ်ပြသခဲ့ကြောင်း သိရသည် ။ **ကိုမင်း(ခရမ်း)**

# တိုင်းဒေသကြီး၊ ပြည်နယ်အသင်းအမှုဆောင်နှင့် အသင်းဝန်ထမ်းများ သမဝါယမမွမ်းမံသင်တန်း သမဝါယမတက္ကသိုလ်(စစ်ကိုင်း)၌ ဖွင့်လှစ်

**စစ်ကိုင်း၊ အောက်တိုဘာ ၃၀**

တိုင်းဒေသကြီး၊ ပြည်နယ်အသင်းအမှုဆောင်နှင့် အသင်းဝန်ထမ်းများ သမဝါယမမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၇ ရက် နံနက် ၉ နာရီက သမဝါယမတက္ကသိုလ်(စစ်ကိုင်း) မြသရဖီခန်းမတွင် ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာရီရီဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဌာနမှူးများ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင်၊ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူများ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်များမှ အသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်းများဖြစ်သည့် သင်တန်းသူ၊ သင်တန်းသား ၁၀၀ ဦး တက်ရောက်ကြကြောင်း သိရသည်။

ရှေးဦးစွာ သမဝါယမတက္ကသိုလ်(စစ်ကိုင်း) ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယပါမောက္ခချုပ် (စီမံ) ဦးအောင်နိုင်က သင်တန်းဆိုင်ရာကိစ္စများ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သမဝါယမဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ သမဝါယမဦးစီးဌာန၏ ကြီးကြပ်စီစဉ်မှုဖြင့် သမဝါယမဝန်ကြီးဌာန၏ ဦးတည်ချက်နှစ်ရပ်နှင့် လုပ်ငန်းစဉ်ငါးရပ်ကို အသင်းမှ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့် သမဝါယမ လုပ်ထုံးလုပ်နည်းများ၊ ရုံးလုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ၊ စာရင်းရေးစာရင်းကိုင်နှင့် စာရင်းစစ်ခြင်းလုပ်ငန်းများ၊ အသေးစားအရင်းအနှီးချေးငွေ (Micro Capital Lone) လုပ်ငန်းများ၊ ခေတ်စနစ်နှင့်လျော်ညီသော စဉ်းစားတွေးခေါ်မှုပြောင်းလဲခြင်းဆိုင်ရာများ သိရှိနားလည်ပြီး သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လုပ်ကိုင်မှုများကို သိရှိနားလည်သဘောပေါက်စေရန်နှင့် မိမိတို့အသင်း၏ စာရင်းဇယားများရေးဆွဲမှု၊ စာရင်းထားသိုမှု၊ စာရင်းစစ်ဆေးမှုများကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး အောက်တိုဘာ ၂၇ ရက်မှ စက်တင်ဘာ ၅ ရက်ထိ ၁၀ ရက်ကြာဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **ထွေးမြင့်နိုင်(စစ်ကိုင်း)**

# ငါးလုပ်ငန်းဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ရေလုပ်သားများအား ငါးရှဉ့်မြှုံးများ ပေးအပ်

**ရန်ကုန်၊ အောက်တိုဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး၊ တိုင်းရင်းငါးမျိုးထိန်းသိမ်းရန်နှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော တိုက်ကြီးမြို့နယ်ရှိ တော်ခရမ်းအင်းအတွင်းသို့ အောက်တိုဘာ ၂၆ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးမှူး ဦးကျော်မင်း၊ ခရိုင်ဦးစီးမှူး ဦးသန့်ဇင်၊ မြို့နယ်ဦးစီးမှူး ဦးတင့်အောင်နှင့် ဝန်ထမ်းများ၊ အင်းလုပ်ကိုင်သူများက သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အင်းအတွင်းရှိ ယင်းတားလှောင်အိမ်အတွင်းသို့ ၆ လက်မအရွယ် ရွှေရောင်ငါးကြင်း ၃၇၅၀ ကောင်၊ ငါးခုံးမကြီး ၁၈၀၀ ကောင်တို့အား ထည့်သွင်းမွေးမြူခဲ့သည်။

ထို့ပြင် ပိုက်လှောင်အိမ်ခြောက်လုံးအတွင်း၌ မွေးမြူထားသောငါးများအနက် ၆ လက်မအရွယ် စူလတန်ငါး ၁၄၀ ကောင်၊ ငါးခုံးမကြီး ၁၉၀၀ ကောင်တို့အား တော်ခရမ်းအင်း အိုင်မအတွင်းသို့ သုတေသနပြုလုပ်မွေးမြူရန် ထည့်သွင်းခဲ့ပြီး အလားတူ ၄ လက်မအရွယ် ငါးခေါင်းပွ ၈၀၀၀ ကောင်ကိုလည်း အင်းချောင်းအတွင်းရှိ ယင်းတားလှောင်အိမ်အတွင်းသို့ ထည့်သွင်းမွေးမြူခဲ့သည်။

နေ့လယ်ပိုင်းတွင် တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးနှင့်အဖွဲ့သည် ငါးထုတ်လုပ်မှုမြင့်မားလာစေရေး၊ ရေလုပ်သားများ ဝင်ငွေတိုးတက်စေရန်နှင့် ကျေးလက်ဖွံ့ဖြိုးရေးကို ရည်ရွယ်၍ ငါးရှဉ့်ဖမ်းလုပ်သားများကို ငါးရှဉ့်မြှုံးများပံ့ပိုးပေးရာ လောက်လေးချောင်းကျေးရွာအုပ်စုမှ ရေလုပ်သား ၅၃ ဦးအတွက် ငါးရှဉ့်မြှုံး ၁၀၆၀ လုံး၊ ရင်းတိုက်ကွင်းကျေးရွာအုပ်စု ရေလုပ်သား ၉၃ ဦးအတွက် ငါးရှဉ့်မြှုံး ၁၈၆၀ လုံး ပေးအပ်ခဲ့ကြောင်း သိရသည်။ **ထွန်းလှိုင်(မြိုင်)**

# မော်လမြိုင်ကျွန်းမြို့နယ်၊ ကျွဲခြံကျုံလမုကျေးရွာ၌ ဓာတ်ကြိုးပြတ်ကျ၍ ကလေးနှစ်ဦး ဓာတ်လိုက်စဉ် ဝင်ရောက်ကယ်ဆယ်သူ လေးဦးသေဆုံး

**မော်လမြိုင်ကျွန်း၊ အောက်တိုဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့၊ ခုတင်(၁၀၀)ပြည်သူ့ဆေးရုံသို့ ဓာတ်လိုက်သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများ အောက်တိုဘာ ၂၅ ရက် ည ၉ နာရီခွဲက ရောက်ရှိနေကြောင်း သတင်းအရ မော်လမြိုင်ကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်အုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မော်လမြိုင်ကျွန်းမြို့နယ်၊ ကျွဲခြံကျုံလမုကျေးရွာနေ ဒေါ်လှမြင့် ၇၀ နှစ်၊ ဒေါ်အေးမူ ၄၀ နှစ်၊ မဝင်းသူဇာ(ခ)ဝင်းဝင်း ၂၈ နှစ်နှင့် ကိုမျိုးသူရအောင် ၂၅ နှစ်တို့ လေးဦးမှာ ဓာတ်လိုက်ခံရသည့်ဒဏ်ရာများဖြင့် သေဆုံးနေပြီး တစ်ရွာတည်းနေ ကိုဖြိုးမင်း ၂၆ နှစ် မောင်မင်းထက်ကျော် ၁၁ နှစ်နှင့် မပန်းအိဖြူအသက် သုံးနှစ်တို့သုံးဦး ဆေးကုသမှုခံယူနေသည်ကို တွေ့ရှိရသည်။

စစ်ဆေးချက်အရ ယင်းနေ့ ည ၆ နာရီက ဒေါ်အေးမူ၏ နေအိမ်ရှေ့တွင် မောင်မင်းထက်ကျော်က မပန်းအိဖြူအားပွေ့ချီ၍ ဆော့ကစားနေစဉ် ကျေးရွာအတွင်း ပုဂ္ဂလိကပိုင် မီးပေးရန်သွယ်တန်းထားသည့် ဓာတ်ကြိုးပြတ်ကျရာမှ မောင်မင်းထက်ကျော်နှင့် မပန်းအိဖြူတို့ ဓာတ်လိုက်၍ လဲကျသွားသဖြင့် မပန်းအိဖြူ၏မိခင်ဖြစ်သူ မဝင်းသူဇာ(ခ)ဝင်းဝင်း၊ ဒေါ်လှမြင့်၊ ဒေါ်အေးမူ၊ ကိုဖြိုးမင်းနှင့် ကိုမျိုးသူရအောင်တို့က သွားရောက်ဆွဲထူခဲ့ရာက ဓာတ်လိုက်ခံရပြီး သေဆုံးဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသောကြောင့် မော်လမြိုင်ကျွန်းမြို့မရဲစခန်း၊ သေမှုသေခင်းအမှတ်စဉ် (၆/၂၀၁၄)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

GUSTO
Institute of Information Technology

➡ ယနေ့ ၂၁ရာစုမှာ အလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာ ပညာရှင် ဖြစ်လိုပါသလား?
➡ နိုင်ငံတကာ တက္ကသိုလ်ကြီးများမှ B.Sc.(Hons:) Computing ဘွဲ့ကို ပြည်တွင်း၌ အချိန်တိုအတွင်း စရိတ် သက်သာစွာဖြင့် ရယူလိုပါသလား?



November Intake အတွက် ကျောင်းလျှောက်ထားနိုင်ပါပြီ။

International Diploma/ Degree Program
HND Diploma in Computing (UK)
B.Sc.(Hons:) Computing (UK)

# 289 (A) Pyay Road, Sanchaung Tsp, Yangon. CALL NOW! 09- 8628806, 09-73031302

ရွှေဘုန်းပြည့်၏တန်ဆောင်တိုင်ခရီးစဉ်များ Nov 4,9

* ချင်းမိုင် (၄ရက်) 550usd * ဗန်ကောက်(၆ရက်) 650usd
* ချင်းမိုင်-လာအို (၈ရက်) 1350usd * ဗီယက်နမ်(၄ရက်) 750usd
* စင်ကာပူ (၄ရက်) 750usd * ကမ္ဘောဒီးယား (၆ရက်) 750usd
* ဗုဒ္ဓဂယာ (၈ရက်)၇. ၅သိန်း(၁၂ရက်)၈. ၅သိန်း(၁၅ရက်)၉. ၅သိန်း

အမှတ်(၃၈)အောင်ဇေယျလမ်း၊ကျောက်ကုန်း။ 01.566101,09-73060048,09-30043101

နယုဉ်
ဝတ္ထုတိုပေါင်းချုပ် (၂)
ပထမအကြိမ်၊ ၂၀၁၄
နယုဉ်စာပေ (၀၉-၇၃၀၅၀၆၉၄ ၊ ၀၁-၉၀၀၀၈၇၀)
ထွက်ပြီ

# သာစည်မြို့နယ်အတွင်း မိုးမြေပဲလှိုင်လှိုင်ပေါ်ချိန် မြေပဲဆွတ်ပေးသူများ တွက်ခြေကိုက်လျက်ရှိ

**သာစည်၊ အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းရှိ ကျေးရွာများတွင်စိုက်ပျိုးထားသော မိုးမြေပဲများ လှိုင်လှိုင်ပေါ်ချိန် မြေပဲဆွတ်၍ ဝန်ဆောင်မှုပေးသူများကို လုပ်အားခအဖြစ် မြေပဲပေးဆွတ်စေခြင်းဖြင့် မြေပဲဆွတ်သူများ တွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။

မိုးမြေပဲများ လှိုင်လှိုင်ပေါ်ချိန် မြေပဲနုတ်အလုပ်သမားရှားပါးခြင်းတို့ကြောင့် အလုပ်သမားခေါ်ယူရာတွင် လုပ်အားခဈေးပိုပေး၍ခေါ်ယူရသော်လည်း မြေပဲဆွတ်ရာတွင် အလုပ်သမားခေါ်ယူစရာမလိုဘဲ မြေပဲဆွတ်ဝန်ဆောင်မှုပေးသူများကို မြေပဲပေးဆွတ်စေခြင်းဖြင့် မြေပဲဆွတ်သူများ တွက်ခြေကိုက်ကြောင်း သိရသည်။

"မြေပဲဆွတ်ရာမှာ မြေပဲတစ်တင်းရရင် ဝန်ဆောင်ခအဖြစ် မြေပဲနှစ်ပြည်ရပါတယ်။ လူတစ်ယောက်ကို တစ်ရက် မြေပဲနှစ်တင်းခွဲဆွတ်နိုင်ပြီး ဝန်ဆောင်ခအဖြစ် မြေပဲငါးပြည်ရပါတယ်။ မြေပဲလှိုင်လှိုင်ပေါ်ချိန် မိသားစုသုံးယောက် လောက်နဲ့ ၁၀ ရက်လောက်ပဲ မြေပဲလိုက်ဆွတ်တာ မြေပဲဆယ်တင်းရတဲ့အတွက် မြေပဲဆံ ငါးပြည်စိုက်ပျိုးတာနဲ့ အညီ မြေပဲရရှိပါတယ်။ မြေပဲဆွတ်တဲ့သူတွေက ဝန်ဆောင်ခအဖြစ် ငွေပေးရင် မြေပဲဆွတ်မဲ့သူ မရှိပါဘူး။ မြေပဲပေးဆွတ်ခိုင်းမှ မြေပဲဆွတ်လိုသူများပါတယ်" ဟု မြေပဲစိုက်ပျိုးသူ တစ်ဦးကပြောသည်။

ယင်းဒေသတွင် မြေပဲလှိုင်လှိုင်ပေါ်ချိန် မြေပဲအစိုတစ်ပြည် ငွေကျပ် ၆၀၀ ဖြင့် အရောင်းအဝယ်ဖြစ်သော်လည်း မြေပဲကိုရောင်းချရာတွင် မြေပဲရောင်းချခြင်းထက် မြေပဲကို ဆီကြိတ်ပြီး ရောင်းချခြင်းက ပိုမိုတွက်ခြေကိုက်ကြောင်းနှင့်ယခုနှစ် မိုးရွာသွန်းမှုနည်းသော်လည်း မြေပဲစိုက်တောင်သူများ မြေပဲအထွက်ကောင်း၍ တွက်ခြေကိုက်လျက်ရှိသည်။ **မျိုးမင်း(သာစည်)**

## ခင်ဦးမြို့နယ်မီးသတ်တပ်ဖွဲ့သို့ ရေဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ်အသစ်တစ်စီး ပေးအပ်

**ခင်ဦး၊ အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ် မီးသတ်တပ်ဖွဲ့သို့ ငွေကျပ်သိန်း ၂၅၀ တန် ရေဂါလန် ၈၀၀ ဆံ့ မီးသတ်ယာဉ်အသစ်တစ်စီး ပေးအပ်ရာ ခင်ဦးမြို့သို့ အောက်တိုဘာ ၂၇ ရက် ညနေ ၄ နာရီက ရောက်ရှိခဲ့သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မျိုးငြိမ်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှငွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဦးစောဦး၊ မြို့မိမြို့ဖများ၊ မြို့နယ်အထောက်အကူပြုအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ စခန်းတာဝန်ခံ ဦးရန်ပိုင်ဖြိုးနှင့် သန္နေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်းအင်အား ၁၅၀ ကျော်က မြို့အဝင်တွင် အဆိုပါမီးသတ်ကားအား သွားရောက်ကြိုဆိုခဲ့ပြီး လမ်းမတော်တစ်လျှောက် လှည့်လည်ပြသခဲ့သည်။

ခင်ဦးမြို့နယ် မီးသတ်တပ်ဖွဲ့သည် ယခင်က ၃ ယူနစ် မီးသတ်စခန်းဖြစ်ပြီး ယခုအချိန်တွင် ၅ ယူနစ် မီးသတ်စခန်းအဖြစ် အဆင့်တိုးမြှင့်လိုက်ကာ မြို့နယ်မီးသတ်တပ်ဖွဲ့စခန်းတွင် မီးသတ်ယာဉ် လေးစီးရှိပြီဖြစ်သည်။ **ခင်ဦးစိုးဝေ**

## လယ်ယာသုံးစက်ကိရိယာထိန်းသိမ်းမောင်းနှင်မှု (အခြေခံ)သင်တန်းဖွင့်

**ဘုတလင်၊ အောက်တိုဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန၊ အမှတ် (၆၂) ထွန်စက်စခန်းက ကြီးမှူးပြုလုပ်သော ပြည်သူဗဟိုပြု ပြည်သူ့ဝန်ဆောင်မှု၊ ပြည်သူအကျိုးပြုလုပ်ငန်းအနေဖြင့် လယ်ယာသုံး စက်ကိရိယာ ထိန်းသိမ်းမောင်းနှင်မှု(အခြေခံ)သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းလှိုင်၊ မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဘုတလင်မြို့နယ်အတွင်းရှိ ကျေးရွာများမှ စိတ်ပါဝင်စားသည့် တောင်သူများပါဝင်သော သင်တန်းသား ၃၀ ဦး၊ စုစုပေါင်းအင်အား ၅၀ ဦး တက်ရောက်သည်။

မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးထွန်းထွန်းဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်း စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းဆွေးနွေးသည်။

သင်တန်းနည်းပြများအဖြစ် ဦးစီးအရာရှိ ဦးထွန်းထွန်းဝင်းနှင့် ဝန်ထမ်းလေးဦးတို့က စာတွေ့၊ လက်တွေ့ ပို့ချဆွေးနွေးမည်ဖြစ်ပြီး အဆိုပါသင်တန်းကို နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ပို့ချမည်ဖြစ်ကာ သင်တန်းကာလမှာ ၁၀ ရက် ကြာမြင့်မည်ဖြစ်သည်။ **မြို့နယ်(ပြန်/ဆက်)**

## နတ်တလင်းမြို့ပြည်သူ့ဆေးရုံကြီးတွင် အရန်သားဖွားသင်တန်းဆင်းပွဲကျင်းပ

**နတ်တလင်း၊ အောက်တိုဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင် နတ်တလင်းမြို့ ပြည်သူ့ဆေးရုံခန်းမတွင် အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက အရန်သားဖွားသင်တန်းဆင်းပွဲအခမ်းအနား ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က ကျန်းမာရေးစောင့်ရှောက်မှုဝေးကွာနေသောနေရာများတွင် ယခုလို အရန်သားဖွားဆရာမများ မွေးထုတ်ပေးခြင်းမှာ လိုအပ်သောကျန်းမာရေးကွက်လပ် ဖြည့်ဆည်းဆောင်ရွက် ပေးခြင်းနှင့်နတ်တလင်းမြို့နယ်တွင် မြို့ပေါ် ၄ ရပ်ကွက် အပါအဝင် ကျေးရွာအုပ်စုပေါင်း၈၂ အုပ်စုရှိရာဒေသခံပြည်သူများနှင့် ကျန်းမာရေး ဆရာ၊ဆရာမများ နှိုင်းယှဉ်လျှင် နည်းပါးနေသေးပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဆရာဝန်ကြီး ဒေါ်စိုးလှိုင်ဦးကလည်း သင်တန်းကာလခြောက်လအတွင်း သင်ကြားထားသော စာတွေ့လက်တွေ့ပညာရပ်များကို သေချာစွာမှတ်သားပြီး မိမိတို့ဒေသခံပြည်သူများ၏ ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် တစ်နှစ်မှငါးနှစ်အတွင်း ကလေးသူငယ်များ သေဆုံးမှု အတတ်နိုင်ဆုံးနည်းပါးသွားအောင် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားကြရန်၊ လိုအပ်ပါက အချိန်မီ ဆေးခန်းများ၊ ဆေးရုံများသို့ ပို့ဆောင်ပေးကြရန်ဆေးပညာနှင့်ပတ်သက်၍ မသိသေးသည်များရှိပါက သက်ဆိုင်ရာကျန်းမာရေးတာဝန်ရှိသူများအား မေးမြန်းကြရန် ပြောသည်။

အဆိုပါသင်တန်းကာလမှာ မေ ၂ ရက်မှ အောက်တိုဘာ ၂၉ ရက်ထိဖြစ်ပြီး သင်တန်းသူ ၂၄ ဦးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ NGO အဖွဲ့အစည်းများ စုစုပေါင်း ၅၀ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(ဝ၇၁)**

## နွားထိုးကြီးမြို့နယ်အတွင်းရှိ ရေပြွန်တံတားများ တိုးချဲ့တည်ဆောက်လျက်ရှိ

**နွားထိုးကြီး၊ အောက်တိုဘာ ၃၀**

နွားထိုးကြီးမြို့ရှိ မြင်းခြံ-မန္တလေး သုံးမိုင်ကျော်ရှည် လမ်းမကြီးတွင် ရေပြွန်တံတား ၁၀ စင်းကို ဂုက်ပါဝါကုမ္ပဏီက လမ်းပေ ၄၀ နှင့်အညီ တစ်ဖက် ၅ ပေ × ၁၀ ပေချဲ့ ပေ ၄၀ ကျယ်တံတားများ တည်ဆောက်နေကြောင်း သိရသည်။

မြင်းခြံ-မန္တလေးကားလမ်းတွင် ၁၈ ပေကျယ်လမ်း ၂၄ ပေကျယ်လမ်းများနှင့် ယာဉ်နှစ်စီးအရှိန်မလျှော့ဘဲ မောင်းနှင်နိုင်ရန် စီစဉ်နေသော်လည်း အဆိုပါတံတားကျဉ်းနေ၍ ယာဉ်အန္တရာယ် ယာဉ်တိုက်မှုများ မကြာခဏဖြစ်နေသဖြင့် တံတားများ၊ ရေပြွန်များ လမ်းချဲ့တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

လမ်းအကျယ်နှင့်အညီ တံတားများကို မြင်းခြံ-မန္တလေးလမ်း၊ မြင်းခြံ-နွားထိုးကြီးလမ်း လမ်းပိုင်းခွဲများအား ပြင်ဆင်လျက်ရှိနေရာ ယခုအခါ နွားထိုးကြီးမြို့ထဲသို့ ရေပြွန်တံတားများ ပေ ၄၀ တိုးချဲ့လာခြင်းဖြစ်သည်။ **ခင်ဇာမွန်မြင့်**



**ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာနမှ မြတ်ဆရာပူဇော်ပွဲကျင်းပနိုင်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ရာမညဆောင် အခန်းအမှတ် (၁၀၁) ၌ ကျင်းပရာ ၁၉၈၂ ခုနှစ် ဥပဒေပညာဘွဲ့ရများက အလှူငွေကျပ် သိန်း ၆၀ ကို ပေးအပ်ရာ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးဘတင့်ဆွေ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးတင်ဝင်းလှိုင်နှင့် ဒေါ်မင်းမင်းကျော်တို့က လက်ခံရယူကြသည်။**

သတင်းနှင့် ဓာတ်ပုံ - ကြေးမုံ

MCC.i
MCC Training Institute



www.inter.siam.edu
Hot Line - 246634, 2304156
Yangon Campus Ph - 01-245762, 249152, 395512, 246634. Mandalay Campus Ph - 09-91034062, 09-402671562, 02-77930

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ
တိုက်ရိုက်တက်ရောက်နိုင်သော ဘွဲ့သင်တန်း
BBA
စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုဘွဲ့
Bachelor of Business Administration
- B.B.A (International Business)
နိုင်ငံတကာ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုဘွဲ့
- B.B.A (Hotel and Tourism)
ဟိုတယ် နှင့် ခရီးသွား စီမံခန့်ခွဲမှုဘွဲ့
Awarded by: Siam University
Opening Date: 24 Nov 2014

Fork Lift
ရောင်းမည်
NissanVanetle
ဓာတ်ဆီ အင်ဂျင်
running hour နည်း
အသင့်သုံးနိုင် (ညှိနှိုင်း)ဈေး
ဖုန်း-၀၉-၂၅၀၆၆၅၁၇၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ
မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂/ကေ၊ မြေကွက်အမှတ်-ပဥ္စမတန်းစား၊ မြေကွက်တည် နေရာအမှတ် (၆၀)၊ (၉၃) လမ်း၊ ကန်တော်ကလေးတောင်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မကျင်ထွေးအမည်ပေါက်နှစ်(၃၀) ဂရန်မြေအားအမည်ပေါက် ဒေါ်ကျင်ထွေး (မိခင်) နှင့် ဦးမောင်ကျန် (ခ) ဦးလင်စိုင်ခင်(ဖခင်) တို့ ကွယ်လွန်သဖြင့် ဒေါ်ထွေးစိန် (၁၂/လသန (နိုင်) ၀၀၉၉၁၇)၊ ဒေါ်တင်တင်နွဲ့ (၁၂/လသန (နိုင်) ၀၁၁၁၂၇)၊ ဒေါ်ခင်စန်း(၁၂/လသန (နိုင်) ၀၀၈၇၄၃)တို့မှ သမီးများတော်စပ်ကြောင်းကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## (၁၈)နှစ်နှင့် (၂၈) နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာနှင့် ဒါယိကာမကြီး ပါမောက္ခဦးဝင်းရှိန် (ဂိုးဖလိပ်)နှင့် ဒေါ်သန်းခင်**

ကျေးဇူးကြီးမားလှပါသော ဖခင်ဦးဝင်းရှိန်(ဂိုးဖလိပ်)ကွယ်လွန် သည်မှာ (၃၁-၁၀-၂၀၁၄)နေ့တွင် (၁၈)နှစ်ပြည့်နှင့်မိခင်ဒေါ်သန်းခင် ကွယ်လွန်သည်မှာ (၂၆-၅-၂၀၁၄)နေ့တွင် (၂၈)နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း တစ်နေ့မှမေ့မရခဲ့ပါ။ ဖယ်ဒီနှင့်မာမီတို့၏ကျေးဇူးတရားကို အစဉ်သတိရလျက် ဖယ်ဒီနှင့်မာမီအား ရည်စူး၍ဆွမ်းနှင့် ကထိန်သင်္ကန်းကပ်လှူသော ကုသိုလ်ကောင်းမှုအစုစုတို့ကို မြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

ဖယ်ဒီဦးဝင်းရှိန်(ဂိုးဖလိပ်)နှင့် မာမီမိခင်ဒေါ်သန်းခင်တို့၏ ရင်နှစ်သည်းချာသားသမီး၊ မြေးများ

| | |
|---|---|
| သားကြီး | - ဦးငွေးနွယ် + Dr.ငြိမ်းစုမြတ် (Perth, Austrlia) |
| မြေး | - Shann Linsay Vallerie (ခ)ကေသီနွယ်ဇင် |
| သားလတ် | - Dr. ငွေးနိုင် + ဒေါ်စောသီရိသန့် (UK) |
| မြေးများ | - ဝဏ္ဏငွေးနိုင်(USA)၊ စောဖုန်းနိုင် (UK) |
| သမီး | - ဒေါ်သန်းသန်းဝင်း+ KT ဦးတင့်လွင် |
| မြေးများ | - ဝင်းမို့မို့လွင်တူး+ဦးနိုင်ဦး၊ ဝင်းပို့ပို့လွင်တူး+ဗိုလ်မှူးရန်နိုင်၊ ဝင်းပပလွင်တူး+မှူး/ဗကလင်းထွဋ်ဦး၊ ဇင်မင်းမင်းလွင်တူး |
| သားငယ် | - Dr.ရှိန်မြင့်+ဒေါ်မာလာညွန့် |
| မြေးများ | - ဇင်မာမြင့် (Singapore)၊ သင်ဇာမြင့် (UK) |

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးအောင်သင်း**

**အမျိုးသားစာပေ တစ်သက်တာဆုရှင်(၂၀၁၂ခုနှစ်)**

**အသက်(၈၈)နှစ်**

အမျိုးသားစာပေတစ်သက်တာဆုရှင် စာရေးဆရာကြီး ဦးအောင်သင်းသည် ၂၅-၁၀-၂၀၁၄ရက် နံနက် ၁၁နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံသတင်းစာဆရာအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးကံဆယ်**

**အသက်(၈၉)နှစ်**

**(ကျောက်ပန်းတောင်း)**

ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးအောင်မြင့်-ဒေါ်တင်တင်နွယ်တို့၏ ကျေးဇူးရှင် ဖခင်ကြီး၊ ဦးကံဆယ် အသက်(၈၉)နှစ်သည် ၂၈-၁၀-၂၀၁၄ရက် ၇နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ငွေပင်လယ်မွေးမြူရေးနှင့် ရေလုပ်ငန်းကုမ္ပဏီလီမိတက် ဝန်ထမ်းမိသားစုများ**

## အထူးကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ တိုက် F-101၊ အနော်ရထာအိမ်ရာနေ ဒေါ်မြမြရီ(မဥ္ဇူရုပ်ရှင်)၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်ထွေး (ရုပ်ရှင်သရုပ်ဆောင်)အသက် (၇၃)နှစ် နာမကျန်းဖြစ်စဉ် ပြုစုကုသပေးသော သုခကမ္ဘာဆေးရုံမှ ပါရဂူဆရာကြီး ဦးရဲသွေးနှင့် ဆရာဝန်၊ ဆရာမများ၊ သူနာပြုများနှင့် အနီးကပ်ဂရုစိုက် ပြုစုပေးသော ဆရာမအန်တီဝေ၊ ဆရာမျိုး၊ ဆရာငွေထွန်း၊ ဆရာငွေးဝင်းနှင့် တာဝန်ရှိသူများအားလည်းကောင်း၊ နာမကျန်းစဉ်နှင့် နာရေးကိစ္စအဝဝတို့တွင် မိသားစုစိတ်ဓာတ်ဖြင့် လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ မေးမြန်းအားပေးကူညီကြပါသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Royal Land မှ MD ဦးမျိုးကိုကိုအားလည်းကောင်း နာရေးကိစ္စတွင်ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသူ၊ ကျေးဇူးတင်ထိုက်သူ အားလုံးအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ တံကဲ၊ စောင်းတန်း၊ ဓမ္မာရုံ ဒါယိကာမကြီး**

**ဒေါ်တင်ညွန့်(ပခုက္ကူ)**

**အသက်(၉၅)နှစ်**

ဗိုလ်ချုပ်ကက်စိန်(ငြိမ်း)-ဒေါ်ယဉ်ယဉ်မြင့် တို့၏ကျေးဇူးရှင် အဒေါ်/မိခင်ကြီးဖြစ်သူ ဒေါ်တင်ညွန့်၊ အသက်(၉၅)နှစ် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အိန္ဒိယနိုင်ငံဝေသာလီကုဋာဂါရဝိဟာရကျောင်းတော်ကြီးနှင့် အနန္တာသိမ်တော်ကြီး ကြီးကြပ်ရေးကော်မတီ**

## ဝမ်းနည်းကြေကွဲခြင်း

**အမျိုးသားစာပေ တစ်သက်တာစာပေဆုရ**

**စာရေးဆရာကြီးဦးအောင်သင်း အသက်(၈၈)နှစ်**

လေးစားမြတ်နိုးတန်ဖိုးထားအပ်ပါသော မူဆယ်မြို့ မော(ဝ်)နေခြည် စာပေဝိုင်း၏ ကျေးဇူးရှင်တစ်ဦးဖြစ်သူ ဆရာကြီးဦးအောင်သင်းသည် ၂၅-၁၀-၂၀၁၄ (စနေနေ့)တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မော(ဝ်)နေခြည်စာပေဝိုင်း**
**ညီအစ်ကိုမောင်နှမတစ်စု**
**မူဆယ်မြို့/ရှမ်းမြောက်**

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်ခင်စွမ်(ခ)ဒေါ်သင်းသင်းနွယ်**

**ကျော်-မိသားစု (အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)တိုက်ကြီးမြို့**

**၃၁-၁၀-၂၀၁၃ - ၃၁-၁၀-၂၀၁၄**

ထာဝရအမြဲမရှိသော သင်္ခါရနယ်ဘုံဘဝမှာ
တစ်ခဏတာဆုံတွေ့ခဲ့ရတဲ့၊
အနှိုင်းမဲ့မေတ္တာရှင် မားမား---
မားမားမရှိတဲ့ တစ်နှစ်တာကာလဟာ
သားသမီးတို့ရင်ထဲမှာ -အလွမ်းဆယ်ကမ္ဘာ။
စမ်းရေလည်းခမ်း-ပန်းလည်းနွမ်းခဲ့ပေမယ့်
ဝေတော့လည်းမွှေး-ကြွေလည်းမွှေးနေဆဲပါ။
မားမားမေတ္တာ-ပန်းနံ့သာ
နေ့စဉ်ပြုရ-ဒါနကုသိုလ်
ထိုထိုများစွာ-သတ္တဝါနှင့် မာတာမိခင်-ကျေးဇူးရှင်လည်း-ရမြဲရစေ၊
အမျှဝေသည်-မြင့်ရာဘဝ-ဘုံဌာနမှ
သာဓု-သာဓု-သာဓု ခေါ်ဆိုနိုင်ပါစေသော်----။

မားမားကိုချစ်သော -ပါးပါး-ဦးကျော်နိုင်
-သမီးကြီး-ဥမ္မာနိုင်(ခ)မီးမီး
-သားကြီး-ဝင်းနိုင်ဦး(ခ)နိုင်ဦး
-သမီးငယ်-ကျော်စွာမင်း-အေးအေးနိုင်
-သားငယ်-ဇော်မင်းနိုင်(ခ)ပုတိ

ခံစားရေးသားပေးပါသော ကိုကြီး -ဦးဝင်းမိုးကျော်(ပြည်ကျော်အေး)တိုင်းရင်းဆေးကုခန်း မိသားစုအား ထာဝရကျေးဇူးတင်စွာဖြင့်----

**ကျော်-မိသားစု**
**တိုက်ကြီးမြို့။**

## ဦးဝင်းဦး

**အသက်(၅၃)နှစ်**

**(ဒုလက်ထောက်၊ အကောက်ခွန်ဦးစီးမှူး)**

**(ဘောလုံး ဂိုးသမားဟောင်း)**

စစ်ကိုင်းမြို့နေ (ဦးကျော်ဦး)-ဒေါ်ခင်ညိုတို့၏သား၊ (ဦးရဲမြင့်)-ဒေါ်စန်းစန်းအေးတို့သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ တိုက်(၅)၊ အခန်း(၂၀၃)၊ အေ(၇)လမ်းနေ ဒေါ်သီသီအောင်၏ချစ်လှစွာသောခင်ပွန်း၊ မခင်သီရိဝင်း၊ မမြတ်မဥ္ဇူဝင်းတို့၏ ကျေးဇူးရှင်ဖခင်၊ ဦးဘုန်းနိုင်၏အစ်ကိုသည် ၂၈-၁၀-၂၀၁၄ (အင်္ဂါနေ့) နံနက်တွင် ရခိုင်ပြည်နယ်၊ တောင်ပြိုမြို့တွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၀-၂၀၁၄ (အင်္ဂါနေ့)တွင် မောင်တောမြို့၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ၃-၁၁-၂၀၁၄ (တနင်္လာနေ့) နံနက် ၆ နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါသောကြောင့် အေ(၇)လမ်း၊ တိုက်(၅)၊ အခန်း(၂၀၃) နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ မြေကွက်အမှတ်(၈၀၆)၊ မြေကွက်တည်နေရာအမှတ်(၈၀၆)၊ ရတနာပုံ(၁)လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးမြစ်)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးမြစ်(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ပု[၁၂/သကတ(နိုင်)၀၂၂၉၀၇]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၂၆၆၅၄/၂၀၁၄)ရသူ ဦးထွန်းမင်းဝင်း[၁၂/ဒဂတ(နိုင်)၀၀၅၀၂၂] ဒေါ်စိုးစိုးသိန်း[၁၂/အစန(နိုင်)၂၀၈၆၀၇]တို့မှ သေစာရင်းနှင့်ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်နိုင်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## (၉)လပြည့်လွမ်းဆွတ်သတိရခြင်း

**ဘုရား၊ သိမ်၊ ကျောင်းဒါယိကာမကြီး**

**ဒေါ်လှလှဦး**

**(အေးချမ်းတော်ဝင် မိခင်ကြီး)**

**အမေ. . .**

အဖေနှင့်သမီးများကို ထားသွားခဲ့တာ ဒီနေ့ဆို(၉)လပြည့်ပြီနော်။ အမေ့ရည်မှန်းချက်၊ အမေ့မျှော်လင့်ချက်ဖြစ်တဲ့ တည်းခိုခန်းကို ၁၈-၁၀-၂၀၁၄ရက်က ဖွင့်လှစ်လိုက်ပါပြီ။

အေးချမ်းတဲ့အမေ၊ နန်းဆန်တဲ့အမေ့ကို စံထားပြီး တည်းခိုခန်းအမည်ကို“အေးချမ်းတော်ဝင်”လို့ အမည်ပေးထားတယ်အမေ။ အမေ ရောက်ရာ ဘုံဌာနက ဝမ်းသာပီတိဖြစ်ပါစေ။

ရှာရင်မတွေ့၊ ကြာရင်မေ့ဆိုပေမယ့် အမေ့ရဲ့ပုံရိပ်တွေ အဖေနှင့် သမီးများ အကြားမှာ စုန်ချည်ဆန်ချည်ကူးခတ်သွားလာ သတိရနေဆဲပါအမေ. . .။အမေ့ကိုရည်စူးပြီး အဖေနှင့် သမီးများ နေ့စဉ်၊ လစဉ်ကုသိုလ်များ ပြုမြဲ၊ ပြုဆဲပါ။ အမေရောက်ရာဘုံဘဝက သာဓုခေါ်ဆိုနိုင်ပါစေ. . .

**အမေရေ. . . အမျှ အမျှ အမျှ**
**ချစ်ခင်ပွန်း ဦးပိုအေး(တရားလွှတ်တော်ရှေ့နေ)**
**နှင့်သမီးများ**

## အထူးကျေးဇူးတင်ရှိခြင်း

**ဦးမြင့်သိန်း**

**(တပ်ကုန်းမြို့နယ်ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန)**

**အသက်(၄၃)နှစ်**

၂-၁၀-၂၀၁၄(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားခဲ့သော ဦးမြင့်သိန်း (တပ်ကုန်းမြို့နယ်ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန)မကျန်းမာစဉ်က ကုသပေးသော နေပြည်တော်ရှိ အငြိမ်းစားဝန်ထမ်းခုတင်(၃၀၀)ဆံ့မှ ဆရာဝန်၊ ဆရာမများနှင့် ဆေးရုံမှ တာဝန်ရှိသူများအားလုံး၊ နေပြည်တော်ရှိ ငါးလုပ်ငန်းဦးစီးဌာနမှ အရာထမ်း/အမှုထမ်းများ၊ မိတ်ဆွေ/သူငယ်ချင်းများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများ အားလုံးကို လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါသည်။

**အစ်မ ဒေါ်လှလှဝင်းနှင့်**
**အစ်ကို/အစ်မများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)၏ဥက္ကဋ္ဌ(ဟောင်း)ဦးဖေတင်ဝင်း၏ဇနီး ဒေါ်ရှယ်လီဝင်းသည် ၉-၉-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**
**ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)**

## မီး သတိပြု

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်သန်းသန်းမြင့်**

**အသက်(၇၂)နှစ်**

**အထက်တန်းပြဆရာမ(ငြိမ်း)၊ အထက(၁)လသာ**

၁၉၆၅ခုနှစ်မှ ၁၉၈၅ခုနှစ်အထိ (စင်ထရယ်) အထက(၁)လသာ ကျောင်းသားဟောင်းများ၏ ကန်တော့ခံဆရာမ ဒေါ်သန်းသန်းမြင့် အသက် (၇၂)နှစ်သည် ၂၇-၁၀-၂၀၁၄(တနင်္လာနေ့) နံနက်၆း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၆၅ခုနှစ်မှ ၁၉၈၅ခုနှစ်အထိ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးဗိုလ်အေး(B.Ag)**

**အသက်(၇၁)နှစ်**

ဦးဗိုလ်အေး(မန်နေဂျာ M3 HOTEL ၂၆လမ်း၊ မန္တလေး)သည် ၁၈-၁၀-၂၀၁၄ရက်က ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ကြေကွဲဝမ်းနည်းရပါကြောင်း။

**၁၉၇၀ ဘွဲ့ရ B.Ag သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

ဦးချစ်ကိုကို(Sun လျှပ်စစ်)-ဒေါ်ဝင်းဝင်းမာ(92.civil ချောက်)၏ ချစ်လှစွာသော မိခင်ကြီး ဒေါ်ညိုမြ အသက်(၇၇)နှစ်သည် ၂၈-၁၀-၂၀၁၄ရက် နံနက် ၆နာရီတွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**92. civil ချောက်မိသားစု**

## (၁)လပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ဦးမြင့်သိန်း**

**(တပ်ကုန်းမြို့နယ်ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန)**

**အသက်(၄၃)နှစ်**

၂-၁၁-၂၀၁၄(တနင်္ဂနွေနေ့)နံနက် ၁၀း၃၀နာရီတွင် သံဃာတော်အရှင်သူမြတ်များပင့်ဖိတ်၍ လလည်ဆွမ်း တရားနာယူပြုလုပ်သည့် ကောင်းမှုကုသိုလ်များကို အမျှပေးဝေပါတယ်။ မြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေ။

မောင်လေးရေ အမျှ---အမျှ---အမျှ---

**အစ်မ ဒေါ်လှလှဝင်းနှင့် အစ်ကို/အစ်မများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒုရဲမှူး ခင်မောင်ထွန်း(Cadet-17)**

**အသက်(၅၆)နှစ်**

ရမည်းသင်းမြို့နယ် ရဲတပ်ဖွဲ့မှ ဒုရဲမှူးခင်မောင်ထွန်းသည်၂၄-၁၀-၂၀၁၄ရက်တွင် ရမည်းသင်းပြည်သူ့ဆေးရုံတွင် ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဒုရဲအုပ်လောင်းသင်တန်း အမှတ်စဉ်၁၇/၈၆**
**ကျောင်းဆင်းဖက်သူငယ်ချင်းများ**



# ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းတွင် အီးအာရ်အိုင်အေမှ ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ ဆွေးနွေး

**နေပြည်တော်　　အောက်တိုဘာ　　၃၀**

ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် အာဆီယံနှင့် အရှေ့အာရှ စီးပွားရေးသုတေသနဌာန (အီးအာရ်အိုင်အေ)အမှုဆောင် ဒါရိုက်တာ ပရော်ဖက်ဆာ ဟိဒဲတိုရှိ နိရှိမူရာနှင့် ဟားဗတ်တက္ကသိုလ်မှ တာဝန်ရှိသူများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

# ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးဖွင့်လှစ်ရန် ဆွေးနွေးလျက်ရှိ

"OHCHR နဲ့ ပူးပေါင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံမှာ နိုင်ငံရေးဆန္ဒရှိပြီး လက်တွေ့ဆောင်ရွက်မှုလည်း များစွာရှိပါတယ်။ ရုံးခွဲဖွင့်ဖို့ကိုလည်း နှစ်ဖက်အကြား ဆွေးနွေးမှုများ ဆက်လက်ရှိနေပြီး ရပ်စဲမှုလုံးဝမရှိပါဘူး။"

## နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန့်ကျော်နှင့်တွေ့ဆုံခြင်း

မြန်မာနိုင်ငံတွင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (OHCHR) ဖွင့်လှစ်ရန်ကိစ္စနှင့်ပတ်သက်၍ မြန်မာ့သတင်းစဉ်(သတင်းအဖွဲ့)က နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်အား မေးမြန်းခဲ့ရာ မေးမြန်း ဖြေကြားချက်များအား ပြန်လည်တင်ပြလိုက်ပါသည်။

**မေး။　　။ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (OHCHR) ကိုယ်စားလှယ်အဖွဲ့ နိုင်ငံခြားရေးဝန်ကြီးဌာနကို လာပြီး မြန်မာနိုင်ငံတွင် ၎င်းတို့ရုံးဖွင့်ဖို့ကိစ္စနဲ့ပတ်သက်တဲ့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးဖို့ ဆွေးနွေးနေတယ်လို့လည်းကြားရပါတယ်။ ရှင်းပြပေးစေလိုပါတယ်။**

ဖြေ။　　။ဟုတ်ပါတယ်။ မနေ့က အောက်တိုဘာ ၂၉ ရက်နေ့မှာ ဗန်ကောက်မှာရုံးစိုက်တဲ့ OHCHR အရှေ့တောင်အာရှဒေသဆိုင်ရာ ကိုယ်စားလှယ် Ms. Matilda Bogner နဲ့ ၎င်းရဲ့လက်ထောက်တို့လာတွေ့ဆုံပြီး နားလည်မှုစာချွန်လွှာကိစ္စဆွေးနွေးပါတယ်။ ၂၀၁၂ ခုနှစ်ကစပြီးတော့ ဒီကိစ္စအတွက် နှစ်ဖက်အကြားစတင်ထိတွေ့ ဆွေးနွေးခဲ့ပါတယ်။ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးလို့ခေါ်တဲ့ OHCHR ဟာ ၁၉၄၈ ခုနှစ် လူ့ အခွင့်အရေးကြေညာစာတမ်းပါ လူ့အခွင့်အရေးများကို မြှင့်တင်ကာကွယ်ရေးအတွက် ၁၉၉၃ ခုနှစ် ဒီဇင်ဘာလမှာ ကုလသမဂ္ဂအထွေထွေညီလာခံက ဖွဲ့စည်းပေးခဲ့တာဖြစ်ပါတယ်။ ဒီအဖွဲ့ဟာ ဂျီနီဗာမြို့မှာရှိတဲ့

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

## ယနေ့မာတိကာ


အကျိုးကြီးမားသောရေ

စာမျက်နှာ - ၂

သတင်းလွတ်လပ်ခွင့်နှင့် ဥပဒေ

စာမျက်နှာ - ၆

မဏ္ဍိုင်ကြီး(၃)ရပ် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းပြီး ညှိနှိုင်းဆောင်ရွက်မှုများ ထိရောက်စွာဆောင်ရွက်

စာမျက်နှာ - ၈


## Super Series Myanmar 2014-2015

# ပိုက်ကျော်ခြင်းပြိုင်ပွဲ စတင်

**နေပြည်တော်　　အောက်တိုဘာ　　၃၀**

မြန်မာနိုင်ငံက ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်(ISTAF) ၏ Super Series Myanmar 2014-2015 ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ စတင်ကျင်းပရာ မြန်မာ အမျိုးသား၊ အမျိုးသမီးအသင်းတို့ နိုင်ပွဲရရှိကြသည်။

အမျိုးသားအုပ်စုပွဲစဉ်များတွင် အင်ဒိုနီးရှားက တရုတ်ကို(၂၁-၁၁)(၂၁-၆)မှတ် ဖြင့်လည်းကောင်း၊ စင်ကာပူက ဂျပန်ကို(၂၂-၂၀) (၂၁-၁၇)မှတ် ဖြင့်လည်းကောင်း၊ မြန်မာက တရုတ်ကို(၂၁-၈) (၂၁-၁၀)မှတ် ဖြင့်လည်းကောင်း၊ မလေးရှားက ဂျပန်ကို(၂၁-၁၀) (၂၁-၁၆)မှတ် ဖြင့်လည်းကောင်း၊ ထိုင်းက အင်ဒိုနီးရှားကို(၂၁-၁၀) (၂၁-၁၄)မှတ် ဖြင့်လည်းကောင်း၊ အမျိုးသမီးအုပ်စုပွဲစဉ်တွင် မြန်မာက ဂျပန်ကို(၂၁-၈) (၂၁-၇)မှတ် ဖြင့်လည်းကောင်း**(ယာပုံ)** နှစ်ပွဲပြတ်စီဖြင့် အသီးသီးအနိုင်ရရှိကြသည်။

ဖွင့်ပွဲအခမ်းအနားကို မွန်းလွဲပိုင်းတွင် ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းနှင့် အပြည်ပြည်ဆိုင်ရာပိုက်ကျော်ခြင်းအဖွဲ့ချုပ်

**စာမျက်နှာ ၉ ကော်လံ ၅ သို့**



သတင်းနှင့် ဓာတ်ပုံ-ကိုကိုစိုးညွန့်









themirror.npt@gmail.com
www.facebook.com/themirrordaily

## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (၇/၂၀၁၄)

၁။ **မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား တင်ဒါခေါ်ယူလိုပါသည်-**

**မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်း**

(က) **ဓာတုဗေဒပစ္စည်းများ-** Hydrochloric Acid , Aluminium Trichloride, Aluminium Sulphate, Trichloroisocyanuric Acid

(ခ) **စက်နှင့်စက်အရန်ပစ္စည်းများ-** Mixer, Recycle m/c & Crusher m/c, P.C.B Variable Guide Vane Amplifier

**နိုင်ငံခြားငွေဖြင့် ဝယ်ယူခြင်း**

(က) **ဓာတုဗေဒပစ္စည်းများ-** Methyl Diethanolamine, Antifoaming Agent, Merox Catalyst Reagent No.1 (MCR-No(1) Molecular Sieving Carbon, Activated Alumina f200-E

(ခ) **စက်နှင့်စက်အရန်ပစ္စည်းများ-** Demineralized Water Pump with Motor, $CO_2$ Analyzer

၂။ **P.C.B Variable Guide Vane Amplifier အတွက်**

တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၃၀-၁၀-၂၀၁၄ ရက်

တင်ဒါပိတ်မည့်ရက်/အချိန် - ၇-၁၁-၂၀၁၄ ရက် (၁၂:၀၀) နာရီ

၃။ **Mixer, Recycle m/c & Crusher m/c, $CO_2$ Analyzer အတွက်**

တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၅-၁၁-၂၀၁၄ ရက်

တင်ဒါပိတ်မည့်ရက်/အချိန် - ၁၉-၁၁-၂၀၁၄ ရက် (၁၂:၀၀) နာရီ

၄။ **ကျန်ပစ္စည်းများအတွက်**

တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ၅-၁၁-၂၀၁၄ ရက်

တင်ဒါပိတ်မည့်ရက်/အချိန် - ၅-၁၂-၂၀၁၄ ရက် (၁၂:၀၀) နာရီ

၅။ **တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။**

**စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7F-4662 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန(ရွာသာကြီး)**

## ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
## နည်းပြရာထူးရေးဖြေ/လူတွေ့စာမေးပွဲစစ်ဆေးမည့်အစီအစဉ်ကြေညာခြင်း

| | | |
|---|---|---|
| ၁။ | စာမေးပွဲဝင်ခွင့်ကတ်ပြားထုတ်ပေးမည့်ရက် | - ၁၂-၁၁-၂၀၁၄ ရက် မှ ၁၃-၁၁-၂၀၁၄ ရက် (ရုံးချိန်အတွင်း) |
| ၂။ | ရေးဖြေဖြေဆိုရမည့်ရက် | - ၁၄-၁၁-၂၀၁၄ ရက် (သောကြာနေ့) |
| ၃။ | ဖြေဆိုမည့်ဘာသာ | - မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ |
| | မြန်မာစာ | - နံနက် ၈း၃၀ နာရီမှ ၁၀း၃၀ နာရီအထိ |
| | အင်္ဂလိပ်စာ | - နံနက် ၁၁း၃၀ နာရီမှ မွန်းလွဲ ၁း၃၀ နာရီအထိ |
| | အထွေထွေဗဟုသုတ | - မွန်းလွဲ ၂း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအထိ |
| ၄။ | ရေးဖြေဖြေဆိုရမည့်နေရာ | - ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် LRC ဆောင်၊ အခန်းအမှတ်-၁၀၃ |
| ၅။ | လူတွေ့/နှုတ်ဖြေဖြေဆိုခွင့်ရရှိသူ အမည်စာရင်းထုတ်ပြန်မည့်ရက် | - ၁၉-၁၁-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) |
| ၆။ | လူတွေ့/နှုတ်ဖြေစစ်ဆေးမည့်ရက် | - ၂၀-၁၁-၂၀၁၄ ရက် (ကြာသပတေးနေ့) |
| ၇။ | လူတွေ့/နှုတ်ဖြေစစ်ဆေးမည့်အချိန် | - ၈း၀၀ နာရီမှစ၍ |
| ၈။ | လူတွေ့/နှုတ်ဖြေစစ်ဆေးမည့်နေရာ | - ပင်မဆောင်အပေါ်ထပ် MB-9 |

**မော်ကွန်းထိန်း**
**(စာမေးပွဲနှင့်ဘွဲ့နှင်း)**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ ရေဘုတလင်-ကနီ-မင်းကင်း ၆၆ကေဗွီ၊ ဓာတ်အားလိုင်းအတွက် လိုအပ်သော (၁၂)မီတာ ကွန်ကရစ်ကျောက်တိုင်(၂၀၁၂)လုံးနှင့် (၁၅)မီတာကွန်ကရစ်ကျောက်တိုင် (၉၅)လုံးတို့အား မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် -၃၁-၁၀-၂၀၁၄ ရက်

တင်ဒါပိတ်မည့်ရက် -၁၄-၁၁-၂၀၁၄ ရက်

တင်ဒါပိတ်မည့်အချိန် -၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၈၂**

## ကြေညာချက်
## အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းရန်ဖိတ်ခေါ်ခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်မှ ကျင်းပပြုလုပ်မည့်(၁၄၄)ကြိမ်မှ (၁၅၁)ကြိမ်မြောက်အထိ ဘွဲ့နှင်းသဘင်အခမ်းအနားများတွင် (ခန်းမအတွင်း) ဓာတ်ပုံရိုက်ကူးရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်ဈေးနှုန်းလွှာ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်ဈေးနှုန်းလွှာတင်သွင်းရန် လျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ၃၁-၁၀-၂၀၁၄ရက် (သောကြာနေ့)တွင် တစ်စုံလျှင် ၁၀၀၀၀ (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် မော်ကွန်းထိန်း၊ စာမေးပွဲနှင့် ဘွဲ့နှင်းဌာန ရန်ကုန်အဝေးသင်တက္ကသိုလ်ထံတွင် သက်တမ်းရှိသော ဓာတ်ပုံလုပ်ငန်းလိုင်စင်မူရင်းနှင့် မိတ္တူတင်ပြ၍ ဝယ်ယူတင်သွင်းနိုင်ပါသည်။

၃။ အိတ်ဖွင့်ဈေးနှုန်းလွှာများကို ၄-၁၁-၂၀၁၄ ရက် (အင်္ဂါနေ့) ညနေ ၄း၀၀ နာရီထက်နောက်မကျစေဘဲ ပါမောက္ခချုပ်ရုံးခန်းရှိ အိတ်ဖွင့်တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရပါမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်အဝေးသင်တက္ကသိုလ် ဖုန်း(၅၃၇၃၆၂)သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဘွဲ့နှင်းသဘင်ဓာတ်ပုံလုပ်ငန်းတင်ဒါအဖွဲ့၊ ရန်ကုန်အဝေးသင်တက္ကသိုလ်**

## ပို့ဆောင်ရေးဝန်ကြီးဌာန
## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းတစ်မျိုးချင်းစီအတွက် ဈေးနှုန်းကမ်းလှမ်းလွှာများကို တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | တင်သွင်းရမည့်နေ့/အချိန် |
|---|---|---|
| (၁) | PTO Generator (200KVA) For M.V Hasdan | ၁၄-၁၁-၂၀၁၄(၁၃း၀၀)နာရီ |
| (၂) | 5 NM LED Solar Lantern | |
| (၃) | Foam Liquid နှင့် Spare Parts For Fire Fighting Vessel 'Natmin' and Tug Boat 'Haigyi' | |
| (၄) | Hammer Lock (CP Link VCL-7) (WLL 18 T) | |

၂။ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ဗဟိုပစ္စည်းထိန်းဌာန၊ ကမ်းနားလမ်း (ဗိုလ်တထောင်ဘုရား အနောက်ဘက်၊ ကွန်ကရစ်လမ်းသစ် Toll Gate အနီး) ဆိပ်ကမ်းမြို့နယ်တွင် ၃၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ရယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၁-၈၆၁၀၂၂၉၊ ၀၁-၈၆၁၀၂၃၁ နှင့် ၀၁-၈၆၁၀၂၃၂ တို့ကို စုံစမ်းနိုင်ပါသည်။ **ပစ္စည်းထိန်းချုပ်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**မွေးသက္ကရာဇ်အမှန်**

အဖ ဦးစံနှောင်း၏သမီး အထက၊ သာပေါင်း ဒသမတန်း(A)တွင် ပညာသင်ကြားနေသော မခင်လပြည့်ဝန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၁၀-၁၉၉၈ ဖြစ်ပါကြောင်း။ **မခင်လပြည့်ဝန်း**

# (၂၂-၁၀-၂၀၁၄)ရက်စွဲဖြင့် ကြေးမုံသတင်းစာပါ ဦးနိုင်ထွဋ်အောင်[၁၂/ကမရ(နိုင်)၁၁၈၇၆၅]၏ အသိပေးကြေညာချက်အား ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်း၊ အမှတ်(၁၃၇)နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာဟန်(ခ)ဝမ်ဒီ[၁၂/မရက (နိုင်)၁၀၁၆၄၁]၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပဲမှီကုန်းရပ်ကွက်၊ အောင်သစ္စာလမ်း၊ အမှတ်(၈၄/ခ)ဟုခေါ်တွင်သော ဘီမြေပိုင်-၃/ခ၊ မြေကွက်များဖြစ်သည့် (၁)ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၉၈၊ မြေကွက်အမှတ်-၈၄/ခ[၁၇]၊ ဧရိယာ(၁. ၀၅၇)ဧက၊ (၂)မြေကွက်အမှတ်-၈၄/ခ[၉]၊ ဧရိယာ(၀. ၂၉၀)ဧက၊ (၃)မြေကွက်အမှတ်-၈၄/ခ[၁၀]၊ ဧရိယာ(၁. ၇၃၁)တို့သည် ၂၀-၃-၂၀၁၃ရက်စွဲပါ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်- ၂၀၂၆/၂၀၁၃၊ ၂၀-၁၁-၂၀၁၂ရက်စွဲပါ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်-၁၀၉၆/၂၀၁၃၊ ၂၀-၃-၂၀၁၃ ရက်စွဲပါ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်-၂၀၃၀/၂၀၁၃စာချုပ်များအရ ကျွန်ုပ်၏မိတ်ဆွေမှ တရားဝင်အမည်ပေါက်ပိုင်ဆိုင်သော လက်ဝယ်ရရှိထားသည့် မြေဥပစာများဖြစ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ တရားဝင်အမည်ပေါက် လက်ရှိပိုင်ဆိုင်သော အထက်ပါမြေဥပစာများ၏ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများအားကြည့်ရှု၍ သက်ဆိုင်ရာတွင် စုံစမ်းအတည်ပြုကာ ဓာတ်ပုံမိတ္တူအထောက်အထားများရယူ၍ ဦးနိုင်ထွဋ်အောင်က အရောင်းတန်ဖိုးတစ်စိတ်တစ်ဒေသ ဖြစ်သော စရန်ငွေပေးချေပြီး ၂၂-၃-၂၀၁၄ရက်တွင် သဘောတူစာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါသည်။ ဦးနိုင်ထွဋ်အောင်၏ တောင်းဆိုချက်အရ ၂၂-၃-၂၀၁၄ရက်နေ့၏ နောက်ဆက်တွဲစာချုပ်ကို ၂၃-၅-၂၀၁၄ရက်တွင်လည်းကောင်း၊ ၁၅-၆-၂၀၁၄ရက်တွင် အစားထိုးသဘောတူစာချုပ်ကိုလည်းကောင်း ချုပ်ဆိုဆောင်ရွက်ထားကြပြီးဖြစ်ပါသည်။ စာချုပ်ပါသဘောတူညီချက်များအတိုင်း ကျွန်ုပ်မိတ်ဆွေသည် အရောင်းအဝယ်ပြီးမြောက်စေရန် (စဉ်ဆက်မပြတ်)ကြိုးပမ်းဆောင်ရွက်နေသည်ကို ဦးနိုင်ထွဋ်အောင်ကိုယ်တိုင်သိရှိပြီးဖြစ်ပါသည်။

၁၅-၆-၂၀၁၄ ရက် သဘောတူစာချုပ်တွင် အပြန်အလှန်ကတိများ ဆောင်ရွက်ရမည့်အစီအစဉ်ကို ပဋိညာဉ်တွင် အတိအလင်းသတ်မှတ်ထားပြီးဖြစ်ပါသည်။ ယင်းစာချုပ်၏အပိုဒ်(၄)၊ အပိုဒ်ခွဲ(၁)ပါ စည်းကမ်းချက်အရ ဦးနိုင်ထွဋ်အောင်က တတိယအရစ်အရောင်းတန်ဖိုးငွေကျပ်သိန်း-၉၀၀၀၀၀၀၀၀/-(ကျပ်သိန်းကိုးထောင်တိတိ)ကို ကျွန်ုပ်မိတ်ဆွေထံ ဆက်လက်ပေးချေရန်ဖြစ်သော်လည်း ပျက်ကွက်ခဲ့ပါသည်။ ၁၅-၆-၂၀၁၄ရက် စာချုပ်ပါအပိုဒ် (၈)စည်းကမ်းချက်အရ ဖော်ပြထားသည့်အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေကို သဘောတူ စည်းကမ်းချက်အတိုင်း ဆက်လက်ပေးချေရန် ဝယ်သူဘက်မှ ပျက်ကွက်ပါက ပေးချေထားသော တန်ဖိုးငွေကို ဆုံးရှုံးခံရမည်ဖြစ်ကြောင်း သဘောတူထားပြီးဖြစ်ပါသည်။ ဦးနိုင်ထွဋ်အောင်မှ ပျက်ကွက်မှုအတွက် ကျွန်ုပ်မိတ်ဆွေက စာချုပ်ပါကတိအတိုင်း အရေးယူဆောင်ရွက်ခြင်းကို စွန့်လွှတ်ပေးပါရန် ညှိနှိုင်းမေတ္တာရပ်ခံသင့်ပါလျက် ၂၂-၁၀-၂၀၁၄ရက်တွင် ကြေးမုံသတင်းစာ၌ ကြေညာချက် ထည့်သွင်းကြေညာခဲ့ပါသည်။

ထိုကြေညာချက်တွင် နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်တွင် ပါဝင်သက်ဆိုင်ခြင်းမရှိသော ဦးဉာဏ်အောင်စိုး ပါ(၄)ဦး (တတိယပုဂ္ဂိုလ်)၏ ဦးနိုင်ထွဋ်အောင်ထံသို့ ကန့်ကွက်အကြောင်းကြားသည်ဆိုသော အကြောင်းပြချက်ဖြင့် ၁၅-၆-၂၀၁၄ရက်စွဲပါ စာချုပ်၏ဆောင်ရွက်ရန်ပဋိညာဉ်ပါတာဝန်ကို ရှောင်လွှဲ၍ ရနိုင်မည်မဟုတ်ပါ။ ပဋိညာဉ်စာချုပ်အရ အပြန်အလှန်ကတိများကို ဆောင်ရွက်ကြရန်ရှိသည်တွင် ဦးနိုင်ထွဋ်အောင်ဘက်မှ စတင်ပျက်ကွက်ခဲ့သည့်အတွက် ကျွန်ုပ်မိတ်ဆွေဘက်မှလည်း စာချုပ်ပါကတိအတိုင်း ဆက်လက်ဆောင်ရွက်ရန် လိုအပ်မည်မဟုတ်ကြောင်းနှင့် ကျွန်ုပ်မိတ်ဆွေဘက်မှ ပျက်ကွက်ဘိသကဲ့သို့ ဂုဏ်သိက္ခာထိခိုက်စေရန် ၂၂-၁၀-၂၀၁၄ရက်စွဲဖြင့် ကြေးမုံသတင်းစာပါ ဦးနိုင်ထွဋ်အောင်၏ ကြေညာချက်မှာ မှန်ကန်မှုမရှိသဖြင့် ပြန်လည်ရုပ်သိမ်းပေးပါရန် ဦးနိုင်ထွဋ်အောင်နှင့်တကွ အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးကျော်စိန်ဝင်း(B.Sc,H.G.P,R.L,D.B.L,D.I.L)** **ဒေါ်သိန်းသိန်း(B.A,Law,LL.B)**

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၄၀)၊၅လွှာ၊သာခုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။
(ဂ) ၁-၁-၂၀၁၅ ရက်နေ့တွင် အသက် ၁၆ နှစ် ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၁-၁၀-၂၀၁၄ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၅-၁၂-၂၀၁၄ ရက်နေ့မှ ၁၃-၁၂-၂၀၁၄ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်။

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။
(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။
(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ် / တိုင်းဒေသကြီး / မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)။
(ဃ) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ (၃) ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ဌာနချုပ်များအစီအစဉ်ဖြင့် တပ်မတော်(ကြည်း) အမှတ်(၁)အရာခံနှင့် အကြပ်ကြီးသင်ကျောင်းသို့ ပို့ဆောင်ပေးမည်။၎င်းတွင် စစ်ဘက်ဆိုင်ရာ ဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ ရုံးလုပ်ငန်းဆိုင်ရာတို့အပြင် ကွန်ပျူတာနှင့် အင်္ဂလိပ်စာဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip.C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ(၂)နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် သတ်မှတ်ထားသော တပ်သားသစ်လစာ ၇၅၀၀၀ိ/-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ သတ်မှတ်ထားသော တပ်သားအခြေခံလစာ ၇၆၀၀၀ိ/-ကျပ်ကိုလည်းကောင်း ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း)အဖြစ် ခန့်အပ်ပေးမည်။[ ၎င်းအပြင် နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀ိ/-) ခံစားခွင့်ပြုသည်။]

၆။ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့် /အတန်း တိုးမြှင့်ရေးအတွက် ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ အောင်မြင်ပါက အောက်ပါအတိုင်း အဆင့် /အတန်းများ တိုးမြှင့်ရရှိနိုင်ပြီး ယှဉ်တွဲဖော်ပြပါ လစာ ၊ စရိတ်များ ရရှိမည်-

| အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | **M.H.R.A** | ပေါင်း |
|---|---|---|---|---|
| (က) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(တတိယတန်း) | ၉၄၀၀၀ | ၁၀၀၀ | ၅၀၀၀ | ၁၀၀၀၀၀ |
| (ခ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၉၄၀၀၀ | ၁၅၀၀ | ၅၀၀၀ | ၁၀၀၅၀၀ |
| (ဂ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)(ပထမတန်း) | ၉၄၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၀၁၀၀၀ |
| (ဃ) ဒုတိယအရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၁၀၆၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၁၃၀၀၀ |
| (င) အရာခံဗိုလ်(စာရေး/ကွန်ပျူတာ) | ၁၁၂၀၀၀ | ၂၀၀၀ | ၅၀၀၀ | ၁၁၉၀၀၀ |

**မှတ်ချက်။** (၁) နှစ်တိုးလစာကို ၂ နှစ်လျှင် ၁၀၀၀ိ/- နှုန်းဖြင့် ၅၀၀၀ိ/- အထိ ခံစားခွင့်ရှိသည်။
(၂) နိုင်ငံတော်မှခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး (၃၀၀၀၀ိ/-) ခံစားခွင့်ပြုသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

၈။ ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်မှုထမ်းသက် ၆ နှစ်ပြည့်ပြီးလျှင် သော်လည်းကောင်း၊ ဘွဲ့မရသေးသူများသည် စစ်မှုထမ်းသက် ၈ နှစ်ပြည့်ပြီးလျှင်သော်လည်းကောင်း ဗိုလ်လောင်းသင်တန်းသို့ လျှောက်ထားနိုင်သည်။

၉။ ထို့အပြင် ဘွဲ့ရရှိသူ တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ)များသည် စစ်သံစစ်မှုထမ်းစာရေးအဖြစ် စိစစ်ရွေးချယ်ခံရပါက နိုင်ငံခြားရှိ **မြန်မာစစ်သံ(ကြည်း ၊ ရေ ၊ လေ)ရုံးများတွင်** မိသားစုနှင့်အတူ သွားရောက်၍ အမှုထမ်းဆောင်နိုင်ခွင့်ရှိသည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

## ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ထရန်စဖော်မာအလှူရှင်များ ဖိတ်ခေါ်ခြင်း

ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီးတွင် လက်ရှိအသုံးပြုပူဇော်နေလျက်ရှိသော လျှပ်စစ်ဓာတ်အားပေးစနစ်မှာ ဓာတ်အားမပြည့်သဖြင့် အလင်းရောင် လုံလောက်စွာ မရရှိသည့်အပြင် လျှပ်စစ်အန္တရာယ်ကြောင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်စေခြင်း၊ လျှပ်စစ်ပစ္စည်းများ ပျက်စီးဆုံးရှုံးခြင်း စသည့်အခက်အခဲများဖြင့် တွေ့ကြုံနေရပါသည်။

သို့ဖြစ်ပါ၍ စေတီတော်ကြီးအား လုံလောက်သော အလင်းရောင်ဖြင့် ကြည်ညိုဖွယ်ရာ မီးပူဇော်နိုင်ရန် ၃၁၅-ကေဗွီအေ အော်တိုထရန်စဖော်မာ(၁)လုံးကို တပ်ဆင်ရန် စီစဉ်လျက်ရှိပါသည်။

၃၁၅-ကေဗွီအေ ထရန်စဖော်မာနှင့် ကေဘယ်ကြိုးများ သွယ်တန်းခြင်း ဆက်စပ်ပစ္စည်းများ အပါအဝင် ငွေကျပ်သိန်း (၃၆၀)ခန့် ကုန်ကျမည်ဖြစ်ရာ သဒ္ဓါကြည်လင် ပါရမီရှင်များအနေဖြင့် တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ မိမိတို့တတ်စွမ်းသမျှ ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဂေါပကအဖွဲ့ရုံး၊ ဖုန်းနံပါတ်-၆၆၀၀၀၂၊ ၆၆၅၄၂၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ဂေါပကအဖွဲ့**
**သီရိမင်္ဂလာကမ္ဘာအေးစေတီတော်**

## ကထိန်သင်္ကန်းဆက်ကပ်ပူဇော်လှူဒါန်းနိုင်ရန် နှိုးဆော်လွှာ

သီရိလင်္ကာနိုင်ငံရှိ ဗုဒ္ဓတက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော မြန်မာနိုင်ငံမှ စာသင်သား ရဟန်းသံဃာတော် အပါး(၁၀၀)ကျော်အား ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသောကြောင့် သဒ္ဒါတတ်အားသရွေ့ ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ပါရန် အသိပေး နှိုးဆော်အပ်ပါသည်။

ပါဝင်လှူဒါန်းလိုသော ကုသိုလ်ရှင်များအနေဖြင့် သင်္ကန်းတစ်စုံလျှင် နဝကမ္မ ၁၅၀၀၀ိ/-ကျပ် နှုန်း သတ်မှတ်ထားပြီး ၄-၁၁-၂၀၁၄ရက် နောက်ဆုံးထား၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရန်ကုန်ရုံးချုပ် - Ayarwaddy Legend Travels & Tours Co.,Ltd
အမှတ်(၁၀၄)၊ ၃၇လမ်း၊ (ကမ်းနားဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
Ph: 01-252007, 252008, 398304, 398303, 377697

မန္တလေးရုံးခွဲ - Ayarwaddy Legend Travels & Tours Co.,Ltd
အမှတ် (၇၆)၊ လမ်း၃၀၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။
Ph: 09-402694848, 09-8600218

## ဖိတ်ကြားလွှာ

**သူငယ်ချင်းတို့ရေ**

ရွှေရတု RIT (၁၉၆၄-၂၀၁၄) ရောက်ပြီမို့ ပျော်ပျော်ပါးပါး ပြန်လည်ဆုံတွေ့ကြပါစို့ ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၆၄နှင့် ၁၉၆၅)ပထမနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက်အာစရိယပူဇော်ပွဲကိုလည်း တစ်ပြိုင်တည်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် (ကျောင်းပြီးပြီး၊ မပြီးပြီး Intake တူ ကျောင်းသားဟောင်းများလည်း တက်ရောက်ကြပါရန်) လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**(ရန်ကုန်စက်မှုတက္ကသိုလ်မှ ကျောင်းတက်ဖော် မည်သည့်ခုနှစ်မဆို ကျောင်းသားဟောင်းများကိုလည်း ရွှေရတု RIT ပွဲ အမှတ်တရ အထူးဖိတ်ကြားအပ်ပါသည်။)**

**အစီအစဉ်**

ကျင်းပမည့်နေ့ရက် - ၂-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီ
ကျင်းပမည့်နေရာ - ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း)စုဝေးခန်းမ
ဆက်သွယ်လှူဒါန်းရန်- (၁) ဦးစိုးခိုင်(၀၉-၄၃၂၀၀၆၉၉)
(၂) ဦးခင်မောင်မောင်(၀၉-၇၃၁၁၇၇၆၁)
(၃) ဦးစိုင်းသိန်းမောင်(၀၉-၂၀၀၀၅၅၉)
(၄) ဒေါ်တင်မြင့်ဦး(၀၉-၅၀၁၄၈၂၀)
(၅) ဒေါ်လှဲ့လှဲ့ချစ်(၀၉-၄၂၀၃၇၄၆၅)
(၆) ဒေါ်မေခင်ညွန့် (Rosie) (၀၉-၇၃၁၁၂၆၈၇)
ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်/ 045-302-00702155901 (ဗိုလ်တထောင်ဘဏ်ခွဲ)

**အာစရိယပူဇော်ပွဲ ကျင်းပရေးကော်မတီ**


## ဘဝမှတ်တမ်း MEMOIRS
### ရမ္မာဝတီမောင်မောင်ကြီး



*ဖိတ်ကြားထားသူများ ကြွရောက်ကြပါ*

ရက်စွဲ ။ ။ နိုဝင်ဘာလ၊ ၈ ရက်၊ ၂၀၁၄ ခုနှစ်
အချိန် ။ ။ နေ့လည် ၂နာရီ မှ ၄နာရီထိ
နေရာ ။ ။ Home Media အမှတ် ၅၈/၆၀ မြေညီထပ်၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့

AK စာအုပ်ဆိုင်၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ ရသာကွန်ဒိုရှေ့၊ ရန်ကုန်မြို့။
Phone : 09 420287183

ထွက်ပြီ အင်းမှာရှိရမည်။

**SHINE AC-DC**
ဈေးညှိလျှပ်စစ်သင်တန်းများ
+ ဒိုင်နမို၊ မော်တာ၊ ထရန်စဖော်မာသင်တန်း
+ စက်ရုံ၊ အလုပ်ရုံ၊ နေအိမ်ဝါယာရိန်းသင်တန်း
+ မော်တော်ကား ဝါယာရိန်းသင်တန်း
+ ရေခဲသေတ္တာ၊ လေအေးပေးစက်သင်တန်း
၈/ဗိုလ်မင်းခေါင်လမ်း ဗိုလ်စိန်မှန်ရပ်ကွက် တာမွေမီးပွိုင့်အနီး
☎ ၀၁-၅၄၃၃၈၂ ၀၉၅၁ ၅၄၄၇၁

**STBG ခရီးသွားလုပ်ငန်း**
၀၉-၇၃၀၈၁၆၉၆၊ ၀၉-၂၅၄၂၅၄၉၉၇
ခရီးစဉ်အမျိုးမျိုး၊ မြို့တွင်း၊ မြို့ပြင် ကားမျိုးစုံ ငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်ပါသည်။


**ပျောက်ဆုံး**

ကျွန်တော် ဦးစိန်မြင့်[၁၂/မဂဒ(နိုင်)၀၁၁၉၃၂]၏ နိုင်ငံကူးလက်မှတ်အမှတ် MA - 525370 သည် ခရီးသွားရင်း ပျောက်ဆုံးနေကြောင်း ကြော်ငြာအပ်ပါသည်။ ပြန်လည်တွေ့ရှိပါက အကြောင်းကြားပါရန်။
Ph: 09-250492808


**မြေကွက်ဝယ်လိုသည်**
ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း
09 250644566
09 255781353
09 254046497

**ဦးမောင်မောင်အုန်းမြိုင်(ဆရာအုန်း)**
(၁) အင်္ဂလိပ် ↔ မြန်မာ ဘာသာပြန်လုပ်ငန်းဌာန
(၂) ဘာသာပြန်ဆိုနည်းသီးသန့်သင်တန်း
⇨ ၉၉ (အနော်ရထာလမ်း နှင့် ၃၈-လမ်းထောင့်)၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၄၃၀၅၄၈၁၅ နှင့် ၀၁-၃၈၉၃၃၉

m188 **"Text Marketing"** SMS
ယခု မြန်မာနိုင်ငံတွင် မိုဘိုင်းလ် (၇)သန်းကျော် ရှိနေပါပြီ...!!!
သင်၏ ဈေးကွက်ကို "SMS" ဖြင့်ချဲ့ထွင်ပါ...
Call : Sales & Marketing Department : 01-2399241

## Marketing ဘာသာရပ်ဖြင့်အောင်မြင်သော အနာဂတ်အခွင့်အလမ်းများကို ရယူလိုသော လူငယ်များအတွက် UK မှတိုက်ရိုက်ပေးအပ်သော Bachlor of Arts (Hons) Marketing Management ကိုပြည်တွင်းတွင်သင်ကြားရယူနိုင်

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ စီးပွားရေးလုပ်ငန်းများ၏ပြိုင်ဆိုင်မှုများမှာပိုမိုပြင်းထန်လာပါသည်။မိမိတို့ကုမ္ပဏီအတွက် Marketing Strategy များပိုမိုအသုံးပြုဖို့လည်းလိုအပ်လာပါသည်။ ထို့ကြောင့် ကုမ္ပဏီများအနေဖြင့်စားသုံးသူများအတွက်သူမတူသော Product, Service နှင့် Strategy များ တီထွင်ရာတွင် Strategic Marketing Strategy ၏ အခန်းကဏ္ဍတို့မှာအရေးပါလာသည်။ ထို့ကြောင့် Marketing ပညာရပ်များကိုသင်ယူထားသူများ၏ အနာဂတ်အလုပ်အကိုင်အခွင့်အလမ်းကောင်းများပိုမိုကျယ်ပြန့်လာပါသည်။

ထိုအခွင့်အလမ်းကောင်းများကိုဖြည့်ဆည်းပေးနိုင်ရန်အတွက် Myanmar Imperial College တွင် UK နိုင်ငံရှိ Northamptom University မှတိုက်ရိုက်ပေးအပ်သော Bachelor of Marketing Management Program ကိုဖွင့်လှစ်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါ Bachelor သည်အချိန်ကာလအားဖြင့် (၁)နှစ်မျှ ကြာမြင့်မည်ဖြစ်ပြီး သင်ကြားရာတွင် Northampton Universtiy မှ Professor များ၊ Local မှ Professor များ၊ စီးပွားရေးလုပ်ငန်းရှင်များက UK ပညာရေးစနစ်အတိုင်း သင်ကြားပေးသွားမည်ဖြစ်ပါသည်။ သင်ကြားရမည့် ဘာသာရပ်များမှာ Research Project, Advertising, Global Marketing, Business Communication, Principles of Marketing Management, Digital Marketing စသည်တို့ဖြစ်ပါသည်။ Campus Facility များ အနေဖြင့် WiFi free Access, Canteen, Library, Sport Club စသည်များ ပါဝင်ပြီးနိုင်ငံတကာအဆင့်မီတက္ကသိုလ်ကြီးများနည်းတူ Campus Life ကို အပြည့်အဝခံစားနိုင်ရန်စီစဉ်ထားပါသည်။

အဆိုပါ Bachelor Degree ကို နိုင်ငံတကာအသိအမှတ်ပြုစီးပွားရေးဆိုင်ရာ Diploma, Advance Diploma ရရှိထားသူများလျှောက်ထားနိုင်ပြီး October လထဲတွင်စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရပါသည်။ အသေးစိတ်သိရှိလိုသူများအနေဖြင့် Myanmar Imperial College အမှတ် (၆၂/C)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်းနံပါတ် ၀၉၇၃၂၁၀၀၀၁ နှင့် ၀၁၅၃၇၅၆၂ သို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်းသိရပါသည်။

**ကိုကျော်စိုး**
## မြေကြီး အပိုရှိသည်
ရန်ကုန်မြို့တွင်း မြေကြီး ကျင်း (၁)သိန်းအပိုရှိသည်။
စက်ရုံ၊ မြေကွက်မြေကြီးလိုအပ်သူများ ဆက်သွယ်နိုင်ပါသည်။
09-420010888, 09-30267777, 30279999, 09-8741886
မြေကြီးသယ်ရန် ကားများငှားလိုသည်။
ကားများငှားရန်ရှိလျှင် ဆက်သွယ်ပါ။


## အမွေစားအမွေခံသားအဖြစ်မှစွန့်လွှတ်ခြင်း

အဖ ဦးတင်စိန်(ကွယ်လွန်) အမိဒေါ်ခင်ခင်နွဲ့[၁၄/မအန(နိုင်)၀၁၀၆၅၂]တို့၏သားဖြစ်သူ ကိုအောင်ခိုင်ဇော်[၁၄/မအန(နိုင်)၀၁၄၀၇၅]ကိုင်ဆောင်သူသည် မိခင်ကြီးနှင့် အစ်မ၊ ညီမအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုမူနေပါသဖြင့် ယနေ့မှစ၍ သွာနုတ္တသားအဖြစ်သတ်မှတ်၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူမည်မဟုတ်ပါကြောင်း။ စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဒေါ်ခင်ခင်နွဲ့[၁၄/မအန(နိုင်)၀၁၀၆၅၂]**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ကဇောင်းကျေးရွာအုပ်စု၊ ရှောက်ချောင်းကျေးရွာနေ ဦးမြင့်အောင်[၁၄/လပတ(နိုင်)၀၉၆၆၅၄]-ဒေါ်အုံးမြင့်[၁၄/လပတ(နိုင်)၀၃၉၈၇၈]တို့၏သမီးဖြစ်သူ မထားထားဝင်း[၁၄/မမက(နိုင်)၁၆၆၁၇၈]သည် မိဘတို့၏ဆိုဆုံးမခြင်းကိုမနာခံဘဲ မိမိသဘောဆန္ဒအလျောက်အိမ်ပေါ်မှဆင်းသွားပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ ၎င်းအားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမျှ လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဖခင်-ဦးမြင့်အောင်[၁၄/လပတ(နိုင်)၀၉၆၆၅၄]**
**မိခင်-ဒေါ်အုံးမြင့် [၁၄/လပတ(နိုင်)၀၃၉၈၇၈]**

